The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .18, NO . 43 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 29, 2018

# ကုန်ကြမ်းအားပြု တင်ပို့မှုမှတစ်ဆင့် ကုန်ချောမြှင့်တင် တင်ပို့နိုင်စေဖို့

စာမျက်နှာ - ၁၈



## မြိတ်ကုန်သွယ်ရေးစခန်းတွင် ITCကတ် (တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်) Online အစီအစဉ်ဖြင့် ရယူနိုင်

စာမျက်နှာ - ၁၆

## ၂၀၁၉ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၈) ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၃









Sole Distributor

SHWE GANDAMAR International Trading Limited

No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.

Ph : 09 792990483 / 09 423735083 / 09 796302214

MADE IN ITALY

PEDROLLO ... the spring of life

အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး



## Uni Trade Yangon Limited

Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011

Fax-01-663524 Email: uamutm@myanmar.com.mm

# ပုသိမ်မြို့နယ်တွင် ဆန်ဈေးအနည်းငယ် မြင့်တက်နေ

ပုသိမ်မြို့နယ်ဆန်စပါးဈေးကွက်တွင် ဆန်ဈေးအနည်းငယ်မြင့်တက်လျက်ရှိပြီး ဧည့်မထအုပ်စုဝင် ရွှေသွယ်၊ မီးကောက်၊ မနောသုခ၊ မျိုးပွားနှင့် နွေသီးထပ်ရင်ဈေးများမှာ ထူးထူးခြားခြားပြောင်းလဲမှုမရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

စက်တင်ဘာလနောက်ဆုံးပတ်က ဧရာဝတီပေါ်ဆန်း၊ ငါးဆယ့်နှစ်ပေါင်ခွဲတင်း ၁၀၀ လျှင် ကျပ် ၁၅ သိန်းကျပ်ဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၅၃၀၀၀-၅၄၀၀၀ မှ ယခုစပါးဈေး ကျပ် ၁၆ သိန်း ဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၅၅၀၀၀-၅၆၀၀၀ ရှိခဲ့ရာမှ ပေါ်ဆန်းရင်စပါးငါးဆယ်နှစ်ပေါင်ခွဲတင်း (၁၀၀)လျှင် ကျပ် ၁၄ သိန်းဝန်းကျင်ရှိနေပြီး ဆန်တစ်အိတ်လျှင် ကျပ် ၅၁၀၀၀-၅၂၀၀၀ ရှိခဲ့ရာမှ ယခုစပါးဈေး ကျပ် ၁၅ သိန်း ဝန်းကျင်တွင် ဆန်ဈေးကျပ် ၅၃၀၀၀-၅၄၀၀၀ ဖြစ်သွားကြောင်း၊ စပါးတင်း (၁၀၀)လျှင် ကျပ်တစ်သိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်မှုရှိကြောင်း စက်ပိုင်ကုန်သည်အသိုင်းအဝိုင်းမှသိရသည်။



ပေါ်ဆန်းစပါးသည် လက်ကျန်ဈေးကွက်တွင်အလွန်နည်းပါးနေပြီး ယခုနှစ်ပေါ်ဆန်းစပါးဈေးမြင့်ကာ တောင်သူကြိုက်ဈေးရနေသဖြင့် ရောင်းချသူများကြောင်း၊ ယခုအချိန် စက်ပိုင်ကုန်သည် လက်ကြီးသမားများထံတွင် ဖောက်သည်များမှာယူလျှင် ရောင်းချရန် လှောင်ထားသော ပေါ်ဆန်းလက်ကျန်စပါးများသာရှိကြောင်း၊ ပုသိမ်မြို့နယ်တွင်းရှိကျေးရွာတောင်သူအချို့သည် မိုးကောက်စော စပါးအနည်းငယ်စတင်ရိတ်သိမ်းလျက်ရှိပြီး စပါးအခြောက်ခံစက်ရှိသော စက်ပိုင်မှလက်ရှိ အစိုခာတ်ပေါ်မူတည်ကာတောင်သူနှင့်ဈေးဖြတ်၍ပေါ်ဆန်းရင်နှင့်မိုးကောက်စောစပါးမှာ အနည်းငယ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း စက်ပိုင်ကုန်သည်ဈေးကွက်မှသိရသည်။ **မင်းမင်းဦး (ပုသိမ်)**

## မြန်မာ-တရုတ်နယ်စပ်မှ ဆန်ပိုမိုတင်ပို့

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၈၃ သန်း တန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၁၁၅၇၄ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၁၀၉၅၃ တန်နဲ့ ကောက်ညှင်းဆန် ၃၃ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၄၂၉ တန်ခန့်နဲ့ ငစိန်ဆန် တန်ချိန် ၁၅၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၉ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ ယခင်တစ်ပတ်က ဆန်တန်ချိန် ၆၃၉၀ တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၅၁၈၄ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၂ သန်း တန်ဖိုးရှိ ဆန်ကွဲ ၆၉တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ကတော့ လွယ်ဂျယ်မှဆန်ကွဲတင်ပို့မှုမရှိတာတွေ့ရပါတယ်။ ဆန်နဲ့ဆန်ကွဲမှာ ကုန်သွယ်ရေးစခန်းများရဲ့အဓိကပို့ကုန်များတွင်ပါဝင်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရဲ့နှစ်စပိုင်း အောက်တိုဘာ ၁၉ ရက်အထိ ဆန်တန်ချိန် ၂၁၈၃၀ နဲ့ ဆန်ကွဲ ၈၁၃ တန် တင်ပို့ထားကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## ကန်ကြီးထောင့်မြို့နယ်တွင် ဆန်စပါးမျိုးသန့်မျိုးစေ့ရယူ သုံးစွဲနိုင်မှုမြှင့်တင်ရေး ပြည်ပနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး တိုင်းစိုက်ပျိုးရေးဦးစီးဌာနသည် ဂျပန်နိုင်ငံစပါးမျိုးသန့်ရရှိရေး အကြံပေးအဖွဲ့ အရာရှိချုပ် မာစတာဖူဂျီအိ(JICA)အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် ဆန်စပါးမျိုးသန့်မျိုးစေ့ရယူသုံးစွဲနိုင်မှုမြှင့်တင်ရေး စီမံကိန်း တွေ့ဆုံဆွေးနွေးညှိနှိုင်းပွဲကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်က ကန်ကြီးထောင့်မြို့နယ် ကွင်းယားကျေးရွာ မျိုးစေ့ထုတ်စိုက်ခင်းတွင် ကျင်းပပြုလုပ်ရာစားသုံးသူရေးရာဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ပုသိမ်ခရိုင်ဦးစီးမှူး ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ တိုင်းဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း၊ ကန်ကြီးထောင့်မြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်ဆန်စက်ပိုင်ရှင်များ၊ မျိုးစေ့ထုတ်တောင်သူများနှင့် ဒေသခံ တောင်သူလယ်သမားများအား တွေ့ဆုံခဲ့ပါသည်။

ထွက်ရှိလာသောမျိုးသန့်စပါးများကို ဆန်စက်ပိုင်ရှင်များမှ ဝယ်ယူထားရှိပြီး စိုက်ပျိုးချိန်တောင်သူများအား ပြန်လည်ဖြန့်ဖြူးရောင်းချပေးခြင်း Contract Farming စနစ်ဖြင့် တောင်သူများနှင့် ပူးပေါင်းစိုက်ပျိုး၍ အရည်အသွေးမီဈေးနှုန်းပိုမိုရရှိနိုင်မည့်အထွက်နှုန်းကောင်းစပါးများ ထွက်ရှိလာမှာဖြစ်ပြီး ပြည်ပဈေးကွက်ပိုမိုရရှိစေရန် တောင်သူ၊ ကုန်သည်၊ စက်ပိုင်နှင့်နိုင်ငံတော်အတွက်ပါ ရေရှည်တွင်အကျိုးအမြတ်ပိုမိုရရှိလာမှာဖြစ်ကြောင်း စသည်တို့ကိုဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဧရာမြေ(ပသ)**

## ရေနံချောင်းမြို့နယ်တွင် ဆန်အရောင်းအဝယ်သွက်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဆန်ဈေးကွက်တွင် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးများမှ ဆန်များကို အဓိကတင်ပို့ရောင်းချသလို ပွင့်ဖြူမြို့နယ်ကဆန်များလည်း ရောင်းချကြရာမှ ယခုအခါဒေသထွက်ဆန်များကိုပါ ရောင်းချကြရာ ဝယ်ယူသူများလာကြောင်း သိရသည်။ "ရေနံချောင်းမြို့နယ်မှာ စပါး ကို ဘိုးစဉ်ဘောင်ဆက် ဒေသမျိုးများကိုသာ အဓိကစိုက်ကြတာပါ။ မျိုးကိုလည်း ပြောင်းလဲစိုက်တာမျိုးမရှိခဲ့ဘူး။ ဒါကြောင့် ဆန်ဈေးကွက်ကိုတော့ အနည်းအကျဉ်းပဲဝင်ပါတယ်။ ရန်ကုန်၊ ဇီးကုန်း၊ သဲကုန်း၊ ပြည်၊ အင်းမဒေသထွက် ဆန်များလို စားသုံးသူများက စားသုံးတာနည်းပါတယ်"ဟု ပွဲစားတစ်ဦးကပြောသည်။

ဒေသတွင်း၌ မိုးစပါး၊ ဆောင်း စပါး၊ နွေစပါးဟူ၍ ရာသီအလိုက် စိုက်နေကြောင်း၊ စပါးကိုလည်း ဒေသမျိုးများထက် အထွက်တိုးမည့်စပါးများကို စိုက်ပျိုးနေကြောင်း၊ ယခင်နှစ်ကတစ် မြို့နယ်လုံးတွင် မိုးစပါးဧက ၄၉၈ စိုက်ပျိုးကြောင်း၊ ယခုနှစ်မှာ စိုက်ဧက ၁၂၃၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ သိရသည်။ ဆန်ဈေးကွက်တွင် ဧရာမင်း အမျိုးအစား တစ်အိတ် ၂၄ ပြည်တွင် ကျပ် ၂၅၀၀၀ မှ ကျပ် ၂၈၀၀၀၊ ထိပ်စ တစ်အိတ်ကျပ်၃၅၀၀၀၊ မနောသုခဆန် ကျပ် ၂၇၀၀၀၊ ပေါ်ဆန်းမွှေးတစ်အိတ် ကျပ် ၅၀၀၀၀ မှ ကျပ် ၆၀၀၀၀၊ မနော်ပွင့်ဖြူဒေသထွက် ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ - ၃၅၀၀၀ရှိကြောင်းနှင့် ဆန်ဈေးအနည်းငယ်တက်နေကြောင်း သိရသည်။ **ရွှေဇင်(ရေနံချောင်း)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၆-၁၀-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၈ | ၃၉၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၈ | ၃၇၄ | ▽ | ၄၀၃ | ၄၀၈ | △ | ၃၇၆ | ၃၆၆ | ▽ | ၃၈၀ | ၃၇၈ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၆ | ၃၈၂ | ▽ | ၃၉၈ | ၄၀၃ | △ | - | - | - | ၃၇၅ | ၃၇၃ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၃ | ၃၇၉ | ▽ | ၃၉၃ | ၃၉၈ | △ | - | - | - | ၃၇၀ | ၃၆၈ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၀ | ၃၆၅ | ▽ | ၃၈၂ | ၃၈၅ | △ | ၃၄၉ | ၃၄၃ | ▽ | ၃၄၂ | ၃၃၈ | ▽ |
| ပေါင်းဆန် | ၄၁၀ | ၄၀၆ | ▽ | - | - | - | ၃၅၈ | ၃၅၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂၆-၁၀-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၇၁၀ | □ | ၂၇၀၀၀ | □ | ၁၁၃၆၀ | □ | ၄၈၀၀၀ | □ |
| ပဲခူး | ၆၆၅၀ | □ | ၂၇၀၀၀ | □ | ၁၄၀၀၀ | □ | ၅၃၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၂၆၀၀၀ | □ | ၁၇၀၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၅၀၀ | □ | ၂၈၅၀၀ | □ | ၁၃၀၀၀ | □ | ၅၆၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | □ | ၃၂၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၉၀၀၀ | △ | ၃၀၀၀၀ | □ | - | - | ၆၄၅၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၁၅၀၀ | □ | ၅၀၀၀၀ | □ |
| လွိုင်ကော် | ၈၉၄၆ | □ | ၄၂၀၀၀ | □ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၇၅၀၀ | □ | - | - | ၅၆၀၀၀ | △ |
| ဘားအံ | ၇၅၀၀ | □ | ၂၈၅၀၀ | □ | - | - | ၅၆၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၂-၁၀-၂၀၁၈ မှ ၂၆-၁၀-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 266 | 17,641,475.356 |
| 2 | Form D | 40 | 1,317,258.160 |
| 3 | Form E | 81 | 2,767,346.490 |
| 4 | Korea GSP | 4 | 80,746.280 |
| 5 | Form AK | 63 | 4,432,872.720 |
| 6 | Form AJ | 8 | 277,100.690 |
| 7 | Form AI | 17 | 1,048,212.400 |
| 8 | Form AANZ | 1 | 3,745.500 |
| 9 | Form DFTP | 2 | 327,902,400 |
| 10 | Form CHINA | 1 | 108,641,500 |
| Grand Total | | 483 | 28,005,301.496 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၁၀-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၉/၁၀ | ၂၆/၁၀ | ပြောင်းလဲမှု | ၁၉/၁၀ | ၂၆/၁၀ | ပြောင်းလဲမှု | ၁၉/၁၀ | ၂၆/၁၀ | ပြောင်းလဲမှု | ၁၉/၁၀ | ၂၆/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၄၁ | ၁၁၂၅ | ▲ | ၉၁၇ | ၁၁၆၇ | ▲ | ၉၂၅ | ၁၂၀၀ | ▲ | ၉၄၀ | ၉၄၀ | ■ |
| ပဲစင်းငုံ | ၇၇၆ | ၈၇၄ | ▲ | ၇၁၇ | ၇၅၈ | ▲ | ၆၇၅ | ၇၂၅ | ▲ | ၆၇၅ | ၇၃၅ | ▲ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၅၈၀ | ■ | ၁၇၇၈ | ၁၇၇၈ | ■ | ၁၆၀၅ | ၁၅၇၈ | ▼ | ၁၅၅၅ | ၁၆၀၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၂၀၀ | ၁၂၀၅ | ▼ | ၁၂၃၆ | ၁၁၀၄ | ▼ | ၁၂၀၀ | ၁၂၁၀ | ▼ |
| ပဲလွန်းဖြူ | ၁၁၀၀ | ၁၁၀၀ | ■ | ၁၃၆၇ | ၁၃၆၇ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၃၇၀ | ၁၃၇၀ | ■ |
| ထောပတ်ပဲ | ၂၆၀၅ | ၂၆၀၅ | ■ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၇၃၆ | ၂၇၃၆ | ■ | ၃၁၆၀ | ၃၁၆၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ပခုက္ကူ ကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ (အဟောင်း) ဈေးအနည်းငယ်ကျနေ

ယခုတစ်ပတ်တွင် ပဲစင်းငုံနီ(အဟောင်း)မှာ ဈေးအနည်းငယ် ကျလျက်ရှိပါသည်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၁၄၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၁၃၈၀၀ ဈေးဖြင့် အိတ် ၅၀ မှ ၁၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကုလားပဲဝါ HL မှာလည်း ဈေးအနည်းငယ်ကျနေပြီး တစ်တင်းလျှင် ကျပ် ၂၃၇၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူလုံးကြီး V2 မှာ တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဖူးစေ့ CP မှာ ယခင်တစ် ပတ်ထက် ဈေးအနည်းငယ်တက်ခဲ့ပြီး ယခင်ရက်များကတစ်တင်းလျှင် ကျပ် ၉၃၀၀ ကျပ်ရှိခဲ့ပြီး ယခုရက်ပိုင်းတွင် တစ်တင်းလျှင် ကျပ် ၁၀၁၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခုတစ်ပတ် မတ်ပဲတစ်တင်းလျှင် ကျပ် ၁၈၀၀၀ ပေါက်ဈေးဖြင့် အိတ် ၁၈ အိတ်မှ အိတ် ၃၀ ထိအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းညိုတစ်တင်းလျှင် ကျပ် ၄၇၂၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲတီစိမ်းသေးတစ်တင်းလျှင် ကျပ် ၂၉၀၀၀ မှ ၃၀၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ရေစကြို ကုန်စည်ဒိုင်တွင် မြေပဲဆန် အနည်းငယ်ဈေးတက်

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်နှင့် မတ်ပဲမှာဈေးအနည်းငယ် တက်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၇၀၀ မှ ၂၉၀၀၊ ကျွန်းမြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ မြေပဲဖြူလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ပေါက်ဈေးရှိပါတယ်။

ရေစကြိုကုန်စည်ဒိုင်တွင် မတ်ပဲဈေး အနည်းငယ်တက်လျက်ရှိပြီး အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၁၆၀၀၀ မှ ၁၉၁၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၅၀၀၀၊ ကုလားပဲဝါ တစ်တင်းလျှင် ကျပ် ၂၃၅၀၀-၂၄၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၂၂၅၀၀-၂၂၇၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ကုလားပဲဝါလုံးကြီးနှင့် ကုလားပဲဖြူလုံးကြီးမှာ ဈေးနှုန်းတူနေပြီး အရောင်းအဝယ်အားဖြင့် အနည်းငယ်သာဖြစ်ခဲ့ကြောင်းသိရပါတယ်။

ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၂၅၀၀၊ နှမ်းဖြူသန့် တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဈေးရှိကြောင်းရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်၊

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## တရုတ်နိုင်ငံသို့ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းစုံမှ အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၈၄ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၈၅၈၉ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ တန်ချိန် ၁၄၁၇၀ တန်ကျော်၊ လွယ်ဂျယ်မှ ၂၂၉၁ တန်၊ ချင်းရွှေဟော်မှ ၁၈၇၇ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၂၅၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါ စခန်းများမှ ပြောင်းဖူးစေ့ ၂၇၇၈၆ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ၉၁၉၆ တန်လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ရော ယခုတစ်ပတ်ပါ ပြောင်းတစ်တန်ဈေး ၃၃၄၀၈၆ ကျပ် ရှိကြောင်း ယခုတစ်ပတ် မူဆယ်သို့ ပြောင်းကား ၄၄၈ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၃၈၁ စီးလျော့နည်းခဲ့ကြောင်း၊ ယခုရက်သတ္တပတ်အတွင်း တစ်ဖက်နိုင်ငံတွင် ပြောင်းနဲ့ ဆန်ကားများ ဝင်ထွက်သွားလာမှုလျော့နည်းကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော၊ တန်ဖိုးပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၇၉ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၆၀၆ တန်ကျော် တင်ပို့ခဲ့ ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၁၉၉ တန်ကျော်နဲ့ နှိုင်းယဉ်ပါက ၄၀၇ တန် ပိုမိုပြီး တန်ဖိုးအားဖြင့်လည်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၆၀ သန်း ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်အတွင်း ငါးမျိုးစုံ၊ ငါးရှဉ့်၊ ငါးဆားနယ်၊ ငါးလေးခြောက်၊ ငါးပူတင်းရေခွံခြောက်နဲ့ ပုစွန်ဖွဲ့တင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့် ရေထွက်ကုန် တန်ချိန်ရော၊ တန်ဖိုးပါ ပိုမိုရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေနဲ့ အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း ကဏန်းတစ်တန်လျှင် ၆၆၆၆၇ ယွမ်၊ ငါးရှဉ့် တစ်တန်လျှင် ၄၀၀၀၀ ဈေးရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ဝဥအစို၊ ထိုင်းနိုင်ငံသို့ ဝဥခြောက်အမှုန့်တင်ပို့

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၉၆၉၅ တန်ဖိုးရှိ ဝဥအစို ၂၁၄ တန်ခွဲကို တရုတ်နိုင်ငံသို့ လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၅၁၈၀၀ တန်ဖိုးရှိ ဝဥခြောက် အမှုန့် ၂၈ တန်ကို ထိုင်းနိုင်ငံသို့ လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။

ယခုနှစ်တွင် ဝဥဈေးကွက် စတင်ဖွင့်လှစ်ချိန်တွင် ဝဥအစို တစ်ပိဿာလျှင် ကျပ် ၇၅၀ ဝန်းကျင်၊ ဝဥအခြောက် တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ဖြင့် ဈေးဖွင့်ခဲ့ကြောင်း၊ ချင်းတောင်ဒေသ၏ စိုက်ပျိုးသီးနှံများစွာတွင် ဝဥမှာ ငွေပေါ်သီးနှံဖြစ်ပြီး ဝဥဈေးကွက်ကို ဒီဇင်ဘာတွင် စတင်ကြောင်း၊ ဈေးကွက်တွင် ဝဥအစိုထက်အခြောက်မှာ ဈေးနှုန်းပိုမိုရရှိကြောင်း မင်းတပ်မှ ဝဥစိုက်တောင်သူတစ်ဦးထံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှ လျော့နည်းတင်ပို့



အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၇၁ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ တန်ချိန် ၃၂၆၀ ကျော် တင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၁၃၀၂ တန်၊ နှမ်းဖြူ ၁၀၁၆ တန်၊ နှမ်းညို ၈၅၉ တန်နဲ့ နှမ်းညို(အခွံချွတ်) ၈၂ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်း ၂၆၇၄ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၅၈၆ တန် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၂ သန်း တန်ဖိုးရှိ နှမ်းညို တန် ၈၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံ ၁၁၁ တန်နဲ့ နှိုင်းယှဉ်ပါက ၃၁ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၂၀၀၄၅၁၅ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၁၁၇၃၈၁ ကျပ်ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တွင် ကြောင်ပန်းစေ့များကို ယာမြေခြံစည်းရိုးများ၌ စိုက်ပျိုးကြရာ ယခုနှစ်စိုက်ပျိုးသူပိုများလာ

နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တွင် ကြောင်ပန်းစေ့များကို ယာမြေခြံစည်းရိုးများ၌ စိုက်ပျိုးကြရာ ယခုနှစ်စိုက်ပျိုးသူ ပိုများလာကြောင်း သိရသည်။

"ယခင်ကတော့ ချောင်းမြေတွေနဲ့ ရိုးခြောက်တွေမှာစိုက်ကြတာ ပါ။ အဓိက ဒါကိုစီးပွားရေးတစ်ခုအနေနဲ့ စိုက်တာတော့မဟုတ်ဘူး။ ဝင်ငွေရအောင်စိုက်တာ လွန်ခဲ့တဲ့သုံးနှစ်က ကြောင်ပန်းစေ့ တစ်ပိဿာ ကျပ် ၈၀၀ ပဲရှိတော့၊ စိတ်ဝင်စားမှုနည်းတာပေါ့။ ယခုတော့ ကြောင်ပန်းစေ့ တစ်ပိဿာ ကျပ် ၁၈၀၀ ဈေးပေါက်တယ်။ ဈေးကွက်မှာလည်း ဝယ်သူများတဲ့အတွက် ဈေးကောင်းတယ်။ ဒါကြောင့် စိုက်သူများနေတာပါ"ဟု ရေနံချောင်းမြို့နယ် ကျွန်းချောင်းကြီးကျေးရွာက တောင်သူတစ်ဦးကပြောသည်။

ကြောင်ပန်းပင်ကိုင်းကိုဓားနှင့်ခုတ်ဖြတ်၍ ရရှိသောကြောင်ပန်းသားကို နှစ်ပေပတ်လည် မြေကျင်းတူးပြီး မြေဩဇာများ ကျွေးပြီး ကြောင်ပန်းသားကို စိုက်ပျိုးနိုင်ကြောင်း၊ သုံးနှစ်မှငါးနှစ်အတွင်း မြေအမျိုးအစားအပေါ် မူတည်၍ အသီးကိုဆွတ်ခူးရောင်းချနိုင်ကြောင်းသိရသည်။

လက်ရှိကြောင်ပန်းစေ့ တစ်ပိဿာလျှင် ကျပ် ၁၆၀၀ မှကျပ် ၁၈၀၀ အတွင်း ရောင်းရပြီး ရေနံချောင်းမှပွဲစား များမှမန္တလေးသို့ တင်ပို့ကာ တရုတ်နိုင်ငံကို တင်ပို့ရောင်းချကြောင်းဒေသခံ ပွဲစားများထံမှ သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# ကုန်ကြမ်းအဆင့်နဲ့ရပ်တန့်နေသည့်နိုင်ငံလား

**ခွန်မင်းသန့် (မောဝ်ရှေလီကုန်သွယ်မှုဗဟိုဌာန)**



ကုန်ကြမ်းဟာ သိပ်ကိုအရေးကြီးပါတယ်။ ကုန်ကြမ်းမရှိဘဲနှင့် ကုန်ချော(တန်ဖိုးမြှင့်ထုတ်ကုန်)ဆိုတာ ဖြစ်မလာနိုင်ပါ။ ကုန်ကြမ်းရှိလျက်နှင့် လူသုံးကုန်၊ စားသောက်ကုန်၊ အခြား ကုန်ပစ္စည်းများအားလုံးကို အများဆုံးတင်သွင်း သုံးစွဲနေရသည့် နိုင်ငံမှာမိမိတို့နိုင်ငံဖြစ်ပါတယ်။ ကုန်ပစ္စည်းတစ်ခုကို နဂိုမူလပုံစံ (ကုန်ကြမ်း)မှ ပိုမိုကောင်းမွန် အရည်အသွေးရှိပြီး တန်ဖိုးရှိသောအဆင့်သို့ ရောက်ရှိစေရန်အတွက် နည်းပညာ အကူအညီဖြင့် အသွင်ကူးပြောင်းပြုလုပ်ခြင်းကို ကုန်ချော(တန်ဖိုးမြှင့်ထုတ်ကုန်)ပြုလုပ်ခြင်းဟုခေါ်ပါတယ်။ ဒါ့ကြောင့် ကုန်ကြမ်းကနေ ကုန်ချော(တန်ဖိုးမြှင့်ထုတ်ကုန်) ထုတ်လုပ်နိုင်ဖို့အတွက် အရေးကြီးဆုံးဘာတွေလိုအပ်ပါသလဲ?

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးကြီးဆုံးအခြေခံကျသည့်အချက်မှာနည်းပညာနှင့် စီမံခန့်ခွဲမှုဖြစ်တယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့် နည်းပညာမရှိလျှင် နည်းပညာရှိသည့် မြင့်မားသည့်နိုင်ငံများသို့ သွားရောက်လေ့လာပညာသင်ဝယ်ယူရမည်ဖြစ်ပါတယ်။ ဝေးဝေးမကြည့်ပါနဲ့၊ မိမိတို့ရဲ့အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံကိုကြည့်လိုက်ပါ။ တရုတ်နိုင်ငံသည် သဘာဝသယံဇာတ၊ ကုန်ကြမ်းစသည့် တန်ဖိုးရှိသည့် ကုန်ကြမ်းများထွက်ရှိနေသည့်နိုင်ငံမဟုတ်ပါ။ လူဦးရေချင်းနှိုင်းယှဉ်ကြည့်လိုက်ပါ။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ယူနန်ပြည်နယ်တစ်ခုတည်းတွင် လူဦးရေ ၄၅ သန်းကျော်ရှိပါတယ်။ မိမိတို့နိုင်ငံ၏လူဦးရေစုစုပေါင်းမှာ သန်း ၅၀ ကျော်သာရှိပါတယ်။ ယခုလိုလူဦးရေများပြားသည့် တရုတ်နိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက သဘာဝသယံ ဇာတပေါကြွယ်ဝလို့ ချမ်းသာလာသည့်နိုင်ငံ မဟုတ်ပါ။ တရုတ်နိုင်ငံ ကြွယ်ဝချမ်းသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာသည်မှာ နှစ်ပေါင်း ၃၀ ကျော်သာရှိပါသေးတယ်။ တန်ဖိုးရှိသည့် ကုန်ကြမ်းမရှိဘဲနှင့် တရုတ်နိုင်ငံဘာကြောင့် တိုးတက်လာရသလဲဆိုလျှင် အဓိက အရေးအကြီးဆုံးဖြစ်သည့် နည်းပညာ၊ စီမံခန့်ခွဲမှုတို့ကိုမှန်မှန်ကန်ကန်အကျိုးရှိရှိကောင်းစွာအသုံးချနိုင်မှုတို့ကြောင့်ဖြစ်ပါတယ်။ ယခုဆိုလျှင် တရုတ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ခန့်ညားထည်ဝါစွာအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နေပါပြီ။ အကောင်းဘက်ကတွေး ကြည့်လျှင် အတုယူအားကျဖို့ကောင်းပါတယ်။

မိမိတို့နိုင်ငံမှာကုန်ကြမ်းအဆင့်နှင့် ရပ်တည်နေသည့်နိုင်ငံဖြစ်နေပြီး ကုန်ချော(တန်ဖိုးမြှင့်ထုတ်ကုန်)ထုတ်လုပ်နိုင်ဖို့အတွက် နည်းပညာ၊ စီမံခန့်ခွဲမှု၊ Infrastructure(အခြေခံအဆောက်အဦ)များ လိုအပ်နေသည့်နိုင်ငံဖြစ်ပါတယ်။ အရာရာကို ပြည်ပမှဝယ်ယူတင်သွင်းအသုံးပြုနေရသည့် နိုင်ငံဖြစ်သဖြင့် ယခုချိန်လိုမျိုးဒေါ်လာဈေးအဆမတန် မြင့်တက်လာသည့်အချိန်တွင် ၎င်းရိုက်ခတ်မှုဒဏ်ကို အဓိကခံစားနေရပြီးပြည်သူများအတွက် ခက်ခဲသည့်အခြေအနေ ဖြစ်နေပါတယ်။ နိုင်ငံတစ်နိုင်ငံသည် မိမိတို့ငွေတန်ဖိုးကျဆင်းပြီး အခြားနိုင်ငံ၏ ငွေတန်ဖိုးမြင့်တက်နေခြင်းသည် ရေရှည်အတွက် ကောင်းသည့်အရာမဟုတ်ပါ။ ဘာ့ကြောင့်လဲဆိုတော့ မိမိတို့နိုင်ငံသည် ပို့ကုန်နှင့်သွင်းကုန်နှိုင်းယှဉ်ကြည့်လျှင် သွင်းကုန်နှင့်အများဆုံးရပ်တည်နေရသည့်နိုင်ငံဖြစ်သည့်အတွက်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံက တရုတ်နိုင်ငံ၏ယွမ်ငွေတန်ဖိုးကို အမြဲတမ်းမြှင့်ပေးဖို့ပြောနေရခြင်းမှာ တရုတ်နိုင်ငံသည် အဓိကပို့ကုန်အဖြစ်ရပ် တည်နေသောနိုင်ငံဖြစ်ပြီး ၎င်းတို့၏ယွမ်ငွေတန်ဖိုးချထားသည့်အတွက် ကုန်ပစ္စည်းချင်း နှိုင်းယှဉ်လျှင် ဈေးကွက်အသာစီးရနေသောကြောင့် ဖြစ်ပါတယ်။

ဒါ့ကြောင့် မိမိတို့နိုင်ငံသည် ကုန်ကြမ်းများကိုရောင်းချနေသည့်နိုင်ငံအဖြစ်မှ ကုန်ချော (တန်ဖိုးမြှင့်ထုတ်ကုန်) ထုတ်လုပ်နိုင်မှသာ ပြည်ပနိုင်ငံများကိုမှီခိုအားထားနေရသည့် ဒုက္ခမှ လွတ်မြောက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဆင့်သို့ရောက်ရှိလာနိုင်မည်ဖြစ်ပါတယ်။သို့ဖြစ်၍ကုန်ချော(တန်ဖိုးမြှင့်ထုတ်ကုန်)ထုတ်လုပ်နိုင်ဖို့အတွက် အစိုးရနှင့် ပြည်သူအတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်ကြဖို့သည် အရေးကြီးဆုံးအခြေခံကျသည့်အချက်ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာသဘာဝတရားက ပေးထားသည့်အဖိုးတန်ကုန်ကြမ်းများရှိနေလျက်နှင့် မြင်သာမြင်မကြင်ရဆိုသည့် စကားပုံလိုပင် ထွက်ရှိလာသမျှ ကုန်ကြမ်းအားလုံးနီးပါး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေရပါတယ်။ ဈေးကွက်အခြေအနေကို ကြည့်လိုက်လျှင်လည်း ခေါင်းမော့ရင်ကော့ပြီး ရောင်းချနိုင်သည့် ဈေးကွက်မဟုတ်သည့်အပြင် ရောင်းသူဈေးကွက်မဖြစ်ဘဲ ဝယ်သူဈေးကွက်ဖြစ်နေသည့်အတွက်မိမိတို့ရဲ့လုပ်ငန်းရှင်များအတွက် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါဘာ့ကြောင့်လဲဆိုလျှင် အိမ်နီးချင်းနိုင်ငံများ၏စီးပွားရေးဖွံ့ဖြိုး တိုးတက်နေမှုနှင့် ၎င်းနိုင်ငံများ၏ စီးပွားရေးလွှမ်းမိုးမှု(Influence) ကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်ရေရှည်မှာ ၎င်းနိုင်ငံများ၏ စီးပွားရေးလွှမ်းမိုးမှုများကိုတိုက်ထုတ်ပြီး ရုန်းထွက်ထိုးဖောက်နိုင်ရန်အတွက် ကုန်ချော(တန်ဖိုးမြှင့်ထုတ်ကုန်) ထုတ်လုပ်နိုင်ဖို့ အရေးသည် အရေးကြီးသည့် အခန်းကဏ္ဍအဖြစ် ပါဝင်နေပါတယ်။ သိလွယ်မြင်လွယ်သည့် ဥပမာတစ်ခုပြရမည်ဆိုလျှင် သစ်သီးဝလံကဏ္ဍကိုကြည့်လိုက်ပါ။ ဖရဲသီး၊ သခွားမွှေး၊ သရက်သီးစသည်ဖြင့် အသီးမျိုးစုံကို ပြည်တွင်းမှာစားသုံးနေသလို ပြည်ပသို့တင်ပို့ရောင်းချမှုများလည်းရှိနေပါတယ်။ ပြည်သို့တင်ပို့လို့ မရတော့သည့် အသီးများ၊ ရွေးကျန်များဖြစ်ပါက ပုပ်သိုးလာမည်ဆိုလျှင် မပုပ်သိုးခင် ဒီတိုင်းထားလိုက်ရမလား၊ ပစ်ထားလိုက်ရမလားစသည်ဖြင့် ဘာမှမလုပ်နိုင်ဘဲ ပျက်စီးဆုံးရှုံးပြီး စွန့်ပစ်လိုက်ရသည်ကများနေပါတယ်။ ၎င်းတို့ကိုဖျော်ရည်ပြုလုပ်ခြင်း၊ ယိုပြုလုပ်ခြင်း၊ အနှစ်ပြုလုပ်ခြင်းစသည်ဖြင့် ကုန်ချော(တန်ဖိုးမြှင့်ထုတ်ကုန်) ထုတ်လုပ်နိုင်မည်ဆိုပါက လေလွင့်ပျက်စီးဆုံးရှုံးမှုများ ပပျောက်သွားမည်ဖြစ်သလို ပြည်ပက တင်သွင်းလာသည့် ကုန်ပစ္စည်းများကို အဓိကဝယ်ယူသုံးစွဲနေရသည့် ဒုက္ခမှလွတ်မြောက်နိုင်မည်ဖြစ်ပြီး Made in Thailand၊ Made in China စသည့် အခြားနိုင်ငံထုတ်ကုန်ပစ္စည်းများကို မှီခိုအားထား ဝယ်ယူသုံးစွဲနေရာမှ Made in Myanmar ဆိုသည့်မိမိတို့နိုင်ငံထုတ်ကုန်ပစ္စည်းများကို စိတ်သန့်သန့်ရှင်းရှင်းဖြင့် ဂုဏ်ယူဝင့်ကြွားစွာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ပါတယ်။

ကုန်ချော(တန်ဖိုးမြှင့်ထုတ်ကုန်) ထုတ်လုပ်နိုင်ဖို့အတွက် အဓိကအရေးကြီးဆုံးမှာ တီထွင်ဖန်တီးခြင်း၊ ပေါင်းစပ်ပေးခြင်း၊ ခေတ်မီနည်းပညာနှင့် အထောက်အပံ့များလိုအပ်ခြင်းဖြစ်ပါတယ်။ ဒီအတွက် မရှိလျှင်ရှိအောင်လုပ်ရမည်။ မတတ်လျှင်တတ်အောင် သင်ရမည်။ များများလေ့လာများများသင်ယူလျှင် များများတတ်လာမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရ၊ ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အတူတကွပူးပေါင်းဆောင်ရွက်မှသာ ကုန်ကြမ်းများအဖြစ်မှ ကုန်ချော(တန်ဖိုးမြှင့်ထုတ်ကုန်) ထုတ်လုပ်နိုင်သည့် စက်ရုံများ မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ဆောက်လာနိုင်မည်ဖြစ်ပြီး ထိုသို့ စက်ရုံအများအပြား တည်ဆောက်နိုင်ခြင်းဖြင့် ဒေသအသီးသီးမှ မိမိတို့ ပြည်သူများ၏ လူနေမှု ဘဝကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်းများစွာဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒါမှသာမိမိတို့နိုင်ငံသည် ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းမှီခိုအားထားနေရသည့် နိုင်ငံအဖြစ်မှလွတ်မြောက်ပြီးကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည့် နိုင်ငံအဖြစ်သာမကအခြား နိုင်ငံများ နည်းတူကမ္ဘာ့အလယ်မှာ ခန့်ညားထည်ဝါစွာရပ်တည်နိုင်သည့်နိုင်ငံအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ပါကြောင်း။ ■

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉ .၁၀ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT PENYUAN | P'Oil(In Bulk) ၆၀၀၀ ချရန် |
| ထီးတန်းဆိပ်ကမ်း(၂) | - AS FRIDA | ကုန်သေတ္တာ ၅၆၇တင် ၅၀၃ ချရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - ALS SUZURAN | ကုန်သေတ္တာ ၃၅၀တင် ၂၁၀ ချရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BANDA | ကုန်သေတ္တာ ၆၅၀တင် ၃၈၆ချရန် |
| စက်မှုဆိပ်ကမ်း (၄) | - TOVE MAERSK | ကုန်သေတ္တာ ၆၀၇ တင်ရန် ၃၆၇ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၂) | - SEXTA | ဆန် ၁၂၇၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၇) | - MELPOMENI | ဆန်၁၈၅၀၀ တန်ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း(၃) | - YANTRABHUM | ကုန်သေတ္တာ ၂၁၀ တင် ၁၄၉ ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - RAINBOW IVY | Steel Product ၁၀၅၀၀ ကုန်ချရန် |
| PUMA JETTY | - MT PACIFIC JEWEL | Diesel Oil -Jetal ၂၃၄၈၄ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| LE HE | Container House ၂၁၁၅ ကုန်ချရန် | CHINA | ၂၆·၁၀·၂၀၁၈ |
| VINALINES SUNRISE | Steel Products ၃၀၀၀၀တန်ကုန်ချရန် | CHINA | ၂၇·၁၀·၂၀၁၈ |
| NORTHPOLE | Steel Plate ၁၅၃၀ တန်ကုန်တင်ရန် | JAPAN | ၂၇·၁၀·၂၀၁၈ |
| AMFITRITI | Steel Products ၂၅၂၁၄ တန်ကုန်ချရန် | CHINA | ၂၇·၁၀·၂၀၁၈ |
| MCP LINZ | Urea ၆၀၀၀ တန်ကုန်တင်ရန် | MALAYSIA | ၂၇·၁၀·၂၀၁၈ |
| TUG;BRANTAS1001; | ConcratePiles ၃၅၂၄ တန်ကုန်ချရန် | MALAYSIA | ၂၈·၁၀·၂၀၁၈ |
| BG SINGA BESAR2502 TUG;MARITIME | REPAIR AND MAINTENANCE FOR SMIT BORNEO | INDIA | ၃၁·၁၀·၂၀၁၈ |
| PUTRI SMIT BORNEO | Passenger Cruise Vessel Pax | COLOMBO | ၂·၁၁·၂၀၁၈ |
| MS SILVER MUSE | ၅၆၅ တန်ကုန်ချရန် | | |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၅·၁၀·၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆·၁၀·၂၀၁၈ |
| CTP FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၆·၁၀·၂၀၁၈ |
| SANGIO RGIO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇·၁၀·၂၀၁၈ |
| AS FIONA | SINGAPORE | စက်မှု/အလုံဆိပ်ကမ်း | ၂၇·၁၀·၂၀၁၈ |
| MCC SEOUL | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၈·၁၀·၂၀၁၈ |
| EF ELENA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈·၁၀·၂၀၁၈ |
| MCC MERGUI | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၉·၁၀·၂၀၁၈ |
| SEOUL OF LUCK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၁·၁၀·၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁·၁၀·၂၀၁၈ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁·၁၁·၂၀၁၈ |
| ANDAMAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂·၁၁·၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂·၁၁·၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂·၁၁·၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၃·၁၁·၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| \MT.PHUBAL PATTRA-2 | Diesel Oil | SINGAPORE | ၂၆·၁၀·၂၀၁၈ |
| MT.VERITY | Diesel Oil | SINGAPORE | ၂၆·၁၀·၂၀၁၈ |
| MT.YUDONG | Mogas (92 Ron)&Diesel Oil | SINGAPORE | ၂၈·၁၀·၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂၉·၁၀·၂၀၁၈ |
| MT.OCEAN WINTER | Diesel Oil | - | ၂၉·၁၀·၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၃၀·၁၀·၂၀၁၈ |
| MT.BABYLON | Diesel Oil | SINGAPORE | ၃၀·၁၀·၂၀၁၈ |

## ကျောက်ပန်းတောင်းမြို့နယ်တွင် နှမ်းနက်များ တရုတ်ဝယ်လက်အဝယ်လိုက်နေ

ရေနံချောင်းမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ ယာမြေများ၌ စမုံနက်နှမ်းကိုအဓိကနွေနှမ်းအဖြစ် စိုက်ပျိုးပြီး ယခုအခါ နှမ်းနက်ရိတ်သိမ်းနေကြသဖြင့် နှမ်းသစ်ပေါ်ချိန်ဖြစ်ကာ တရုတ်ဝယ်လိုအားရှိသဖြင့်ဈေးမြင့်နေကြောင်းသိရသည်။

ယခင်နှစ်ကတော့ နွေပဲအဖြစ် ပဲစင်းငုံပဲစိုက်ကြတာပါ။ ယခုတော့ နှမ်းစိုက်နေတယ်။ လက်ရှိကတော့ စမုံနက်နှမ်းတစ်တင်းကျပ်၇၀၀၀၀ ပေါက်ဈေးရှိတယ်။တွက်ခြေကိုက်တယ်”ဟု တောင်သူတစ်ဦးကပြောသည်။ အဆိုပါဒေသများတွင် နှစ်စဉ် မိုးရာသီဇွန်လတွင် နှမ်းကိုစိုက်ပျိုးကြပြီး နွေနှမ်းကို ယာမြေများတွင် စိုက်ပျိုးမှုမရှိကြောင်း၊ ယခင်က ပဲစင်းငုံကိုစိုက်ပျိုးကြပြီး ယခုနှစ် ပဲဈေးကျဆင်းမှုကြောင့်နွေနှမ်းကို အဓိကစိုက်နေကြောင်း သိရသည်။

“ဒီနှစ်ပြည်ပဝယ်လက်ရှိတော့ နှမ်းဈေးက နှမ်းဖြူတစ်တင်းကျပ် ၅၅၀၀၀၊ နှမ်းနက်ကျပ် ၅၅၀၀၀၊ စမုံနက်နှမ်း ကျပ် ၇၀၀၀၀ ဈေးရှိတယ်။ ယခင်နှစ်ကာလတူက နှမ်းဖြူတစ်တင်း ကျပ် ၄၀၀၀၀၊ စမုံနက် ကျပ် ၅၀၀၀၀ ဈေးရတယ်။ အခုတော့ လက်ကျန်နည်းတဲ့ အပြင်တရုတ်နိုင်ငံက ဝယ်ယူသဖြင့် ဈေးကောင်းရတာပါ”ဟုရေနံချောင်းမှ ပွဲစားတစ်ဦးက ပြောသည်။ **ရွှေဇင်**

## ကြက်သွန်

# ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့မှ ကြက်သွန်နီကို ရန်ကုန်သို့ တင်ပို့နေသဖြင့် ဆယ်ဘီးကားများ တွက်ခြေကိုက်နေ

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ် ကြက်သွန်ဈေးကွက်တွင်ကြက်သွန်နီကို ရန်ကုန်မြို့သို့ တင်ပို့ရကာ အရောင်းသွက်နေသဖြင့် ဆယ်ဘီးကားများ တွက်ခြေကိုက်နေကြောင်း ပွဲစားနှင့်ယာဉ်မောင်းသူများထံမှ သိရသည်။

“ယခုတစ်ပတ်မှာကြက်သွန်နီတွေအဝယ်သွက်တယ်။ ကျောက်ပန်းတောင်း၊ ပွင့်ဖြူ မကွေးဘက်ကလည်း ဝယ်တယ်။ ယခုတစ်ပတ်မှာ ဆယ်ဘီး ကားနှစ်စီးတင်ပို့တယ်။ နယ်ကြက်သွန်ဥကြီးရယ်မဟုတ်တော့ဘူး။ အမျိုးအစားစုံအောင် ရောင်းရတယ်။ ပြည်ကိုလည်းပို့တယ်။ ရခိုင်ကိုလည်းပို့တယ်”ဟု ပွဲစားတစ်ဦးက ပြောပါသည်။

ယခုတစ်ပတ် လက်လီဈေးမှာ ကြက်သွန်နီအကြီး တစ်ပိဿာ ကျပ် ၁၆၀၀၊ ကြက်သွန်နီအလတ် တစ်ပိဿာ ကျပ် ၁၄၀၀၊ အသေးအခွံချွတ် ကြက်သွန်နီတစ်ပိဿာ ကျပ်၁၀၀၀ ဈေးရနေပြီး ယခင်တစ်ပတ်ကထက် ကျပ် ၂၀၀-၃၀၀ဈေးတက်နေကြောင်း သိရသည်။

“ကြက်သွန်နီဈေးတက်လာတော့ ကားသမားတွေ အလုပ်ဖြစ်လာတယ်။ နယ်ကိုတော့ကုန်ချိန်တစ်ပိဿာ ကျပ် ၅၀ ကနေ ၇၀အထိ ရတယ်။ နယ်အနီးအဝေးပေါ် မူတည်ပြီး ဈေးရတယ်။ အသွားကြက်သွန်နီတင်ပြီး အပြန်ကိုတော့ ဆောက်လုပ်ရေးပစ္စည်း၊ မြေဩဇာ၊ ဆန်စသည့်ကုန်များရနေသဖြင့် အဆင်ပြေနေတယ်”ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## မန်ကျည်း

# သီတင်းနှစ်ပတ်အတွင်း မန်ကျည်းတန်ချိန် ၁၇၀ ကျော်တင်ပို့

အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၇ အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အတွင်းမှာတော့ မန်ကျည်းတင်ပို့မှု မရှိခဲ့ဘူးလို့ သိရပါတယ်။ သီတင်းနှစ်ပတ်အတွင်းမန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

# ရေနံချောင်းမြို့နယ်နှင့်နတ်မောက်မြို့နယ်ထွက် မန်ကျည်းမှည့်များအဝယ်အေးသော်လည်း ဈေးမြင့်နေ

ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်ထွက် မန်ကျည်းမှည့်များသည် အသစ်ပေါ်စ မတ်လမှာ တစ်ပိဿာ ကျပ် ၁၄၀၀ ရှိခဲ့ပြီး ဩဂုတ်လမှာတော့ တစ်ပိဿာကျပ် ၂၀၀၀ အထိ မြင့်လာကာ ယခုဈေးကွက်တွင် တစ်ပိဿာကျပ်၃၀၀၀ ဖြင့် ရောင်းနေရကြောင်း၊ ပွဲစားတွေထံမှာ လက်ကျန်နည်းလာတဲ့အတွက် ဈေးမြင့်နေကြောင်း မန်ကျည်းမှည့်ပွဲစားတစ်ဦးထံမှ သိရသည်။

“ကျွန်မတို့ပွဲရုံဈေးကတော့ မန်ကျည်းမှည့်တစ်ပိဿာ ကျပ်၂၇၀၀ နဲ့ ဝယ်ရတယ်။ ရောင်းတော့ ကျပ် ၃၂၀၀နဲ့ရောင်းတယ်။ ယခင်နှစ်က မန်းကျည်းမှည့်အဟောင်းမရှိတော့ အသစ်ပေါ်ပြီး နောက်ပိုင်း ဈေးဆက်မြင့်နေတယ်။ ဝယ်ချင်တိုင်းလည်း မရဘူး”ဟု လက်လီရောင်းသူ မသန်းဝင်းက ပြောသည်။

ရေနံချောင်းမြို့နယ်တွင် မန်ကျည်းမှည့်သည် နှစ်စဉ် ဖေဖော်ဝါရီလနှင့် မတ်လများတွင် အသစ်ပေါ်ပြီး ပွဲစားများနှင့် ယိုစုံလုပ်ငန်းများက ဝယ်ယူ၍ သိုလှောင်ကြရာ ယခုနှစ်တွင် ယခင်နှစ်ကာလတူထက် ဈေးမြင့်နေကြောင်းသိရသည်။

**ရွှေဇင်**

## ပြောင်း

# တိရစ္ဆာန်အစာဈေးကွက်အတွက်အဓိကဖြစ်သော အစေ့ထုတ်ပြောင်းဈေးတက်နေ

မွေးမြူရေးဈေးကွက်အောင်မြင်ရေးအတွက် ရာသီဥတုနှင့်ကိုက်ညီသော တိရစ္ဆာန် အမျိုးအစား၊ အရည်အသွေးကောင်းမွန်သောထွက်ကုန်များသည် အရေးပါလှပါတယ်။ ခြံလှောင်မွေးသည့်တိရစ္ဆာန်များအနေဖြင့် အစာရှာဖွေစရာမလိုဘဲ အစာ၊ ဆေး၊ ရေတို့အား အချိန်မှန် လုံလောက်အောင်ကျွေးမွေးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင် နိုင်ကြောင်း သိရပါတယ်။ ယခင်က မိမိခြံထွက် လယ်ယာထွက်ကုန်သီးနှံပစ္စည်းများကိုသာ မွေးမြူရေးအစာအဖြစ်သုံးစွဲနေကြရာမှ ကြီးထွားနှုန်း၊ ဥထွက်နှုန်းတို့သည် အစာအာဟာရနဲ့တိုက်ရိုက်ဆက်စပ်နေသည့်အတွက် အဆင့်မြင့်တင်မွေးမြူမှုများ ပြုလုပ်လာကြပါတယ်။ တိရစ္ဆာန်အစာရောစပ်ရန်အတွက် လိုအပ်သော အသားဓာတ်၊ အာဟာရဓာတ်နှင့်ဗီတာမင်အပြည့်အစုံအချိုးညီ ပါဝင်ရမည်ဖြစ်ရာ အစာစပ်စက်ရုံကုမ္ပဏီများမှ ရောစပ်ပြီးဖြစ်သော Concentrate ဟုခေါ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲရောပြီး အစာမှုန့်များကို မှာယူသုံးစွဲကြောင်း၊ ၁၅ ပိဿာဝင်တစ်အိတ်ကို ကြက်ကြီးစာအတွက် ကျပ်၂၁၀၀၀၊ ကြက်ငယ် စာအတွက် ကျပ်၂၃၀၀၀ ဖြစ်ပြီး အစာတောင့်ကပိုဈေးမြင့်ကာ ကျပ် ၂၇၈၀၀ ဖြစ်ကြောင်း ဥစားကြက် မွေးမြူသူတစ်ဦးက ပြောပါတယ်။ အစာတောင့် ကျွေးခြင်းဖြင့် အစာစားသုံးမှုမြင့်တက်စေခြင်း၊ အစာလေလွင့်မှုလျော့ကျစေခြင်း၊ အစာမှုန့်ထက် စားရတာလွယ်ကူပြီး ဗီတာမင်များလျင်မြန်စွာ ပျက်စီးမှုနည်းပါးခြင်း စသည့် အကျိုးကျေးဇူးများရရှိစေပေမယ့် ဈေးမြင့်၍ ကုန်ကျစရိတ်ပိုမိုစေပါတယ်။

ယခုနှစ်အစာဈေးနှုန်းများသည် ယခင်နှစ်ကထက် တစ်ပိဿာလျှင် ကျပ် ၂၀၀ ခန့်ဈေးတက်သွားကြောင်း သိရပါတယ်။ တိရစ္ဆာန်အစာအဖြစ် ပြောင်း၊ ဆန်ကွဲ၊ ဖွဲနု၊ ပုစွန်မှုန့်၊ ပဲဖတ်၊ နှမ်းဖတ်တို့အနက် ပြောင်းဖူးစေ့သည် အဓိကအများဆုံးထည့်သွင်းရခြင်းဖြစ်ရာ အစာဈေးနှုန်းအတက်အကျသည် ပြောင်းဈေးနှုန်းအပေါ် အဓိကတည်မှီနေပါသည်။ လက်ရှိပြောင်းဖူးစေ့ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၁၀၅၀၀ ဖြစ်၍ ယခင်နှစ်ထက် ကျပ် ၁၅၀၀ ဈေးတက်ပြီး ဆန်ပြောင်းက ကျပ် ၁၉၀၀၀၊ ပြောင်းနီက ကျပ် ၁၅၀၀၀ ဖြစ်၍ ယခင်နှစ်ထက် ကျပ် ၃၀၀၀ စီ ဈေးတက်ခဲ့ကြောင်း တွေ့ရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် အစေ့ထုတ်ပြောင်းကို နှစ်စဉ်ဧက ၁သိန်း၇သောင်းကျော်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်မိုးရာသီမှာ ဧက ၁သိန်း၂သောင်း စိုက်ပျိုးပြီးကြောင်း၊ ကန့်ဘလူခရိုင်မှာ အများဆုံး စိုက်ပျိုးထုတ်လုပ်ကြောင်း သိရပါတယ်။ မိုးစိုက်ပြောင်းဖူးစေ့များ စတင်ထွက်ပေါ်နေပြီဖြစ်ကာ တစ်ပိဿာလျှင် ကျပ် ၅၂၀ ဈေးရှိကြောင်း သိရပါတယ်။

**ရီလင်းထွဋ်(မုံရွာ)**

## ချင်း

# ရှမ်းချင်းဈေးအေးပြီး အဝင်များနေ

**အောင်ပန်းဈေးကွက်မှာတော့** ချင်းဈေးက အနည်းငယ်အေးလာပါတယ်။ ဩဂုတ်လနဲ့ စက်တင်ဘာပထမပတ်အထိ ပြည်ပဝယ်လက်တွေ အဝယ်လိုက်နေလို့ ချင်းဈေးက ကျပ် ၁၄၀၀ အထိ ဈေးမြင့်တက်လာပြီး စက်တင်ဘာ ဒုတိယပတ်မှစပြီး အဝယ်ပြန်အေးသွားပါတယ်။ သီတင်းကျွတ်နားနီးလာလို့ အလှူအတန်းပြုလုပ်ဖို့အတွက် ငွေလိုတဲ့တောင်သူတွေက ထုတ်ရောင်းလာကြသလို ပြည်ပဝယ်လိုအားကလည်း နည်းသွားတာကြောင့် ဈေးကွက်မှာ ချင်းအဝင် များလာပါတယ်။ အရင်လတွေကလောက်အစုလိုက်/အပုံလိုက် ရောင်းရတာမျိုးမရှိပေမယ့် ပြည်တွင်းသုံးအတွက် ဝယ်ယူမှုရှိနေတာကြောင့် ပုံမှန်တော့ရောင်းနေရတယ်လို့သိရပါတယ်။

**ဟိုပုံးဈေးကွက်မှာတော့** ချင်း(စို)ကပစ္စည်းလက်ကျန်မရှိတော့ပါဘူး။ ချင်းတက်(သစ်)တွေကတော့ သီတင်းကျွတ်ပြီးမှသာ ဈေးကွက်ကိုဝင်လာမှာဖြစ်ပါတယ်။ ဟိုပုံးချင်းက အောင်ပန်းချင်းတွေထက် အစိုက်နည်းပြီး အထွက်လည်းနည်းပါတယ်။ ချင်း(ဥမ)ကတော့ တစ်ပိဿာကို ကျပ် ၁၃၀၀ နဲ့ ဈေးပိတ်သွားပါတယ်။ ချင်းစိုကဈေးကောင်းနေတော့ (အစို)အတိုင်းသာရောင်းပြီး ချင်း(ခြောက်)ပြုလုပ်မှုမရှိတာကြောင့် ချင်းခြောက်ကလည်း ပစ္စည်းလက်ကျန်နည်းလာပြီလို့ သိရပါတယ်။

ဟိုပုံးချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၁၁၀၀ နဲ့ ဈေးပိတ်သွားတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်က ချင်း(စို)ကိုတော့ တစ်လအတွင်းမှာ ပိဿာချိန်ပေါင်း ၁၁ ဒသမ ၄ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်ချင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ကျပ် ၅၀၀ မှ အမြင့်ဆုံး ကျပ် ၁၃၅၀ ဈေးရှိတယ်လို့အောင်ပန်းချင်းပွဲရုံတွေထံက သိရှိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

# သီတင်းနှစ်ပတ်အတွင်း ချင်း ၇၈ တန်တင်ပို့

အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၇၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၇ အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အတွင်း သီတင်းပတ်မှာ ချင်း၁၂၄ တန်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်မှာချင်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၅၀ ဝန်းကျင်ရရှိခဲ့ပြီး ယခုနှစ်မှာတော့ ချင်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၂၀ ဝန်းကျင် ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

# အရောင်းအဝယ်ဖြစ်နေတဲ့ ရှမ်းနနွင်း

**ဒီတစ်ပတ်မှာတော့ ဟိုပုံးဈေးကွက်မှာ** ရှမ်းနနွင်းက အရောင်းအဝယ်ဖြစ်လာပါတယ်။ ရန်ကုန်ဝယ်လက်တွေကပဲ ဝယ်ယူနေတယ်လို့သိရပါတယ်။ လက်ကျန်နနွင်းကိုသာ ရောင်းနေရပြီး နနွင်းအသစ်ကတော့ ၂၀၁၉ တစ်လပိုင်း၊ နှစ်လပိုင်းခန့်မှသာ ဈေးကွက်ကိုစပြီးဝင်လာတော့မှာ ဖြစ်ပါတယ်။ သီတင်းကျွတ်ပွဲတော်အမီ တောင်သူတွေကလည်း လက်ကျန်ရှိနေတဲ့နနွင်းတွေကို ထုတ်ရောင်းလာသလို ဝယ်လက်တွေကလည်း ဝယ်ယူလျက်ရှိတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်အတော်ဖြစ်ခဲ့ပါတယ်။ တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း တစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ ဒီတစ်ပတ်ဟိုပုံးနနွင်းပေါက်ဈေးက တစ်ပိဿာကို အနိမ့်ဆုံး ကျပ် ၉၅၀ မှ အမြင့်ဆုံး ကျပ် ၁၈၀၀ ရှိပါတယ်။

**အောင်ပန်းဈေးကွက်မှာတော့** နနွင်းအရောင်းအဝယ်ကတော့ အရင်တစ်ပတ်ကထက်ကောင်းလာပါတယ်။ပုံမှန်ဝယ်ယူနေကျဖောက်သည်တွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ပြည်စတဲ့မြို့တွေကသာ ဝယ်ယူနေပါတယ်။ တစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန်ပေါင်း ၁ ဒသမ ၃ သိန်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာ အနိမ့်ဆုံး ကျပ် ၉၀၀ မှ အမြင့်ဆုံး ကျပ် ၂၂၀၀ ရှိကြောင်းသိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

# သီတင်းနှစ်ပတ်အတွင်း နနွင်းတန်ချိန် ၂၀၀ကျော်တင်ပို့

အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက် သီတင်းပတ်အတွင်း နနွင်း ၂၀၄တန် ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ ပါကစ္စတန်၊ အိန္ဒိယနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဖြစ်ပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၇ အောက်တိုဘာ ၁ရက်မှ ၁၄ ရက်အတွင်းမှာတော့ နနွင်း ၂၈၂ တန်တင်ပို့နိုင်ခဲ့တာကြောင့် ဒီနှစ်မှာ တန်ချိန် ၇၀ကျော် တင်ပို့မှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။ ယခင်နှစ်က နနွင်းတစ်တန် အမေရိကန်ဒေါ်လာ ၇၂၀ ရရှိခဲ့ပြီး ယခုနှစ်မှာတော့ နနွင်းတစ်တန်ကို အမေရိကန်ဒေါ်လာ ၆၉၀ သာရရှိခဲ့ပါတယ်။

**သီတာဝင်း**(DOT)

# ကုန်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့လျက်ရှိသော အာဆီယံ

**သိန်းမြင့်ဝေ**

### သော့ချက်ကျသောမောင်းနှင်အား

ကုန်သွယ်မှုသည် အာဆီယံစီးပွားရေးတိုးတက်မှုအတွက် သော့ချက်ကျသော မောင်းနှင်အား (Key driver) ဖြစ်သည်။ ထို့ပြင် ကုန်သွယ်မှုသည် ပိုမိုနက်ရှိုင်းသည့်ဒေသဆိုင်ရာ ပေါင်းစည်းမှုအတွက်လည်း အခရာကျပါသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အကောက်ခွန်လျှော့ချခြင်းသို့မဟုတ် ဖယ်ရှားခြင်းအားဖြင့် ကုန်သွယ်မှုစရိတ်များ (Trade costs) ကို သိသိသာသာလျှော့ချနိုင်ခဲ့သည်။ အာဆီယံသည် အရှေ့တောင်အာရှဒေသအတွင်း အကောက်ခွန်အားလုံး၏ ၉၈ ဒသမ ၆၄ ရာခိုင်နှုန်းကိုကောင်းမွန်စွာ ဖယ်ရှားခဲ့ပြီးဖြစ်သည်။ ထိုမျှသာမက ကုန်သွယ်မှု စရိတ်သက်သာရေးအတွက် အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုအဟန့်အတားများကိုလည်း ဆက်လက်လျှော့ချသွားမည်ဖြစ်သည်။

အကောက်ခွန်မဟုတ်သော အဟန့်အတားများတွင် မလိုလားအပ်သည့် ရှုပ်ထွေးသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် များပြားပြီး မလိုလားအပ်သည့် စာရွက်စာတမ်း အထောက်အထားများကို ဦးစွာလျှော့ချသွားပါမည်။

အာဆီယံသည် ထုတ်လုပ်မှုအခြေခံသည့် တစ်ခုတည်းသောဈေးကွက် (Single market and production base) ကို ဦးတည်အကောင်အထည်ဖော်လျက်ရှိပါသည်။ ကုန်သွယ်မှုအဆင်ပြေချောမွေ့ရေးအစီအမံများ (Trade facilitation measures) သည် အာဆီယံနိုင်ငံများအတွင်း ကုန်စည်နှင့်ဝန်ဆောင်မှုလွတ်လွတ်လပ်လပ်စီးဆင်းရေးအတွက် သော့ချက်ကျပါသည်။ ကုန်သွယ်မှု အဆင်ပြေချောမွေ့ရေးအစီအမံများတွင် အကောက်ခွန် လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်ရေးနှင့်ပေါင်းစည်းရေး (Harmonisation and integration of customs procedures)၊ အကောက်ခွန်နှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများ (Tariffs and non-tariffs barriers) ဖယ်ရှားရေး စသည်တို့ပါဝင်သည်။

ကုန်သွယ်မှုအဆင်ပြေချောမွေ့ရေးနှင့် ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများ ဒစ်ဂျစ်တယ်ပြုလုပ်ရေးတို့၏အရေးပါမှုကို နိုင်ငံတကာကလည်း ပိုမိုလက်ခံအသိအမှတ်ပြုနေသည်။ ထို့ကြောင့် အာဆီယံသည် အဆိုပါ အဆင်ပြေချောမွေ့ရေးနှင့် ဒစ်ဂျစ်တယ်ပြုလုပ်ရေးအစီအမံများကို ကြိုတင်၍ ခေတ်မီအောင် ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro,Small and Medium Enterprises-MSMEs)၏ ကုန်သွယ်မှုတိုးတက်ရေးနှင့် ကုန်သွယ်မှုစရိတ်များလျော့ကျရေးကို ရည်ရွယ်ပါသည်။

ထိုမျှသာမက အာဆီယံသည် ပိုမိုနက်ရှိုင်းသော ဒေသဆိုင်ရာချိတ်ဆက်မှု (Regional connectivity) အတွက်လည်းကောင်း၊ စီးပွားရေးလုပ်ဆောင်ချက်များ ပိုမိုချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက်လည်းကောင်း အစီအစဉ်များစွာကို ဆောင်ရွက်လျက်ရှိသည်။

### အာဆီယံပြတင်းတစ်ပေါက်စနစ်

အရှေ့တောင်အာရှဒေသသည် အာဆီယံပြူတင်းတစ်ပေါက်စနစ် (ASEAN System of Single Window-ASW) ကို အပြည့်အဝအကောင်အထည်ဖော်ရေးကို ကြိုးပမ်းနေပါသည်။ ASW ဆိုသည်မှာ အကောက်ခွန်ရှင်းလင်းမှု (Custom clearance) ကို ပိုမိုလွယ်ကူရှင်းလင်းစေပြီး ကုန်စည်ရှင်းလင်းမှု (Cargo clearance) ကို ပိုမိုမြန်ဆန်စေသည့် စာရွက်စာတမ်းများ အသုံးပြုလုပ်ဆောင်ရခြင်း (Paperwork)ကို လျော့ကျစေသော ဒစ်ဂျစ်တယ်နည်းလမ်း (Digital platform) ဖြစ်ပါသည်။

အာဆီယံပြတင်းတစ်ပေါက်စနစ်ကို ကျင့်သုံးခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများသည် သတင်းအချက်အလက်များကို တစ်ကြိမ်တည်းသာလျှင် အီလက်ထရောနစ်နည်းလမ်းဖြင့် ဖြည့်သွင်းရပါမည်။ သင်္ဘောတင်ကိစ္စရပ်များနှင့် ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ဆောင်ချက်များ ပိုမိုမြန်ဆန်စေသောကြောင့် အချိန်ကုန် သက်သာသည့်အပြင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရသောစရိတ်များ (Costs of doing business) ကို သိသိသာသာ ကျဆင်းစေပါသည်။

### အာဆီယံတစ်ဝန်းကိုယ်တိုင်ထောက်ခံသည့်စနစ်

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံတစ်ဝန်းကိုယ်တိုင်ထောက်ခံသည့်စနစ် (ASEAN-Wide Self-Certification regime) ကို စတင်ကျင့်သုံးနေပါသည်။ AWSC regime ဆိုသည်မှာ အာဆီယံပို့ကုန်လုပ်ငန်းရှင်များသည် ၎င်းတို့၏ ကုန်စည်များကို ကိုယ်တိုင်ထောက်ခံချက်ထုတ်ပေးခွင့်ပြုသည့်နည်းလမ်းဖြစ်ပါသည်။ မိမိ၏ပို့ကုန်ကို မိမိကိုယ်တိုင် ထောက်ခံချက်ပေးရသည့်စနစ်ဖြစ်ပါသည်။ ထိုကဲ့သို့ ထောက်ခံချက်ပေးရာတွင် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူညီချက် (ASEAN Trade in Goods Agreement) အရ ဆောင်ရွက်လျက်ရှိသောအကောက်ခွန်သက်သာခွင့်ရရှိရေးအတွက် အာဆီယံ၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရပါသည်။

AWSC သည် ပို့ကုန်လုပ်ငန်းရှင်များအတွက် ပိုမိုအဆင်ပြေပြီး အချိန်ကုန်သက်သာကြောင်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းရှင်သည် Certificate of Origin ကို သက်ဆိုင်ရာဌာနသို့မဟုတ် အဖွဲ့အစည်းသို့ သွားရောက်လျှောက်ထားရန် မလိုအပ်တော့သောကြောင့်ဖြစ်သည်။ Certificate of Origin (CO) ဆိုသည်မှာ ကုန်စည်ထုတ်လုပ်ရာနေရာ သို့မဟုတ် ဒေသကို ဖော်ပြထားသောထောက်ခံချက်လက်မှတ်ဖြစ်ပါသည်။ AWSC အရ အချိန်မရွေး ကိုယ်တိုင်ထောက်ခံချက်ပေးနိုင်သောကြောင့် ကုန်သွယ်မှု အဆင်ပြေချောမွေ့ရေးကိုလည်း များစွာအထောက်အကူပြုပါသည်။

### အပြန်အလှန်အသိအမှတ်ပြုရေးသဘောတူညီချက်

၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်သည် အာဆီယံ အပြန်အလှန်အသိအမှတ်ပြုရေးသဘောတူညီချက် (ASEAN Mutual Recognition Agreement-MRA) အတွက် ဖြစ်နိုင်ခြေလေ့လာမှု စတင်ကြောင်း အတည်ပြုပေးခဲ့ပါသည်။ အထူးသဖြင့် အခွင့်ရစီးပွားရေးလုပ်ဆောင်သူ (Authorised Economic Operator-AEO) ဆိုင်ရာအာဆီယံ MRA ကို အတည်ပြုထောက်ခံချက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်တန်စွမ်းလေ့လာမှုက အာဆီယံအဖွဲ့ဝင်နိုင်ငံများအား AEC ဆိုင်ရာ အာဆီယံ MRA ကျင့်သုံးအကောင်အထည်ဖော်မှုအတွက် တိကျသော အချက်အလက်များကို ဆန်းစစ်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆန်းစစ်ရာတွင် နိုင်ငံစုံကုန်သွယ်မှုအဆင့် (Multilateral level) တွင် ကျင့်သုံးနိုင်မည့် AEO MRA ကို အလေးထားလေ့လာမည်ဖြစ်ပါသည်။

အခွင့်ရစီးပွားရေးလုပ်ဆောင်သူများ(Authorised Economic Operators)တွင် ပို့ကုန်လုပ်ငန်းရှင်၊ သွင်းကုန်လုပ်ငန်းရှင်နှင့် ကုန်စည်သယ်ယူပို့ဆောင်သူများကဲ့သို့သော နယ်စပ်ဖြတ်ကျော်ကုန်စည်ဝယ်ယူပို့ဆောင်သည့်ကုမ္ပဏီများပါဝင်သည်။ AEO MRA အစီအစဉ်အရ သက်ဆိုင်ရာနိုင်ငံ၏အကောက်ခွန်ဦးစီးဌာနကကမ္ဘာ့အကောက်ခွန်အဖွဲ့ (World Customs Organization)၏ သတ်မှတ်ချက်နှင့်အညီ AEO ထောက်ခံချက်ထုတ်ပေးပါမည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းအားဖြင့် အခွင့်ရစီးပွားရေးလုပ်ဆောင်သူများသည် ထုတ်လုပ်ရောင်းချမှုကွင်းဆက် လုံခြုံရေး (Supply Chain Security) ဆိုင်ရာ စံချိန်စံညွှန်းများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်မည်ဖြစ်သည်။

AEO ကုမ္ပဏီများသည် ကုန်ပစ္စည်းတင်ပို့တင်သွင်းရာတွင် ပိုမိုအဆင်ပြေချောမွေ့ခြင်းနှင့် မြန်ဆန်သော အကောက်ခွန်ရှင်းလင်းခြင်း စသည့်ကောင်းကျိုးများကိုခံစားရပါမည်။ အထူးသဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် ပိုမိုတိကျစွာ ကြိုတင်ခန့်မှန်းနိုင်ခြင်းနှင့် ကုန်သည်လုပ်ငန်းရှင်များအတွက် စီမံအုပ်ချုပ်မှုစရိတ် ပိုမို ကျဆင်းခြင်း (Lower administrative costs) တို့ကို ခံစားရပါမည်။ ထို့ကြောင့် AEO ဆိုင်ရာ အာဆီယံ MRA သည် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ထိရောက်အကျိုးရှိသော အစီအစဉ်တစ်ခုဖြစ်ပါသည်။

**Soruce: businesstimes.com.sg**

---

# တစ်ပင်မှသည် တစ်တောမည်အံ့

**တတိုင်းမွှေး(DOCA)**

တစ်ပွင့်စီဆိုင်- တစ်ခိုင်၊ တစ်ခိုင်စီ ယှက်တစ်ခက်၊ တစ်ခက်စီဝိုင်း- တစ်ကိုင်း၊ တစ်ကိုင်းဆီယှဉ်-တစ်ပင်၊ တစ်ပင်မှသည် တစ်တောမည်ရန်၊ မိမိတို့တိုင်းဒေသကြီး/ပြည်နယ်များအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ကြခြင်း၊SMEs လုပ်ငန်းများလုပ်ကိုင်ကြခြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူရောင်းဝယ်ကြခြင်းများပိုမိုတိုးတက်ဆောင်ရွက်နိုင်ကြရန် ရည်ရွယ်လျက် အစုအဖွဲ့၊ အသင်းအဖွဲ့၊ ကုန်စည်ဒိုင်များ၊ သီးနှံဇုန်များ ဖွဲ့စည်းကြကာ လူတစ်ဦးချင်းမှ တစ်ဖွဲ့၊ တစ်ဖွဲ့စီမှ အဖွဲ့အစည်း၊ အဖွဲ့အစည်း ခိုင်မာလာသောအခါ ဇုန်ကြီးများ ဖြစ်ပေါ်လာရန် လိုအပ်လှပါသည်။

အစုအဖွဲ့၊ အသင်းအဖွဲ့အားလုံး ဆုံမှတ်တစ်ခုထား၍ ပူးပေါင်းဆောင်ရွက်ကြပါက မည်သည့်အခက်အခဲကိုမဆို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ စည်းလုံးခြင်းသည်အင်အားဖြစ်ကြောင်းကို ငယ်ငယ်က သင်ကြားခဲ့ရသော ထင်းစည်းတစ်စီးနှင့် သားအဖပုံပြင်ကလေးကို အမှတ်ရမိပါသည်။ ဖခင်က သားများကို ထင်းတစ်ချောင်းစီချိုးခိုင်းခဲ့ရာ ကျိုးခဲ့ပြီး ထင်းတစ်စီးကို အစည်းလိုက်ချိုးခိုင်းရာ လုံးဝကျိုးမသွားသည်ကို ပြသဆုံးမခဲ့သလို ဘာလုပ်ငန်းလုပ်လုပ်တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့စီလုပ်မည့်အစား စုပေါင်းဖွဲ့စည်းလုပ်ကိုင်ကြလျှင် မလွဲဧကန် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အသေးစား၊ အလတ်စားလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ခြင်းဖြစ်စေ၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရာတွင်ဖြစ်စေ၊ စုဖွဲ့ဆောင်ရွက်ကြပါက မိမိတို့လုပ်ငန်း၏အားနည်းချက်၊အားသာချက်များ သိရှိနိုင်ကြခြင်း၊ ဈေးကွက်ရှာဖွေထိုးဖောက်နိုင်ခြင်း၊ သီးနှံများအတွက် မသိရှိကြသေးသော ဗဟုသုတများကို တစ်ဦးနှင့် တစ်ဦးညှိနှိုင်းကြခြင်း၊ အတွေ့အကြုံများဖလှယ်ကြခြင်း၊ ပြည်ပတင်ပို့နိုင်ရန် နည်းလမ်းသစ်များ ရှာဖွေနိုင်ကြခြင်း စသည့်ကောင်းမွန်သော အကြံကောင်းဉာဏ်ကောင်းများ ရရှိလာကြမည်ဖြစ်ပါသည်။

စုဖွဲ့ညှိနှိုင်း ဆောင်ရွက်ကြခြင်းဖြင့် ဗဟုသုတများ ပိုမိုတိုးပွားလာပြီး ပြည်ပပို့ကုန်အမယ်သစ်များ ရှာဖွေထုတ်လုပ်ကြခြင်း၊ သီးနှံများ တိုးတက်စိုက်ပျိုးကြခြင်းဖြင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိနိုင်မည်လည်းဖြစ်ပါသည်။ စုဖွဲ့ဆောင်ရွက်ခြင်းကြောင့် အလေး၊ တင်းတောင်း၊ စံချိန်စံညွှန်းများလည်း မှန်ကန်အဆင့်မီခြင်းဖြင့်လည်းကောင်း၊ သီးနှံများ၏ အရည်အသွေးပြည့်မီမှန်ကန်ခြင်းဖြင့်လည်းကောင်း၊ ဓာတုဆေးကြွင်းကင်းစင်မှုများရှိခြင်းများကြောင့် ဈေးကွက်ဝေစုပိုမိုရရှိနိုင်မည်ဟု ယုံကြည်မိပါသည်။

စိုက်ပျိုးထုတ်လုပ်၊ ထွက်ရှိ မွေးမြူထားသော ပစ္စည်းများ၊ သီးနှံဇုန်ကြီးများဖွင့်လှစ်ပြီး တင့်တင့်တယ်တယ် ရောင်းဝယ်နိုင်ခြင်းဖြင့် အခြေခံတောင်သူလယ်သမားများ၊အလုပ်သမားများ ဝင်ငွေများ တိုးတက်ရရှိနိုင်မည်လည်း ဖြစ်ပါသည်။

ထိုသို့ စုဖွဲ့ဆောင်ရွက်ကြရန် စည်းရုံးကြရင်း ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံး တိုင်းဒေသကြီး/ပြည်နယ်များအသီးသီးတွင် အသင်းအဖွဲ့(၁၇၂၉)ခု၊ အစုအဖွဲ့(၁၇၄၀)ခု၊ သီးနှံဇုန်(၄၁)ခု၊ ကုန်စည်ဒိုင်(၆၄)ခု၊ စုစုပေါင်း(၃၅၇၄)ခု ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း လူတစ်ဦးချင်း စိုက်ပျိုးထွက်ရှိသော သီးနှံများကို တစ်နိုင်တစ်ပိုင် မိရိုးဖလာ ရောင်းဝယ်နေခြင်းမှ အစုအဖွဲ့များစုဖွဲ့ခြင်း၊ အသင်းအဖွဲ့များ တည်ထောင်ခြင်း၊ ဇုန်ကြီးများ ပေါ်ပေါက်လာကာ ရောင်းဝယ်ဖောက်ကားကြခြင်းဖြင့် တိုင်းပြည်ဘဏ္ဍာ တိုးတက်ရှာဖွေနိုင်ကြမည်မှာ ဧကန်မလွဲ သေချာလျက်ရှိနေပြီဖြစ်ပါကြောင်း လေ့လာမိသမျှ ရေးမိပါသည်။

## ယခင်နှစ်ကာလတူထက် ယခုနှစ်မှာ ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့

အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ဒီဇယ် ၉၂၆၉၇ ဒသမ ၈၁ တန်နဲ့ ဓာတ်ဆီ ၇၇၂၂၇ဒသမ ၀၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၇ အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ဒီဇယ်၇၇၁၂၃ ဒသမ ၉၉ တန်တင်သွင်းခဲ့သလို ဓာတ်ဆီ ၁၂၈၁၀၀ ဒသမ ၄၃ တန်တင်သွင်းခဲ့တာကြောင့် ယခုနှစ်မှာ ဒီဇယ်တင်သွင်းမှုပိုခဲ့ပြီး ဓာတ်ဆီတင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၀၅ တန်ဖိုးရှိ **Re-export** ဓာတ်ဆီ ၈၁၈၅ ဒသမ ၅၄ တန်တင်ပို့ခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၁၉၆၂၈၀ တန်ဖိုးရှိ ဒီဇယ် ၁၆၁၇ ဒသမ ၁၁တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မူဆယ်ကုန်သွယ်ရေးဇုန်ရဲ့ သီတင်းတစ်ပတ် ကုန်သွယ်မှု

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၉၆၂ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅၆၃ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၅၂၅ သန်း ဆောင်ရွက်ခဲ့ပါသည်။ ယခုတစ်ပတ်ကုန်သွယ်မှုပမာဏမှာ ယခင်တစ်ပတ်ကုန်သွယ်မှုပမာဏထက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၁၈ သန်း လျော့နည်းခဲ့သည်ကို တွေ့ရပါသည်။

အဆိုပါ သီတင်းပတ်အတွင်း ဆန်၊ ပြောင်း၊သကြားကားများ ပုံမှန်ဝင်ရောက်နေသော်လည်း တစ်ဖက်နိုင်ငံတွင် ရွှေလီနယ်ခြားစောင့်တပ်မှ ဦးဆောင်ပြီး အဖွဲ့စုံဖြင့် မိမိတို့ဖက်မှ ဝင်ရောက်လာသော ကုန်ပစ္စည်းများကို တားဆီးနေသဖြင့် အောက်တိုဘာ ၁၃ ရက်နေ့မှစ၍ ဆန်၊ သကြား အမှန်တင်ပို့မှု ရပ်ဆိုင်းခဲ့ကာ ဆန်၊ ဆန်ကွဲနှင့် ကောက်ညှင်းဆန်များ အမှန်တင်ပို့နိုင်ခြင်းမရှိဘဲ မူဆယ်မြို့တွင်းရှိ သိုလှောင်ရုံများအတွင်း သိုလှောင်ထားရသည့် အနေအထားတွင်ရှိသဖြင့်ကုန်သွယ်မှုလည်း ကျဆင်းခဲ့ရခြင်းဖြစ်သည်ဟု သတင်းရရှိပါသည်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းတန်ချိန် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၁၃ ရက်မှ ၁၉ရက်အထိ သီတင်းပတ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၀၇၄ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် (၁၀) မျိုးကို တန်ချိန်အားဖြင့် ၁၂၃၁ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၀၅ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၆၂၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ မိကျောင်းကွမ်းဖတ်စေ့၊ သီဟိုဠ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ဆီးခဲ့ခြမ်း၊ ဆီးသီးခြောက်၊ နနွင်းတက်၊ကွမ်းသီး၊ ကွမ်းသီးခွံနဲ့ချဉ်ပေါင်ဖာလာ (အခွံပါ)တို့ ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၁ သန်း တန်ဖိုးရှိတောင်လုံးကျော် ၇၄ ကီလိုဂရမ် မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ပါတယ်။

**မော်မော်အောင်**

### Energy NYMEX 26-10-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 66.96 | -0.74 | -1.10 |
| Brent Crude Futr (USD/bbl) | 76.26 | -0.63 | -0.82 |
| Gasoline Rbob Fut (Cent/gal) | 179.27 | -2.02 | -1.11 |
| Natural Gas Futr (USD/MMBtu) | 3.16 | -0.04 | -1.37 |
| Heating Oil Futr (Cent/gal) | 227.45 | -0.36 | -0.16 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 22-October | 14.34 | 2674.99 | 2014.68 | 6255.17 | 834.00 |
| 23-October | 14.67 | 2687.99 | 2007.84 | 6236.44 | 824.00 |
| 24-October | 14.65 | 2742.44 | 1997.26 | 6239.30 | 829.00 |
| 25-October | 14.60 | 2671.69 | 1979.85 | 6191.92 | 823.00 |
| 26-October | 14.62 | 2665.30 | 1968.39 | 6147.40 | 826.00 |

# ကမ္ဘာ့ရွှေအဝယ်လိုက်ပြီး စျေးမြင့်တက်

ပြည်တွင်းရွှေစျေးနှုန်းသည် ယခုရက်သတ္တပတ်အတွင်း ဆက်လက်မြင့်တက်ခဲ့ပြီး ကျပ်၁၀၃၆၀၀၀သို့ရောက်ရှိလာခဲ့ကာ စက်တင်ဘာလစံချိန်တင်ခဲ့သော ရွှေစျေးအနီးသို့ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ အောက်တိုဘာ တတိယပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၂၂၀၀၀ရှိခဲ့ရာမှ စတုတ္ထပတ်တွင် ကျပ်၁၀၃၆၀၀၀သို့ ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ ဒီတစ်ပတ်ကတော့ ပိတ်ရက်တွေများလို့ အရောင်းအဝယ်အေးနေပေမယ့် စျေးကဆက်တက်သွားတယ်။ အဓိကကတော့ ပွင့်လင်းရာသီစလာတော့ စျေးကဆက်တက်နေသလို ဒေါ်လာကလည်း ပြန်မကျတော့ မြန်မာငွေပျော့ပြီး ရွှေဘက်ကိုလိုက်လာကြတယ်။နောက်ပြီး ကမ္ဘာ့ရွှေဘက်မှာလည်း စျေးတန်းငြိမ်ပြီး အရောင်းအဝယ်သွက်နေတယ်။ တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၂၃၇လောက်နဲ့ကို အရောင်းအဝယ်ဖြစ်နေတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေစျေးကွက်တွင် အောက်တိုဘာ ၂၂ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ်၁၀၂၂၀၀၀ရှိခဲ့ရာမှ အောက်တိုဘာ ၂၃ရက်တွင် ကျပ် ၁၀၂၄၀၀၀သို့ မြင့်တက်ခဲ့ပြီး အောက်တို ဘာ ၂၆ရက်တွင် ကျပ်၁၀၃၆၀၀၀သို့မြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေစျေးကွက်မှာတော့ အောက်တိုဘာ ၂၂ ရက်က ရွှေတစ်အောင်စလျှင် ၁၂၂၃အမေရိကန်ဒေါ်လာရှိခဲ့ရာမှအောက်တိုဘာ ၂၃ရက်တွင် တစ်အောင်စလျှင် ၁၂၃၅ အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး အောက်တိုဘာ၂၆ရက်တွင် ၁၂၃၇အမေရိကန်ဒေါ်လာသို့ရောက်ရှိခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**



# ပြည်တွင်းငွေလဲနှုန်း ငြိမ်သက်ခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲစျေးကွက်သည် အောက်တိုဘာစတုတ္ထပတ်အတွင်း စျေးအတက်အကျနည်းခဲ့ကြောင်းစျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၄၁ ကျပ်မှ တစ်ဒေါ်လာလျှင် ၁၅၄၃ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ကမ္ဘာ့စျေးကွက်တွင် ဆော်ဒီသတင်းထောက်လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး ရေနံစျေးကျဆင်းမှုဖြစ်ပေါ်ခဲ့ကာ ဒေါ်လာစျေးမြင့်တက်လာခဲ့ကြောင်း၊ အမေရိကန်စီးပွားရေးလောကအတွင်းတွင်လည်း အစုရှယ်ယာစျေးမှာ ပြန်မြင့်တက်လာခြင်းတို့ကြောင့် ဒေါ်လာစျေး ကို သက်ရောက်မှုရှိခဲ့ကြောင်း၊ ပြည်တွင်းစျေးကွက်တွင်မူ ဒေါ်လာမှာ ဝယ်လိုအားရှိနေဆဲဖြစ်သော်လည်း ယခုရက်သတ္တပတ်အတွင်း ဝါလကင်းလွတ်သီတင်းကျွတ်ကာလဖြစ်တာနှင့်အညီ အစိုးရရုံးပိတ်ရက်များပြားခဲ့ခြင်းကြောင့် စျေးကွက်အတွင်း အရောင်းအဝယ်အေးနေခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းစျေးကွက်တွင် အောက်တိုဘာ ၂၂ရက်က အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၅၈၀ကျပ်၊ ဝယ်စျေး၁၅၆၈ကျပ်ဖြင့် အောက်တိုဘာ ၂၃ရက်ထိရှိနေခဲ့ရာမှ အောက်တိုဘာ ၂၆ရက်တွင် ရောင်းစျေး ၁၅၇၅ ကျပ်၊ဝယ်စျေး ၁၅၆၃ကျပ်ဖြင့် စျေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

### Currency Exchange Rate

October 26, 2018
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.42 |
| BDT Bangladesh Taka | 84.03 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.96 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.84 |
| I NR India Rupees | 73.38 |
| I DR Indonesia Rupiahs | 15217.97 |
| JPY Japan Yen | 112.13 |
| MYR Malaysia | 4.18 |
| PKR Pakistan Rupees | 133.23 |
| PHP Philippines Pesos | 53.74 |
| RUB Russia Rubles | 65.60 |
| SGD Singapore Dollars | 1.38 |
| KRWSouth Korea Won | 1141.52 |
| LKR Sri Lanka Rupe | 172.95 |
| THB Thailand Baht | 33.05 |
| GBP United Kingdom Pounds | 0.78 |
| VND VietnamDon | 23329.81 |

*Source:xe.com*

### World Gold Price

October-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 22 | 1310 | 1230 | 1230 |
| 23 | 1235 | 1235 | 1229 |
| 24 | 1231 | 1230 | 1231 |
| 25 | 1235 | 1232 | 1233 |
| 26 | 1238 | 1235 | 1237 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 22-10- 2018 | 1022.50 | 1022.00 |
| 23-10- 2018 | - | - |
| 24-10- 2018 | - | - |
| 25-10- 2018 | - | - |
| 26-10- 2018 | 1030.00 | 1030.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 22 | 6.93 | 32.62 | 84.19 | 73.27 |
| 23 | 6.94 | 32.90 | 83.87 | 73.48 |
| 24 | 6.94 | 32.92 | 83.84 | 73.22 |
| 25 | 6.96 | 33.05 | 84.15 | 73.42 |
| 26 | 6.96 | 32.05 | 84.03 | 73.37 |

# Initial Step to Stock Investment ဟောပြောပွဲပြုလုပ်

စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုအကြောင်းကိုလေ့လာနိုင်စေရန် ရည်ရွယ်ပြီး Myanmar Securities Exchange Centre Co.,Ltd(MSEC)မှ စီစဉ်သော Initial Step to Stock Investmentခေါင်းစဉ်ဖြင့်ဟောပြောပွဲအခမ်းအနားကိုရန်ကုန်မြို့ရှိကုန်သည်စက်မှုအသင်းချုပ်ရုံး၌ အောက်တိုဘာ ၂၀ရက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုဟောပြောပွဲတွင် MSEC ကုမ္ပဏီသမိုင်းကြောင်းနှင့် အတွေ့အကြုံမှတ်တမ်းများ၊ စတော့ရှယ်ယာစျေးကွက်အကြောင်းသိကောင်းစရာနှင့် စတင်လုပ်ကိုင်ရန် ပြင်ဆင်ရမယ့်အကြောင်းအရာများ၊ ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ပုံအဆင့်ဆင့်နှင့် Onlineမှတစ်ဆင့် စတော့ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ခြင်းစသည့် အကြောင်းအရာများကို MSECမှ မန်နေဂျင်းဒါရိုက်တာ Mr. Takashi Yamaguchi၊ ကိုမာသင်(သုံးမိနစ်စီးပွားရေးအကြံပေး၊MSEC မှ Assistant Manager ဦးကောင်းထက်နိုင်တို့က ဆွေးနွေးဟောပြောခဲ့သည်။ Myanmar Securities Exchange Centre Co.,Ltdကို မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံမှ Diawa Securities Group တို့ပူးပေါင်း၍ ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

**သန်းထိုက်အောင်**

## ဘိလပ်မြေ

# ယခင်ကာလတူထက် ယခုနှစ်မှာဘိလပ်မြေတင်သွင်းမှုပိုခဲ့

အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ဘိလပ်မြေ၆၃၈၅ ဒသမ ၂၇၅တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီလအတွင်းမှာတော့ စိန်တံဆိပ် ဘိလပ်မြေ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၇ အောက်တိုဘာ ၁ရက်မှ ၁၄ရက်အထိ သီတင်းပတ်အတွင်းမှာတော့ ဘိလပ်မြေ၄၇၄ ဒသမ ၉၉ တန်သာတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ယခုနှစ်မှာဘိလပ်မြေ တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၄၆၄၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာ ၄၂၅၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၉ ကျော် အဝင် ပိုခဲ့တယ်လို့ သိရပါတယ်။



# မန္တလေးဘိလပ်မြေဈေးကွက် အရောင်းပါး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** သီတင်းကျွတ် ပိတ်ရက်ဖြစ်တာကြောင့် လုပ်ငန်းတွေရပ်နားထားလို့ အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၆၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** သီတင်းကျွတ်ပိတ်ရက်ကြောင့် ဒီတစ်ပတ်မှာ အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။ အရောင်းအဝယ်ပါးတာကြောင့် ဈေးလည်း ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် သီတင်းကျွတ်ပွဲတော်နဲ့ မြသလွန် ဘုရားပွဲတော်ကြောင့် အရောင်းဆိုင်တွေပိတ်ကြတယ်။ ဒါကြောင့် အရောင်းအဝယ် အေးတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် မြန်မာကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ်၄၃၀၀၊ အပါချီ ကျပ် ၅၀၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၆၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိ ရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပါးသလို ဘိလပ်မြေဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန် (ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# ယခင်နှစ်ထက်ယခုနှစ်မှာ မြေသြဇာတင်သွင်းမှုပို

အောက်တိုဘာ ၁ ရက် မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း မြေသြဇာ ၄၁၄၈၄ ဒသမ ၆၀၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ ယူရီးယား၊ တီစူပါ၊ အမိုးနီးယားဆာလဖိတ်၊ ဓာတ်ဆား၊ ကွန်ပေါင်း၊ သီးစုံ၊ အော်ဂဲနစ်၊ အာမိုတို့ဖြစ်ပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၇ အောက်တိုဘာ ၁ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်းမှာ မြေသြဇာ ၂၅၈၅၀ ကျော်သာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ယခုနှစ်မှာ မြေသြဇာ တင်သွင်းမှု တန်ချိန် ၁၅၆၃၀ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မန္တလေးဈေးကွက်မြေသြဇာအရောင်းပုံမှန်ရှိ

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာတန်ချိန် ၇၆၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၉၈၇၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၂၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီး၊မကွေး၊မော်လမြိုင်နဲ့ မန္တလေးမှာ အရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ**သီတင်းကျွတ်ပွဲတော်ကြောင့် ဒီရက်ပိုင်း ဆိုင်တွေ လည်းပိတ်ကြတယ်။ ဒါကြောင့် အရောင်းအဝယ်အေးတယ်၊ ဈေးလည်း ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၈၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြွားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** သီတင်းကျွတ်ပွဲတော်နဲ့ အင်းလေးဖောင်တော်ဦး ဘုရားပွဲတော်ကြောင့် အရောင်းဆိုင်အချို့ ပိတ်သလို ဝယ်သူလည်းနည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၀၆၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၃၀၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၃၀၆၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၅၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၅၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၆၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၀၀၀၀၊ယူရီးယား (ယူအေအီး)ကျပ် ၂၆၅၀၀၊ မြွားကမ္ဘာကျပ်၁၈၅၀၀၊ ရွက်ဖျန်းကျပ်၃၀၀၀၊ဆိုင်ကလုန်း ကျပ် ၃၀၀၀ ၊ ဆိုက်ပါ ကျပ် ၅၀၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက် အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်တော့ အရောင်းအဝယ် အေးသလို ဈေးလည်း ငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွား ကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၈၅၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း ၁၅း၁၅ ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင် ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၃၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၅၀၀၀၊ တောင်သူမ ကျပ် ၁၈၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်း အဝယ်မဖြစ်သလိုဈေးလည်းငြိမ်တယ် လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၉၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၉၂၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၂၃၀၀၀၊ မြွားသီးစုံ ကျပ် ၁၆၉၀၀၊ ပန်းသီးစုံ ကျပ် ၁၇၅၀၀၊ အာမို ၁၀း ၁၀း၅ ကျပ် ၁၈၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ ပိုတက် ကျပ် ၂၈၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။

## နို့ဆီ/နို့မှုန့်

# ယခင်ကာလတူထက် ယခုနှစ်မှာ နို့ဆီအဝင်ပို

အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း နို့ဆီ ၁၀၀၃ ဒသမ ၈၉၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒွန်း၊ အိုကေနဲ့ မာရီဂိုးတံဆိပ်များ တင်သွင်းခဲ့ပါတယ်။ ယခင်ကာလတူဖြစ်တဲ့ ၂၀၁၇ အောက်တိုဘာ ၁ရက်မှ ၁၄ ရက်အတွင်း နို့ဆီ ၇၂၄ ဒသမ ၇၇၉ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ယခုနှစ်မှာ နို့ဆီ ၂၇၉ တန်ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ၁ ရက်နေ့မှ ၁၄ ရက်အတွင်း သီတင်းပတ်အတွင်း နို့မှုန့် ၃၈၀ ဒသမ ၈၇၆ တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။

ကာလတူဖြစ်တဲ့ ၂၀၁၇ အောက်တိုဘာ၁ ရက်မှ ၁၄ရက် သီတင်းပတ်အတွင်းမှာ နို့မှုန့် ၄၀၅ ဒသမ ၆၉၁ တန်တင်သွင်းခဲ့တာကြောင့် ဒီနှစ်မှာ ၂၄ ဒသမ ၈၁၅ တန် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၁၀ မှ ၁၉/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၁၀ မှ ၁၂/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂·၀၀ | ၁·၅၀ | (+) | ၀·၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၄၀·၀၀ | - | (+) | ၄၀·၀၀ |
| ၅။ | တာချီလိတ် | ၄၅၀၀·၀၀ | ၂၃၀၀·၀၀ | (+) | ၂၂၀၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၂၅·၀၀ | ၅၀·၀၀ | (-) | ၂၅·၀၀ |
| ၈။ | မြိတ် | ၇၅·၀၀ | ၁၉၀၀·၀၀ | (-) | ၁၈၂၅·၀၀ |
| | စုစုပေါင်း | ၄၆၄၂·၀၀ | ၄၂၅၁·၅၀ | (+) | ၃၉၀·၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၁၀ မှ ၁၉/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၁၀ မှ ၁၂/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၂၅၆·၇၀ | ၃၉၃၇·၀၀ | (-) | ၁၆၈၀·၃ |
| ၂။ | လွယ်ဂျယ် | ၄၂၆·၀၀ | ၆၉၈·၅၀ | (-) | ၂၇၂·၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၇၈၆·၅၀ | ၁၀၂၂·၂၅ | (+) | ၇၆၄·၂၅ |
| ၄။ | ကန်ပိုက်တီ | ၂၇၂·၀၀ | ၅၈၇·၀၀ | (-) | ၃၁၅·၀၀ |
| ၅။ | မြဝတီ | ၁၇၃၂·၀၅ | ၂၀၃၀·၅၀ | (-) | ၂၉၈·၄၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၇၅·၀၀ | - | (+) | ၇၅·၀၀ |
| ၈။ | ရိဒ် | ၁၁၀၀·၀၀ | ၁၆၀၀·၀၀ | (-) | ၅၆၀·၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၇၆၄၈·၂၅ | ၉၈၇၅·၂၅ | (-) | ၂၂၂၇·၀၀ |

ခင်မိုးသူ

# လယ်သမားဓါလူမှုစီးပွားဘဝမြှင့်တင်ပေးမည့် ကန်ထရိုက်လယ်ယာစနစ်

အောင်ဆန်း(စိုက်ပျိုးရေး)

ကမ္ဘာတွင် ကန်ထရိုက်လယ်ယာစနစ်(Contract Farming) စတင်ခဲ့သည်မှာ နှစ်ပေါင်းရာကျော်ရှိခဲ့ပြီး မြန်မာနိုင်ငံသို့ ကန်ထရိုက်လယ်ယာစနစ် အခြေကျလာသည်မှာ ဆယ်စုနှစ်သာသာ သာရှိသေးသည်။

ကန်ထရိုက်လယ်ယာစနစ်ကို အာမခံလယ်ယာစနစ်၊ အကျိုးတူလယ်ယာစနစ်၊အကျိုးတူပူးပေါင်းလယ်ယာမြေစနစ် ဟု အမည်နာမအမျိုးမျိုး ခေါ်ဝေါ်နေကြသည်။ မည်သို့ပင်ဖြစ်စေ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားနှင့် ငွေကြေးရင်းနှီးမြှုပ်နှံနိုင်သူ ကုမ္ပဏီ၊ အဖွဲ့အစည်း ပုဂ္ဂလိကတို့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူပြီး လယ်ယာ လုပ်ငန်းစဉ်တစ်ရပ်လုံး အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်သည့် မူရင်းသဘောသဘာဝမှာအတူတူပင် ဖြစ်သည်။

စိုက်ပျိုးရေးပညာရှင် Eaton and Sheperd တို့မှ ကန်ထရိုက်လယ်ယာစနစ်ကို "An Agreement between Farmers and Processing and/ or marketing firms for the production and supply of agrivultural products under foward agreements, frequently at predeterminded prices" ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ကန်ထရိုက်လယ်ယာစနစ်ဖြင့် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့တွင် အောင်မြင်မှုရရှိနေသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် ကန်ထရိုက်လယ်ယာစနစ်နှင့်ပတ်သက်သည့် အစည်းအဝေးတစ်ခုတွင် အဆင်ပြေအောင်မြင်နေသည်ဟုတင်ပြကြသူလည်းရှိသည်။အဆင်မပြေ မအောင်မြင်သဖြင့် ခွက်ခွက်လန်အောင် ဒေဝါလီခံခဲ့ရသည်ဟု တင်ပြသူလည်း ရှိသည်။ ကန်ထရိုက်လယ်ယာစနစ်၏ အောင်မြင်မှု မအောင်မြင်မှုမှာ အကြောင်းရင်းနှစ်ရပ်ပေါ်တွင် မူတည်နေသည်ဟု သုံးသပ်မိပါသည်။ (၁)တောင်သူလယ်သမားများဘက်မှ သစ္စာရှိမှု၊ ရိုးသားမှု၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ပုဂ္ဂလိက ဘက်မှ စေတနာထားမှု၊ ကတိတည်မှုတို့ ဖြစ်ပါသည်။နှစ်ဦးနှစ်ဖက် အကြောင်းအချက်နှင့်ညီညွတ်နေလျှင် အောင်မြင်မှုရရှိပါသည်။ မညီညွတ်လျှင် မအောင်မြင်ဘဲပဋိပက္ခအသွင် ရောက်ရှိသွားစေပါသည်။

ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာတွင်နည်းလမ်း အမျိုးမျိုးနှင့် ဆောင်ရွက်ကြသည်ကို တွေ့ရသည်။ တောင်သူလယ်သမားနှင့် ကုမ္ပဏီတို့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်သည့်နည်းလမ်း၊ တောင်သူလယ်သမား၊ ကုမ္ပဏီ၊ ပံ့ပိုးပစ္စည်း ဖြန့်ဝေသူများ သုံးပွင့်ဆိုင် ချိတ်ဆက်ဆောင်ရွက်သည့် နည်းလမ်းများနှင့် တောင်သူလယ်သမား၊ ကုမ္ပဏီ၊ ပံ့ပိုးပစ္စည်း ဖြန့်ဝေသူများနှင့်ဘဏ်များ လေးပွင့်ဆိုင် ချိတ်ဆက်ဆောင်ရွက်သည့်နည်းလမ်းများဖြစ်ပါသည်။ မည်သည့် နည်းလမ်းဖြင့် ဆောင်ရွက်သည်ဖြစ်စေ၊ နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်း၍ စာချုပ်ချုပ်ဆိုဆောင်ရွက်ရမည်ဖြစ်သည်။

တောင်သူလယ်သမားနှင့် ကုမ္ပဏီတိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်သည့်နည်းလမ်းတွင် ကုမ္ပဏီမှ တောင်သူလယ်သမား လိုအပ်သည့် ပံ့ပိုးပစ္စည်းများ၊ ငွေကြေး၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်းစသည်များကို ကြားခံမထားရှိဘဲ ကုမ္ပဏီမှ အားလုံး တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။ ကုမ္ပဏီများမှ တောင်သူလယ်သမားများသို့ တိုက်ရိုက်ပံ့ပိုးပစ္စည်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ငွေပေး၊ ငွေချေစနစ်ဖြင့် ဆောင်ရွက်ပါသည်။ ကုမ္ပဏီ၏ ငွေကြေးတတ်နိုင်မှု အင်အားပေါ် မူတည်၍ လုပ်ငန်းပမာဏကို ဆုံးဖြတ်ပါသည်။

တောင်သူလယ်သမား၊ ကုမ္ပဏီနှင့် ပံ့ပိုးပစ္စည်းဖြန့်ဝေသူ သုံးပွင့်ဆိုင်ချိတ်ဆက်ဆောင်ရွက်သည့် နည်းလမ်းတွင် ကုမ္ပဏီမှ လယ်ယာအတွက် ရင်းနှီးမြှုပ်နှံငွေကို တောင်သူလယ်သမားများနှင့်တိုက်ရိုက်ငွေပေးငွေယူ ပြုလုပ်၍ စာချုပ်ချုပ်ဆိုပါသည်။လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ၊ပံ့ပိုးပစ္စည်း ဖြန့်ဝေမှုလုပ်ငန်းများကို စာချုပ်ချုပ်ဆိုသည့်ကုမ္ပဏီမှ သက်ဆိုင်ရာကုမ္ပဏီ၊အဖွဲ့အစည်းများသို့တာဝန်ခံချိတ်ဆက်ဆောင်ရွက်ပေးပါသည်။ အဆိုပါလုပ်ငန်းများကို ကုမ္ပဏီနှင့် တောင်သူလယ်သမားများ ချုပ်ဆိုသည့်စာချုပ်တွင် အပြည့်အစုံ အသေးစိတ်ထည့်သွင်းချုပ်ဆိုပါသည်။ လယ်ယာဝန်ဆောင်မှု အဖိုးအခများ ပံ့ပိုးပစ္စည်းများ၏ တန်ဖိုးများကို စာချုပ်ချုပ်သည့်ကုမ္ပဏီမှ တာဝန်ခံကောက်ယူ၍ သက်ဆိုင်ရာ ကုမ္ပဏီ၊ အဖွဲ့အစည်းသို့ ပြန်လည်ပေးချေပါသည်။ ရင်းနှီးမြှုပ်နှံမှု ငွေကြေး၊ ဝန်ဆောင်မှုအဖိုးအခများ ပံ့ပိုးပစ္စည်းများ၏ တန်ဖိုးများကို စာချုပ်ချုပ်သည့်ကုမ္ပဏီနှင့် တောင်သူလယ်သမား တိုက်ရိုက်ဆောင်ရွက်ပါသည်။

တောင်သူလယ်သမား၊ ကုမ္ပဏီ၊ ပံ့ပိုးပစ္စည်းဖြန့်ဝေသူ၊ ဘဏ်ချေးငွေချိတ်ဆက်ဆောင်ရွက်သည့် နည်းလမ်းတွင် ကုမ္ပဏီမှ ဘဏ်နှင့်ချိတ်ဆက်၍ ချေးငွေရယူပြီး ၎င်းချေးငွေဖြင့် တောင်သူလယ်သမားများသို့ လယ်ယာရင်းနှီးမြှုပ်နှံငွေ၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ၊ ပံ့ပိုးပစ္စည်းဖြန့်ဝေပေးသည့် ကုမ္ပဏီများသို့ စာချုပ်ချုပ်သည့် ကုမ္ပဏီမှ တိုက်ရိုက်ငွေပေးချေပါသည်။ တောင်သူလယ်သမားများသည် ဘဏ်၊ ဝန်ဆောင်မှုကုမ္ပဏီ၊ ပံ့ပိုးပစ္စည်းဖြန့်ဝေသည့် ကုမ္ပဏီများသို့ တိုက်ရိုက်ချိတ်ဆက်စရာ မလိုအပ်ဘဲ စာချုပ်ချုပ်သည့်ကုမ္ပဏီဖြင့်သာ ချိတ်ဆက်ဆောင်ရွက်ရန်သာ ဖြစ်သည်။

ကန်ထရိုက်လယ်ယာစနစ်မှာ လယ်ယာမြေရှိပြီး ငွေကြေး ရင်းနှီးမြှုပ်နှံငွေမရှိသူ၊ ငွေကြေးရှိသော်လည်း စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်မှုမရှိသူ တောင်သူလယ်သမားများနှင့် ငွေကြေးတတ်နိုင်ပြီး လယ်ယာမြေမရှိသူ ကုမ္ပဏီတို့အကြား နှစ်ဦးနှစ်ဖက်ကြိုတင် ညှိနှိုင်းပြီး အကျိုးအမြတ် ရရှိအောင် ပူးပေါင်းစိုက်ပျိုးထုတ်လုပ်သောလုပ်ငန်းဖြစ်ပါသည်။ ဆင်းရဲသဖြင့် လယ်ယာလုပ်ငန်းဖြင့် ဘဝမမြင့် နိုင်ငံသားတောင်သူလယ်သမားကြီးများ၏ဘဝ မြှင့်တင်ပေးနိုင်မည့် နည်းလမ်းဖြစ်ပါသည်။ တောင်သူလယ်သမားများဘက်မှ သစ္စာရှိမှု၊ ရိုးသားမှုရှိပြီး ကုမ္ပဏီဘက်မှ စေတနာထားမှု၊ ကတိတည်မှုများနှင့်စနစ်တကျရှိသော ကန်ထရိုက်လယ်ယာစနစ်များ များများပေါ်ပေါက်လာလျှင် တောင်သူလယ်သမားဘဝများ လူနေမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာပြီး လယ်ယာကဏ္ဍ အရှိန်အဟုန်မြင့်လာမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ပါက တောင်သူလယ်သမားများရရှိနိုင်သော အကျိုးတရားများရှိပါသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှု မပူပန်ရခြင်း၊ စစ်မှန်သောလယ်ယာပံ့ပိုးပစ္စည်းများ အသုံးပြုရခြင်း၊ လယ်ယာသုံး စက်ကရိယာများ ဈေးနှုန်းသက်သာစွာဖြင့် အချိန်မီလွယ်လွယ် ရရှိခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များရရှိခြင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များရရှိခြင်း၊ စာချုပ်ဖြင့် သီးနှံဈေးနှုန်းသတ်မှတ်ဝယ်ယူသဖြင့် အာမခံဈေးနှုန်းရရှိခြင်း၊ သဘာဝဘေးဒဏ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးလျှင် သီးနှံအာမခံဥပဒေပေါ်ပေါက်လာပါက အာမခံငွေကြေးရရှိနိုင်ခြင်း၊ စက်ကိရိယာများအချိန်မီ အသုံးပြုခွင့်ရရှိသဖြင့် သီးနှံအလေအလွင့်နည်းပါးခြင်း၊ အရည်အသွေးကောင်း သီးနှံကို ရရှိစေခြင်း၊ စက်ကိရိယာဖြင့် ပထမသီးနှံ အချိန်မီ ရိတ်သိမ်းနိုင်သဖြင့် ဒုတိယသီးနှံ သီးထပ်အားအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ခြင်း၊ သိပ္ပံနည်းကျ စိုက်စနစ်ဖြင့် ဆောင်ရွက်ခွင့်ရရှိသဖြင့် တစ်ဧကအထွက်နှုန်း တိုးမြှင့်ရရှိခြင်း၊ လုပ်ငန်းစဉ်တစ်လျှောက် ထွန်၊ စိုက်၊ ရိတ်၊ သယ်၊ သိုလှောင်၊ ကြိတ်ခွဲစသည့်လုပ်ငန်းများအတွက် စိတ်ပူပန်စရာ မလိုအပ်ခြင်း စသည့်အကျိုးတရားများ ရရှိနိုင်ပါသည်။

ထို့အတူ ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များဘက်မှလည်း အကျိုးကျေးဇူးများ ရရှိခံစားနိုင်ပါသည်။ စိုက်ပျိုးရန် မြေယာရှာဖွေရန် မလိုအပ်ခြင်း၊ မိမိစိတ်ကြိုက်မျိုးများကို ညှိနှိုင်း စိုက်ပျိုးနိုင်သဖြင့် ပြည်ပပို့ကုန်အဆင့်မီ အရည်အသွေးကောင်း သီးနှံကို ရရှိနိုင်ခြင်း၊ သီးနှံပေါ်ချိန်တွင် ပေါက်ဈေးဖြင့် ဝယ်ယူခြင်းထက် အာမခံချက်ပိုမိုရရှိခြင်း၊ မိမိကိုယ်တိုင်မစိုက်ပျိုးရသဖြင့် စွန့်စားမှု နည်းပါးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။ သို့ပါ၍ ကန်ထရိုက်လယ်ယာစနစ်ကို အခြေအနေပေးသည့်နေရာများတွင် အကောင်အထည်ဖော်ကြစေရန် အားပေးသင့်ကြောင်း တင်ပြလိုက်ရပါသည်။

## ပြည်တွင်းဆီဈေးနှုန်းများ (၂၆-၉-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၆၀၀ | ▽ | ၅၈၀၀ | ၆၅၀၀ | △ | ၂၀၀၀ | ၁၉၀၀ | ▽ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၁၇၈၀ | ၁၇၈၀ | ▽ |
| မုံရွာ | ၅၅၀၀ | ၅၅၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၆-၁၀-၂၀၁၈ US$/Ton

| အမျိုးအစား | အောက်တိုဘာဒုတိယပတ် | အောက်တိုဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၃.၀၀ | ၅၃၉.၀၀ | △ |
| RBD P.Olein | ၅၄၂.၀၀ | ၅၃၆.၅၀ | ▽ |
| RBD P.Stearin | ၅၁၃.၀၀ | ၅၁၈.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၆-၁၀-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8°CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၆၂.၃၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၃၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၃.၉၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၁၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၁၁.၉၃ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၆-၁၀-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 °C Max 580 ဒေါ်လာနှင့် USD ဈေး ၁၅၄၃ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။


၂။ ၂၆-၁၀-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၄၃ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# မြန်မာနိုင်ငံ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး

ရီလင်းထွဋ်(မုံရွာ)

အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍသည် မြန်မာနိုင်ငံ၏ စွမ်းအားအကောင်းဆုံး ပို့ကုန်ကဏ္ဍများထဲက တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်ပတင်ပို့သည့် အထည်ချုပ်ကဏ္ဍ၏ တန်ဖိုးမြှင့်ထုတ်ကုန်များဖန်တီးရာတွင် ပြည်ပအထည်အလိပ်ကို ဖြတ်၊ ချုပ်၊ ထုပ်(CMP)စနစ်သည် အဓိကဖြစ်နေပါသည်။ ချည်မျှင်နှင့် အထည်များကိုတော့ တင်ပို့နိုင်ခြင်းမရှိဘဲ တင်သွင်းသုံးစွဲလျက်ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ဝါကိုရှေးယခင်ကတည်းက စိုက်ပျိုးခဲ့ရာဒေသတွင်းနိုင်ငံများအကြား ဝါအဓိက တင်ပို့တဲ့နိုင်ငံဖြစ်ခဲ့ပြီး ပြည်တွင်းချည်မျှင်စက်များ တိုးချဲ့လာပြီးနောက် ပြည်တွင်းတွင် အဓိကသုံးစွဲခဲ့ပါသည်။ ယခင်(၃)နှစ်အတွင်းနှစ်စဉ် စိုက်ဧက(၇)သိန်းကျော် စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရပါသည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ ဝါဂွမ်းအထွက်၏ ထက်ဝက်ခန့်ကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့်တင်ပို့လျက်ရှိပါသည်။ထွက်ရှိသည့်ဝါဂွမ်းများကို နိုင်ငံပိုင်ချည်မျှင်နှင့် အထည်စက်ရုံများနဲ့ ပုဂ္ဂလိကပိုင်ချည်မျှင်စက်ရုံများက ကုန်ကြမ်းအဖြစ်အသုံးပြု၍ ချည်ထုတ်လုပ်ကြပါသည်။

သို့ရာတွင် ဈေးကွက်စီးပွားရေးစနစ်အရ မိမိစိုက်ပျိုးလိုသည့်သီးနှံကို စိုက်ပျိုးခွင့်ပြုခြင်းဖြစ်သဖြင့် တောင်သူများသည် ဈေးကောင်းသောပဲသီးနှံများကို စိုက်ပျိုးလာကြရာတွင် ဝါသီးနှံစိုက်ပျိုးမှုများ လျော့ကျလာခဲ့ပါသည်။ ရာသီဥတုအရမိုးများခြင်း၊ ဝါမျိုးကောင်းမျိုးသန့်နှင့် နည်းပညာ လိုအပ်ချက်များကြောင့် အထွက်နှုန်းကျခြင်း၊ ဝါအရည်အသွေး မကောင်းခြင်းတို့ကြောင့် ဈေးနှုန်းမကောင်းတော့ဘဲ ဝါဈေးကွက် ပျက်စီးသလိုဖြစ်ကာ ဝါစိုက်ပျိုးသည့်တောင်သူနည်းသွားခဲ့ပါသည်။ အကျိုးဆက်အားဖြင့် ဝါဂွမ်းထွက်ရှိမှု လျော့နည်းသွားသဖြင့် နိုင်ငံပိုင်စက်ရုံကြီးအများစုလည်ပတ်နိုင်ခြင်းမရှိတော့ဘဲ ရပ်နားခဲ့ရပါသည်။ မြန်မာချည်များထုတ်လုပ်နိုင်မှုအားနည်း၍ မြန်မာ့ရက်ကန်းလုပ်ငန်းရှင်များသည်လည်း တရုတ်ချည် အနည်းငယ်နှင့် အိန္ဒိယချည်အများအပြားကို ဝယ်ယူတင်သွင်းအသုံးပြုနေရသဖြင့် စရိတ်ပိုမိုကုန်ကျကာ ရက်ကန်းလုပ်ငန်းများပါ အားပျော့လာသည်ကို တွေ့ရပါသည်။

ဝါစိုက်ပျိုး၊ ချည်ထုတ်လုပ်၊ အထည်ရက်လုပ်ခြင်းသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက မြန်မာ့ရိုးရာလုပ်ငန်းတစ်ခုအဖြစ် ထင်ရှားခဲ့ပါသည်။ မြန်မာစကားပုံများအနက် ချည်နှင့်ပတ်သက်သည့် စကားပုံများဖြစ်သော ‘လသာတုန်း ဗိုင်းငင်’၊ ‘ချည်သေးတော့ ခြားမလည်’၊ ‘ချည်ပုဆိုးက ပိုးပေါင်းချင်’တို့သည် ချည်ကိုအလေးအနက်ထားခဲ့ကြောင်း ဖော်ပြနေကြပါသည်။

မြန်မာနိုင်ငံတွင် ဝါသီးနှံကို မန္တလေး၊ မကွေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတို့တွင် အဓိကစိုက်ပျိုးလျက်ရှိပါသည်။ စက်မှုကုန်ကြမ်းသီးနှံဖြစ်သောဝါကို ပြည်တွင်းစက်ရုံများနှင့် ဒေသသုံးလိုအပ်ချက်များ အလုံအလောက်ဖြည့်ဆည်းနိုင်ရန် လိုအပ်ပါသည်။ အထွက်နှုန်းတိုးတက်မြင့်မား၍ အရည်အသွေးကောင်းမွန်သော ဝါများရရှိရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ စိုက်ပျိုးသော တောင်သူများအထွက်နှုန်းတိုးပြီး ဝင်ငွေပိုမိုရရှိလာမှ ပိုမိုစိုက်ပျိုး၍ ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပါသည်။ ဝါအမျိုးအစား ချည်မျှင်ရှည်ဝါတွင် မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍စိုက်ပျိုးကြပြီး ချည်မျှင်တိုဝါ အမျိုးအစားတွင် မလှိုင်နှင့် ဝါကြီး(၂)မျိုး ရှိပါသည်။ ဝါအရည်အသွေးကောင်းရရန်အတွက် ဝါသီးနှံတွင် ကျရောက်တတ်သောပိုးမွှားများကို ကင်းထောက်မှတ်တမ်းများ ကောက်ယူစစ်ဆေးပြီး ကျရောက်သောပိုးမွှားအလိုက် သတ်မှတ်ထားသော စီးပွားရေးကျော်လွန်စည်းကိုရောက်ရှိပါက သင့်တော်သော ပိုးသတ်ဆေးများကို အသုံးပြုပက်ဖျန်းရမည်ဖြစ်ပါသည်။

ဝါမျိုးတစ်မျိုးတည်းအား နှစ်စဉ်ဆက်တိုက်စိုက်ပျိုးခြင်းဖြင့် ၎င်းဝါမျိုး၏ ဗီဇအရည်အသွေးများ ကျဆင်းလာနိုင်ခြင်း၊ ပြင်ပ ပယောဂကြောင့်ရောနှောသွားခြင်း၊ ရောဂါကျရောက်မှုဒဏ်ခံရခြင်းတို့ကြောင့် ဝါမျိုးသစ်များ ထုတ်လုပ်ရန်လိုအပ်ခြင်းဖြစ်ပါသည်။ ကမ္ဘာ့ဝါစိုက်ဒေသအသီးသီးမှ ချည်မျှင်ရှည် ဝါမျိုးများအားစုဆောင်း၍ မျိုးသန့်ထိန်းသိမ်းကာ မြန်မာနိုင်ငံဝါစိုက်ဒေသများနှင့်ကိုက်ညီမည့် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သော ဝါမျိုးများရရှိစေရေးအတွက် မျိုးကူးစပ် မွေးမြူခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကာ အထွက်နှုန်းနှင့် ဝါဂွမ်း အရည်အသွေးကောင်းမွန်သော ငွေချည်-၆၊ ရွှေတောင်-၈ နှင့် ငွေချည်-၉ ဝါမျိုးစေ့များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုကို လက်ရှိတွင် နိုင်ငံတော်ကသာ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသော်လည်း နောင်တွင် တတ်နိုင်စွမ်းသော ပုဂ္ဂလိကကုမ္ပဏီများကပါ ထုတ်လုပ်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ မြန်မာ့မျိုးများဖြင့် လုံလောက်မှုမရှိသဖြင့် အိန္ဒိယနိုင်ငံမှ Raka မျိုးများကိုလည်းတင်သွင်းစိုက်ပျိုးလျက်ရှိကြပါသည်။

မည်သည့်မျိုးစေ့ကိုပင် စိုက်ပျိုးသည်ဖြစ်စေ အပင်ဖြစ်ထွန်းမှုကောင်းပြီး ဝါအထွက်ကောင်းစေရန် ထယ်ရေးကောင်းစွာနက်နက်ညက်ညက်ဖြင့် တစ်ဧကအထွက်နှုန်း မလျော့နည်းစေရန် တစ်ဧကတွင်ရှိရမည့် ဝါပင်အရေအတွက် အပြည့်ရှင်သန်အောင်စိုက်ပျိုးရန်လိုအပ်ပါသည်။ စိုက်ပျိုးချိန် ၄လကျော်အတွင်း သဘာဝမြေဩဇာ ဓာတ်မြေဩဇာထည့်သွင်းခြင်း၊ ပေါင်းမြက်ကင်းစင်စွာထားခြင်း၊ ရေငတ်ခံနိုင်ရေဝပ်ဒဏ်မခံနိုင်သော်လည်း လိုအပ်သည့် ရေပေးရခြင်း၊ စုပ်ပိုး၊ ရွက်လိပ်စားပိုးများအတွက် ဆေးဖျန်းရခြင်း၊ ခြောက်သွေ့သောဝါကို စနစ်တကျကောက်၍ သိုလှောင်ရာတွင် မပျက်စီးစေရန်နေလှမ်းပြီးမှ သိုလှောင်သိမ်းဆည်းခြင်းတို့ဖြင့် ဂရုတစိုက် စိုက်ပျိုးရန်လိုအပ်ပါသည်။ တစ်ဧကဝါအထွက်နှုန်းကို တွက်ချက်ရန် တစ်ဧကဝင်ဆံ့သည့် အပင်ဦးရေအရေအတွက်၊ ဝါအပင်မှကောက်သိမ်းရသည့်ရရှိသည့် ဝါပေါက်အရေအတွက်နှင့် ဝါတစ်ပေါက်အလေးချိန်(ကျပ်သား) အစိုဓာတ်ပါဝင်မှုတို့ကို စံနှုန်းများ သတ်မှတ်ပြီး အခြေခံတွက်ချက်ခန့်မှန်းရခြင်းဖြစ်ပါသည်။ ချည်မျှင်ရှည်ဝါကို ၃ ပေတန်းကြားစိုက်ပျိုးပါက တစ်ဧကလျှင် ၉၆၈၀ ပင်ဝင်ဆံ့ပြီး တစ်ဧကအထွက်နှုန်း ပိဿာ ၁၀၀၀ ခန့်ထွက်ရှိမည်ဖြစ်ပါသည်။ တစ်ဧကကုန်ကျစရိတ် ကျပ် ၆ သိန်းခန့် ကုန်ကျပြီး လက်ရှိဈေးနှုန်းဖြစ်သည့် ဝါဂွမ်းတစ်ပိဿာလျှင်ကျပ် ၁၅၀၀ ဈေးနှုန်းရရှိပါက ကျပ် ၉ သိန်းခန့် အကျိုးအမြတ်ရရှိနိုင်ပါသည်။ ဝါစေ့မှ ဝါစေ့ဆီအဖြစ်လည်း ထုတ်လုပ်နိုင်ပြီး ဝါဖတ်များကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ပါသည်။ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်၍ အလုပ်အကိုင် အခွင့်အလမ်းများရရှိလာမည်ဖြစ်ပါသည်။

ဝါသီးနှံအရည်အသွေးဆိုင်ရာ အခန်းကဏ္ဍကို တိုးမြှင့်ပေးပြီး ဝါသီးနှံအခြေခံစက်မှုလုပ်ငန်းများဖြစ်သော ဝါဂွမ်းထုတ်ခြင်း၊ ချည်မျှင်နှင့် အထည်ရက်လုပ်ခြင်း၊ အဝတ်အထည်ချုပ်လုပ်ခြင်း၊ တန်ဖိုးမြှင့် ဝါစေ့ဆီနှင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်ခြင်းဆိုင်ရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြု အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဝါသီးနှံ မဟာဗျူဟာကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ တတိယမူကြမ်းအဆင့်ကိုရောက်ရှိနေပြီဖြစ်ပါသည်။ ခိုင်မာသော ဝါဈေးကွက်ကောင်းရရှိစေရေးအတွက် Cotton Board များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံပိုင်စက်ရုံအကြီးစားကြီးများဖြစ်နေသဖြင့် တစ်နိုင်တစ်ပိုင်ချည်စက်ငယ်များတင်သွင်းပြီး ဝါအများအပြားစိုက်ပျိုးထုတ်လုပ်သည့် ဒေသများတွင် တည်ဆောက်ထားခြင်း၊ လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်စေရန် ဝါကောက်စက်အသေးစားများ တင်သွင်းဖြည့်ဆည်းခြင်းတို့ကို အစိုးရမှ နမူနာ နည်းပေးလမ်းပြခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူတွေစိတ်ဝင်စားလာပြီး စိုက်ပျိုးထုတ်လုပ်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးဆောင်ရွက်ရန် မဟာဗျူဟာတွင်ပါဝင်ပါသည်။

မိမိတို့နိုင်ငံအတွင်းကို နိုင်ငံခြားအဝတ်အထည်တွေက ဈေးချိုအရောင်အသွေးစုံစွာနဲ့ ဝင်ရောက်နေလို့ အလွယ်တကူဝယ်ယူသုံးစွဲနေကြပေမယ့် မြန်မာ့ရိုးရာချည်ထည်များကို ဂျပန်၊ ကိုရီးယားစတဲ့ ပြည်ပနိုင်ငံများက သဘောကျနှစ်သက်တာကို တွေ့ရသဖြင့် ပြည်တွင်းဖြစ်ကို တန်ဖိုးထားရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်က ရက်ကန်းသင်တန်းကျောင်းများ ဖွင့်လှစ်ကာ နှစ်စဉ်သင်တန်းသားတွေ မွေးထုတ်ပေးလျက်ရှိရာ သဘာဝဆိုးဆေးနည်းပညာများကို ရက်ကန်းပညာနှင့်အတူ သင်ကြားပေးလျက်ရှိပါသည်။ ထိုသင်တန်းကျောင်းများက အသုံးပြုရန်နှင့် ပြည်တွင်း လက်ရက်ကန်းစက်ရက်ကန်းစင်များအတွက် အသုံးပြုရမည့်ချည်များကို ပြည်ပချည်တင်သွင်းနေရမည့်အစား ပြည်တွင်းချည်စက်ရုံများကနေ ထုတ်လုပ်ပေးနိုင်ရန် လိုအပ်လျက်ရှိပါသည်။

ချည်များကို တစ်ပြိုင်နက် အများအပြားထုတ်လုပ်ခြင်းဖြင့် ကုန်ကျစရိတ် ပိုမိုသက်သာစေမည်ဖြစ်ကာ ပြည်ပချည်များကို ယှဉ်ပြိုင်နိုင်စွမ်းရှိမည်ဖြစ်ပါသည်။ အရည်အသွေးကောင်းချည်များကို သင့်တော်သည့်ဈေးနှုန်းဖြင့် ထုတ်လုပ်နိုင်အောင်စက်မှုဝန်ကြီးဌာနကလည်း စီမံဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း (PPP)စနစ်၊ (JV) အကျိုးတူစနစ်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) တွင် အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍပါဝင်ကာ ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားသာချက်ကတော့ ဝါစိုက်ပျိုးရန်မြေများရှိခြင်း၊ ရင်းနှီးမြှုပ်နှံမည့်သူများအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တွင်လည်း အခွန်လျှော့ပေးထားခြင်းတို့ဖြစ်ကာ၊ အားနည်းချက်များကတော့ အရည်အသွေးကောင်းရန် နည်းပညာလိုအပ်ခြင်း၊ အရင်းအနှီး လိုအပ်ခြင်း၊ ကျွမ်းကျင်လုပ်သား လိုအပ်ခြင်းတို့တွေ့ရကာ ပြည်ပမှ မြန်မာ့ချည်ထည်ကို စိတ်ဝင်စားမှုတိုးတက်အားကောင်းနေသည့်အခွင့်အလမ်းကိုရယူ၍ ယှဉ်ပြိုင်မှုစွမ်းအားမြင့်မားနေသော ပြည်ပချည်ဈေးကွက်၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ပါသည်။ “လှံ့လလည်းထု- မိုးလည်းကူ-နွားချေးလည်းချ-ကံလဲမ”ဆိုသည့် ဆိုရိုးစကားပုံကဲ့သို့ ဘက်ပေါင်းစုံက ညီညီညာညာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ရေရှည်တည်တံ့သည့် ဝါသီးနှံတန်ဖိုး ကွင်းဆက်ထုတ်လုပ်မှုများ အောင်မြင်စွာဖြင့် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

# ykdrfiyfkud;xm;aeyl;DS0fw,fuf wiyfukd&Snf uefyfwDkd;Gf&;pcef;

ဝင်းကို

ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်အတွင်း ပါဝင်သော ကုန်သွယ်ရေးစခန်းဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ ၆၅၃၄ ပေအထက်တွင် တည်ရှိပြီး စိမ်းလန်းစိုပြည်သည့် တောင်တန်းများဖြင့် သာယာလှပလျက်ရှိပါတယ်။ နယ်စပ်မြို့လေးဖြစ်သော ကန်ပိုက်တီမြို့လေး၏ တောင်ဘက်တွင် ကန်ပိုက်တီကုန်သွယ်ရေးစခန်းတည်ရှိပါတယ်။ ၂၅-၁၂-၂၀၀၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကာ ၁၆-၆-၂၀၀၆ ခုနှစ်တွင် နယ်မြေဒေသ လုံခြုံရေးအရ ယာယီပိတ်သိမ်းခဲ့ပြီး နယ်မြေအေးချမ်းလာ၍ ၁-၈-၂၀၀၉ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ပေါင်စန်းခရိုင်၊ ထိန်ချုံးမြို့နယ်တို့နှင့် အဓိကကုန်သွယ်မှု ဆောင်ရွက်လျက်ရှိပါတယ်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့သို့ တစ်ဖက်နိုင်ငံမှတင်သွင်းသည့် ကုန်ပစ္စည်းများအနေဖြင့် မော်တော်ဆိုင်ကယ်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဘိလပ်မြေ စသည်တို့အများဆုံး တင်သွင်းပြီး ဈေးကွက်တွင် ဝယ်လိုအားရှိပြီး၊ မြန်မာနိုင်ငံမှ အများဆုံး တင်ပို့ကုန်ပစ္စည်းများဖြစ်သည့် တစ်သျှူးငှက်ပျောသည် တစ်ဖက်နိုင်ငံ ထိန်ချုံးမြို့နယ်၊ ကူရုံးမြို့မှတစ်ဆင့် တရုတ်နိုင်ငံ အတွင်း ရှိပြည်နယ်(၈)ခုသို့ တင်ပို့လျက်ရှိရာ ငှက်ပျောရာသီချိန်ဖြစ်သည့် ဇန်နဝါရီမှ ဇွန်လထိ ကာလများတွင် ငှက်ပျောတင်ပို့ယာဉ်များသည် တစ်ရက်လျှင် ပျမ်းမျှ ၂၂ ဘီးယာဉ် ၂၀၀ စီးခန့်ရှိသည်ဟု သိရှိရပါတယ်။ မြစ်ကြီးနားမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးပြည်တွင်းဈေးကွက်ဖြစ်သည့် မန္တလေးမြို့သို့ ကားလမ်းဖြင့် ၁၂ နာရီဝန်းကျင်၊ ရထားလမ်းဖြင့် ၂၄ နာရီနှင့် လေယာဉ်ဖြင့် ၁ နာရီ စသဖြင့် လမ်းကြောင်း သုံးခုဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်မှုလည်း ကောင်းမွန်လျက်ရှိပါတယ်။

WTO (World Trade Organization) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် တစ်ဖက်သတ်အခွင့်အရေးပေးသည့် အစီအစဉ်များတွင် မြန်မာနိုင်ငံမှ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ စာချုပ်ဝင်အဖွဲ့နိုင်ငံများအကြား အပြန်အလှန် အကောက်ခွန်လျှော့ချသည့် အစီအစဉ်များအတွက် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (CO Form) များကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု ဒေသအရ အပြန်အလှန်အကောက်ခွန်အခွင့်အရေး ပေးသည့် အစီအစဉ်များအတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form E) ထုတ်ပေးလျက်ရှိကြောင်း သိရှိရပြီး ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ရော်ဘာနှင့် စပါးခွံမီးသွေးတောင့် စသည်တို့သည် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ဖြင့် တင်ပို့လျက်ရှိကြောင်း သိရှိရပါ တယ်။

ယခင်က ကန်ပိုက်တီဒေသရှိ တိုင်းရင်းသားလူမျိုးများအနေဖြင့် မိရိုးဖလာတောင်ယာ စိုက်ပျိုးခြင်း၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးပြီး စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပြီးနောက်ပိုင်း ကန်ပိုက်တီဒေသသည် ဒေသခံကုန်သည်များ မရှိသေးဘဲ မြစ်ကြီးနား-ဝိုင်းမော်ဒေသမှ ကုန်သည်များသာ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသဖြင့် ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းအနေဖြင့် ဒေသခံတိုင်းရင်းသားများ၊ ကချင်အထူးအဖွဲ့ (KSR) တပ်ဖွဲ့ဝင် မိသားစုများကို တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ ကုန်သွယ်မှုပြုလုပ်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖြေလျှော့ဆောင်ရွက်ပေးမှုများကြောင့် ကုမ္ပဏီ မထူထောင်နိုင်သေးသော ဒေသခံကုန်သည်ငယ်များအတွက် တစ်ဦးချင်းကုန်သွယ်မှု မှတ်ပုံတင်လက်မှတ် (ITC) Individual Trading Card ဖြင့် ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှုပြုလုပ်နိုင်ရေးကို ၂၂-၄-၂၀၁၃ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိသဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို နားလည်သဘောပေါက်ပြီး ITC ကတ်ဖြင့် ကုန်သွယ်မှုပြုလုပ်လျက်ရှိသည့် ဒေသခံပြည်သူများ ၁၃၀ ကျော်ရှိပြီး ကုန်သွယ်မှုဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလထိ ကုန်သွယ်မှုတန်ဖိုးကျပ် ၇၉၄၈ သန်းဖြစ်ကြောင်းနှင့် ကုမ္ပဏီအနေဖြင့်လည်း ကုမ္ပဏီ ၃၀ ကျော်ရှိလာပြီဖြစ်ကြောင်းသိရှိရပါတယ်။ ယခုလို ကုန်သွယ်မှုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ကုမ္ပဏီများတိုးတက်လာပြီး ကုန်သွယ်မှုများနှစ်စဉ် တိုးတက်လာခြင်းမှာလည်း ဒေသခံတိုင်းရင်းသားများမှ ကူညီစောင့်ရှောက်မှုကြောင့် ကုန်သွယ်မှုလည်း လျင်မြန် ချောမွေ့ စေလျက်ရှိကြောင်းသိရှိရပါတယ်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၂၃ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၁၉၅ သန်း၊ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၅၉ ဒသမ ၀၁၈ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၇၉၆ သန်း၊ သွင်းကုန် အမေ ရိကန်ဒေါ်လာ ၆၇ ဒသမ ၄၄၈ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၉၆ ဒသမ ၂၄၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၆၄ဒသမ ၀၉၄ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၄၇၇ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၅၇၁ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၉၂၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၇၁၈ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၆၄၆ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ(ယာယီ) ပို့ကုန် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၅၀၂ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၃၄ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၂၃၆ သန်းဖြစ်သဖြင့် နှစ်စဉ် ကုန်သွယ်မှုပမာဏ တိုးမြင့်လာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှာ ပို့ကုန်တင်ပို့မှုကို အဓိကအားထားရပြီး နှစ်စဉ်လည်း ပို့ကုန်တိုးတက်တင်ပို့နိုင်ခဲ့ပါတယ်။

ယခုလိုနှစ်စဉ် ကုန်သွယ်မှု တိုးတက်လာမှုကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလျာထားချက်အနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၃၀ သန်းနှင့်သွင်းကုန်အမေရိကန် ဒေါ်လာ ၂၀ သန်း၊စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၀ သန်းလျာထားသည်ဟုသိရှိရပါတယ်၊ ယခုနှစ် ရာသီဥတု ကောင်းမွန်မှုအခြေအနေများကြောင့် တစ်သျှူးငှက်ပျောထွက်ရှိမှု ကောင်းမွန်ပြီး လျာထားချက်ပြည့်မီမည်ဟုလည်း မျှော်လင့်ထားကြောင်းနှင့် ၎င်းအပြင် ဒေသထွက် ဖရဲ၊ ပြောင်းများကိုလည်း တိုးမြှင့် တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရှိရပါတယ်။

ဆက်လက်၍ တရုတ်နိုင်ငံ၏ အဓိက စီမံကိန်းကြီးဖြစ်သည့် One Belt One Road ပိုးလမ်းမကြီး စီမံကိန်းအရ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် ကူမင်းထိ အမြန်လမ်းမကြီး ဖောက် လုပ်ပြီးစီးပြီးဖြစ်ကြောင်း ကူမင်းမှ မြန်မာနိုင်ငံနယ်စပ် ပေါင်စန်းခရိုင်၊ထိန်ချုံးမြို့နယ် ၊ ကူရုံးမြို့ထိ ဆက်လက်ဖောက်လုပ်လျက်ရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံ နယ်စပ် ကန်ပိုက်တီမြို့မှ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့သို့ ၁၂၀ ကီလိုမီတာ၊ မြစ်ကြီးနား-မိုးကောင်း-တနိုင်း-ပန်ဆောင် အိန္ဒိယနယ်စပ်ထိ ၃၇၇ ကီလိုမီတာဖြစ်သဖြင့် စုစုပေါင်း တရုတ်-မြန်မာ-အိန္ဒိယနယ်စပ်ထိ ၄၉၇ ကီလိုမီတာ ရှည်လျားပြီး အမြန်လမ်းမ ဖောက်လုပ်လျက်ရှိကြောင်း၊ အမြန်လမ်းဖောက်လုပ်ပြီးစီးမှုအနေဖြင့် မြစ်ကြီးနား-နမ္မတီးထိ ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဖောက်လုပ်ပြီးစီးလျက်ရှိပြီး နမ္မတီး-လဝါးထိ ထိန်ချုံး လမ်းတံတား ဆောက်လုပ်ရေးကုမ္ပဏီမှ ၃၂ ကီလိုမီတာ ကတ္တရာလမ်း ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ မြစ်ကြီးနား မှတနိုင်းထိ တံတားခြောက်စင်းအားလည်း ဆောက်လုပ်ပြီးဖြစ်ကြောင်း၊ အိန္ဒိယ-မြန်မာနိုင်ငံ နယ်စပ်မြို့ဖြစ်သည့် ပန်ဆောင်မြို့ထိ အမြန်လမ်းမကြီးအား ဖောက်လုပ်လျက်ရှိရာ နယ်မြေဒေသလုံခြုံရေး အရ ယခု ချိန်ခါတွင် ဆက်လက်ဆောင်ရွက် ခြင်းမပြုသေးဘဲ ခေတ္တဆိုင်းငံ့ထားပြီး နယ်မြေအေးချမ်းပါက အိန္ဒိယနယ်စပ်မျဉ်းအရောက် ၄ ဒသမ ၈ကီလိုမီတာ အိန္ဒိယနိုင်ငံ၏ နယ်စပ်မြို့ဖြစ်သည့် နန်ပေါင်ကျေးရွာလီဒိုးမြို့ထိ ၁၁ဒသမ၂ကီလိုမီတာ ကားလမ်းဖြင့် သွားလာနိုင်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံမှလည်း တရုတ်နိုင်ငံ၏ အဓိကစီမံကိန်းကြီးဖြစ်သည့် One Belt One Road ပိုးလမ်းမကြီး စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်လျက်ရှိပြီး ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုအရ နယ်စပ် ဒေသစီးပွားရေးဇုန်များ တည်ထောင်အကောင်အထည် ဖော်ဆောင်ရွက်မည့် စီမံကိန်းများထဲတွင် ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ကုန်သွယ်ရေးဇုန် တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရန်အတွက် Plan များ ချမှတ်ဆောင်ရွက်လျက်ရှိကာ မြေ ၂၀၅ ဧကဝန်းကျင်ခန့်တွင် မြေပြုပြင်ခြင်းလုပ်ငန်းများဖြင့် ကန်ပိုက်တီ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ မြေထိုးပြုပြင်ဆောင်ရွက်ပြီးစီးမှုသည်လည်း ၇၀ ရာခိုင်နှုန်း ပြီးလုနီးပါးဖြစ်ကြောင်း သိရှိရပါတယ်။ ဒါကြောင့် ယခုဆောင်ရွက်နေသော ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည် ကန်ပိုက်တီကုန်သွယ်ရေးဇုန်အဖြစ် တိုးမြှင့်ဆောင်ရွက်လာပါက ဒေသဖွံ့ဖြိုးမှုသည်လည်း အရှိန်အဟုန်မြင့် တိုးတက်လာနိုင်သဖြင့် ကချင်ပြည်နယ်သည် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်များတွင် ဖွံ့ဖြိုးမှုလျင်မြန်စွာ တိုးတက်လာနိုင်ကြောင်း သိရှိရပါတယ်။

# မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုလျင်မြန် အရှေ့တောင်အာရှ၏ စမတ်စီးတီးတွင်ပါဝင်

မန္တလေးမြို့၏ဖွံ့ဖြိုးတိုးတက်မှုသည် နှစ်နှစ်ကျော်ကာလအတွင်း လျင်မြန်စွာ တိုးတက်ပြောင်းလဲလာခဲ့သဖြင့် အရှေ့တောင်အာရှနိုင်ငံများမှ စမတ်စီးတီး ၁၀ မြို့တွင် မန္တလေးမြို့လည်း ပါဝင်ကြောင်း Cio-asia.com တွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးနှင့်အတူ ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၊ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၊ ထိုင်းနိုင်ငံ ဖူးခက်မြို့၊ အင်ဒိုနီးရှားနိုင်ငံ မကစ်ဆာမြို့၊ ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းမြို့၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ဖိလစ်ပိုင်နိုင်ငံ နယူးကလပ်စီတီးမြို့တို့ရွေးချယ်ခံရသည်။

မန္တလေးမြို့သည် မြန်မာဘုရင် နောက်ဆုံးထီးနန်းစိုက်ရာ မင်းနေပြည်တော်ဖြစ်ခဲ့ပြီး မြို့ရိုးနှင့် ကျုံးထိန်းသိမ်းထားနိုင်ကာ ယဉ်ကျေးမှုမြို့တော်အဖြစ် ရပ်တည်လျက်ရှိသည်။

မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ရေပေးရေး၊ အမှိုက်စွန့်ပစ်မှုဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ရေဆိုးသန့်စင်ခြင်း လုပ်ငန်းများကိုလည်း ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ပြင်သစ်ဖွံ့ဖြိုးရေးဆိုင်ရာ အကူညီပေးရေးဆိုင်ရာ အေဂျင်စီများနှင့်ပူးပေါင်း၍ နည်းပညာနှင့် ငွေကြေးအထောက်အပံ့ရယူကာ မြို့ပြဖွံ့ဖြိုးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ဘဏ္ဍာနှစ်အလိုက် မန္တလေးမြို့ဝင်မြို့ထွက်လမ်းမကြီးများ၊ မြို့တွင်းလမ်းများနှင့် ဆင်ခြေဖုံးရပ်ကွက်လမ်းများ အဆင့်မြှင့်တင် နိုင်လွန်ကတ္တရာလမ်းများ ခင်းပေးနိုင်ခြင်း၊ နိုင်ငံတကာအဆင့်မီ LED မီးများ တပ်ဆင်ပေးနိုင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အချက်ပြမီးပွိုင့်သစ်များ လမ်းဆုံများတွင် တပ်ဆင်ပေးနိုင်ခြင်းနှင့် ၂၄ နာရီ စောင့်ကြည့်စီစီတီတီဗွီများ တပ်ဆင်ပေးနိုင်ခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးနိုင်ခြင်းသည် စမတ်စီးတီးအဖြစ် ရွေးချယ်ခံရခြင်းအတွက် အထောက်အကူပြုကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် အောက်တိုဘာနောက်ဆုံးပတ်အတွင်းဈေးနှုန်းမြင့်တက်ခဲ့သည့်နိုင်ငံပေါင်း ၁၇ နိုင်ငံရှိ၍ Montenegro နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၂၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၆၁ နိုင်ငံရှိပြီး ကမ္ဘောဒီးယား၊ တရုတ်၊ ဒိန်းမတ်၊ အစ္စရေး၊ လာအို၊ မလေးရှား၊ မက္ကဆီကို၊ နီပေါ၊ ပါကစ္စတန်၊ ကာတာ၊ ရုရှား၊ စင်ကာပူ၊ တောင်အာဖရိက၊ ထိုင်ဝမ်၊ အာရပ်စော်ဘွားနိုင်ငံနိုင်ငံတို့ ပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၃၃ နိုင်ငံရှိ၍ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ ချက်သမ္မတနိုင်ငံ၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟောင်ကောင်၊ အိန္ဒိယ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ဖိလစ်ပိုင်၊ ပေါ်တူဂီ၊ စပိန်၊ ဆွစ်ဇာလန်၊ ထိုင်း၊ ယူကရိန်း၊ UK၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်ပြီး ယခင် တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် ဥရောပနိုင်ငံအများစုတွင် ဓာတ်ဆီဈေးနှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်း နိုင်ငံသည် ၂ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်း အသီးသီးဈေးနှုန်း ကျဆင်းခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ကျန်ရှိသော အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် အောက်တိုဘာလ စတုတ္ထပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိခဲ့၍ (Lithuania) နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၁၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် ကမ္ဘောဒီးယား၊ တရုတ်၊ ဟောင်ကောင်၊ အစ္စရေး၊ လာအို၊ မလေးရှား၊ မက္ကစီကို၊ နီပေါ၊ ပါကစ္စတန်၊ ကာတာ၊ စင်ကာပူ၊ တောင်အာဖရိက၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ထိုင်း၊ အာရပ်စော်ဘွားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများ အပါအဝင် ၆၁ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၂၂ နိုင်ငံရှိပြီး ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ ဖိလစ်ပိုင်၊ ဒိန်းမတ်၊ နယ်လ်သာလန်၊ ဂျာမနီ၊ အိန္ဒိယ၊ ပေါ်တူဂီ၊ ပြင်သစ်၊ စပိန်၊ ကနေဒါ၊ ဂရိ၊ ဆွိဒင်၊ နော်ဝေ၊ နယူးဇီလန်နှင့် အမေရိကန် စသည့်နိုင်ငံတို့ဖြစ်ကာ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဈေးနှုန်းကျဆင်းခဲ့ကြောင်းနှင့် ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၇၀ | ၀.၆၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇ | ၀.၈ |
| ၃ | ထိုင်း | လီတာ | ၁.၁၄ | ၀.၉၁ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၆ | ၀.၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၅ | ၁.၃၁ |
| ၆ | မလေးရှား | လီတာ | ၀.၅၃ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၂ | ၀.၉၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၈ | ၀.၉၅ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဖြင့်လည်းကောင်း၊ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၇ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့် လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက နိုင်ငံအသီးသီးရှိ ဆန်ဈေးနှုန်းများမှာ ဈေးနှုန်းအတက်အကျ ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

နိုင်ငံတကာသတင်းအနေဖြင့် အိန္ဒိယနိုင်ငံ၏ ဆန်ပို့ကုန် လုပ်ငန်းရှင်များထံသို့ဆန်ဖိုး ရူပီးကုဋေ ၁၀၀၀ (အမေရိကန် ဒေါ်လာသန်း ၁၄၀ ဝန်းကျင်) ပေးချေရန် ပျက်ကွက်ခဲ့သော အီရန် နာမည်ကြီး ဆန်သွင်းကုန်လုပ်ငန်း Mohsin သည် အီရန်နိုင်ငံတွင် ဒေဝါလီခံလိုက်ရသဖြင့် အိန္ဒိယဆန် ပို့ကုန်လုပ်ငန်းများအတွက် ဆန်တန်ဖိုး ပြန်လည်ရရှိရန်မှာ သေချာမှုမရှိကြောင်း အိန္ဒိယကုန်သွယ်ရေးအသိုင်းအဝိုင်း၏ ပြောကြားချက်အရ သိရှိရပါသည်။ ထိုသတင်းသည် အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းများအကြားတွင် ဂယက်ရိုက်ခတ်ခဲ့ပြီး ကြီးမားသော ဆုံးရှုံးမှုပမာဏကြောင့် အလတ်စားနှင့် အသေးစား ဆန်ပို့ကုန်လုပ်ငန်းများမှာ လုပ်ငန်းပိတ်သိမ်းရမည့်အခြေအနေကို ဆိုက်ရောက်လာနိုင်ကြောင်း သိရှိရပါသည်။

အိန္ဒိယ ဆန်ပို့ကုန်လုပ်ငန်းများသည် အီရန်ကုမ္ပဏီများ၏ ငွေပေးချေရန် ပျက်ကွက်မှုကို ရင်ဆိုင်နေရသောကြောင့် အီရန်နိုင်ငံသို့ဆန်တင်ပို့မှုကို ရပ်ဆိုင်းရန် စဉ်းစားလာကြသည်။ အီရန်သည် နိုဝင်ဘာလမှစတင်၍ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုနှင့်လည်း ရင်ဆိုင်ရနိုင်ဖွယ်ရှိနေသည်။ Mohsin နှင့် အခြားအီရန်လုပ်ငန်းများက ငွေပေးချေရန်ပျက်ကွက်ခဲ့သည့် ဆန်ဖိုးပမာဏ အတိအကျကို စုံစမ်းနိုင်ခြင်းမရှိသော်လည်း အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းများ၏အဆိုအရ ရူပီးကုဋေ ၈၀၀ မှ ၁၅၀၀ (ဒေါ်လာ ၁၁၀-၂၀၅ သန်း) အထိ ရှိနေသည်ကိုလည်း သိရှိရပါသည်။

Mohsin လုပ်ငန်းသည် ဆန်ဖိုးငွေများကို အလွဲသုံးစားပြုလုပ်ခဲ့သဖြင့် ငွေပေးချေရန်ပျက်ကွက်ခဲ့ခြင်းဖြစ်နိုင်သည်ဟု အိန္ဒိယ ပို့ကုန်လုပ်ငန်းရှင်များက စွပ်စွဲထားကြောင်းကိုလည်း သိရှိရပါသည်။ Mohsin နှင့် အခြားအီရန် သွင်းကုန်လုပ်ငန်းများ၏ ငွေပေးချေမှုအပေါ် ပျက်ကွက်ခြင်းကို ယခုနှစ်၊ ဩဂုတ်လတွင် စတင်ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယသည် အီရန်သို့ ဘာစမာတီဆန်ကို ပမာဏ အမြောက်အမြား တင်ပို့လေ့ရှိသည်။ လတ်တလော တွင် အီရန်အစိုးရက အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် အီရန်ငွေတန်ဖိုး ထိုးကျနေသည်ကို ကာကွယ်ရန် အီရန်သွင်းကုန် လုပ်ငန်းများထံသို့ အမေရိကန်ဒေါ်လာနှင့် ယူရိုငွေများကို တန်ဖိုးများစွာလျှော့ချထားသည့်နှုန်းဖြင့် ပံ့ပိုးရောင်းချပေးနေသည်။

Mohsin အပါအဝင် အီရန်သွင်းကုန်လုပ်ငန်းများ၏ ငွေပေးချေမှုအပေါ် ပျက်ကွက်မှုကိစ္စကို အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ဒေလီမြို့၌ရှိသော အီရန်သံရုံးအရာရှိများထံ တင်ပြထားကြောင်းနှင့် ဆန်ဖိုးငွေများမဆုံးရှုံးစေရန် ကြိုးစားဆောင်ရွက်နေသည်ကိုလည်း အိန္ဒိယဆန်ပို့ကုန် လုပ်ငန်းရှင်များအသင်း၏ ပြောကြားချက်အရ သိရှိရပါသည်။ သို့သော် အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များ အသင်းအနေဖြင့် နောက်တစ်ဆင့် အရေးယူဆောင်ရွက်မှုများ မပြုလုပ်မီ Mohsin လုပ်ငန်း၏ ဒေဝါလီခံမှုကို စုံစမ်းသွားမည်ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

အီရန်လုပ်ငန်းများ၏ ငွေကြေးပျက်ကွက်မှုများအနက် Mohsin လုပ်ငန်းမှာ ပမာဏအများ ဆုံးဖြစ်သည်။ လတ်တလောတွင် အိန္ဒိယနိုင်ငံ၊ အမယ်ဒါဘတ်မြို့မှ လယ်ယာစားသောက်ကုန်နှင့် စားသုံးဆီလုပ်ငန်းသည် အီရန်ကုမ္ပဏီထံမှ Mohsin အမှတ်တံဆိပ်ကို လွှဲပြောင်းဝယ်ယူထားသည်ကိုလည်း သိရှိရပါသည်။ Mohsin ကုမ္ပဏီသည် လတ်တလောတွင် အခက်အခဲများကြုံတွေ့နေရသော်လည်း အီရန်နိုင်ငံ၌ Mohsin ကို နာမည်ကြီး စားသောက်ကုန် အမှတ်တံဆိပ်တစ်ခုအဖြစ် အသိအမှတ်ပြုထားကြသည်။ အိန္ဒိယနိုင်ငံ၊ အမယ်ဒါဘတ်မြို့မှ လယ်ယာစားသောက်ကုန်နှင့် စားသုံးဆီလုပ်ငန်းသည် Mohsin အမှတ် တံဆိပ်ကိုသာ ရယူထားသည်ဖြစ်၍ အီရန်ကုမ္ပဏီက ပေးချေရမည့် ကြွေးမြီများအတွက် တာဝန်မရှိကြောင်း လုပ်ငန်းတွင်းပုဂ္ဂိုလ် များကပြောကြားထားကြောင်း သိရှိရပါသည်။

သို့သော် အိန္ဒိယနိုင်ငံ၏ ငွေဆုံးရှုံးသောပို့ကုန်လုပ်ငန်းများသည် Mohsin အမှတ်တံဆိပ်ကို လွှဲပြောင်းဝယ်ယူထားသော Adani Wilmar ကုမ္ပဏီထံသို့ လာရောက်၍ ဆန်ဖိုးရရှိဖို့ရန် တောင်းခံလာနိုင်သည်ကို ဆန်လုပ်ငန်း၏ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ Adani Wilmar ၏ အကြီးအကဲများထံသို့မှတ်ချက်တောင်းခံရန် အဆက်အသွယ်ပြုလုပ်ခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိပေ။ အိန္ဒိယနိုင်ငံသည် ဘာစမာတီဆန်တင်ပို့မှုအနက် ၂၅ ရာခိုင်နှုန်းကို အီရန်သို့ရောင်းချနေသည်။ အီရန်သည် စက်တင်ဘာလအထိ လေးလခန့်ကို သွင်းကုန်ခွန် လျှော့ချပေးခဲ့ပြီး ၎င်းကာလနောက်ပိုင်းတွင် ပြည်တွင်းဆန်များဈေးကွက်သို့ ဝင်ရောက်လာသည့်အခါတွင် သွင်းကုန်ခွန်ကို ပြန်လည်မြှင့်တင်ခဲ့သည်။

အီရန်ဈေးကွက်သို့ဆန်တင်ပို့ရာတွင် အခွန်သက်သာသည့်ကာလနည်းပါးခြင်းကြောင့် အပြိုင်အဆိုင်တင်ပို့ရသဖြင့် တချို့သော အိန္ဒိယပို့ကုန်လုပ်ငန်းများသည် လယ်ယာကုန်စည်နှင့် စားသောက်ကုန်စည် ပို့ကုန်ဖော်ဆောင်ရေးအာဏာပိုင်အဖွဲ့ (APEDA) ထံ စာရင်းပေးသွင်းခြင်း၊ ဘဏ်တွင် တရားဝင်ငွေထုတ်ခွင့်ပေးစာ (Letter Of Credit) ဖွင့်လှစ်ခြင်းမပြုလုပ်ဘဲ ဒူဘိုင်းမှ တစ်ဆင့် အီရန်သို့ ဆန်တင်ပို့ခဲ့ခြင်းများ ပြုလုပ်နိုင်ဖွယ်ရှိခဲ့သည်။ ထိုသို့လုပ်ဆောင်ခဲ့ပါက ပျက်ကွက်ငွေများကို ပြန်လည်တောင်းခံရာတွင် ပိုမို၍ရှုပ်ထွေးပြီး အခက်အခဲများဖြစ်လာနိုင်လိမ့်မည်ဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

Thai Rice Exporters Association ၏ နောက်ဆုံးအစီရင်ခံစာအရ နိုင်ငံခြားကုန်သွယ်မှုဌာန၏ ကောက်ယူခဲ့သော အချက်အလက်စစ်တမ်းများအရ **စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၇၀ ဒေါ်လာနှုန်းဖြင့် ၂၇ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၉ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသော နိုင်ငံများတွင် ပါဝင်ပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်းအနည်းဆုံး၊ အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၁၉ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၂.၀၁ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Barbados | လီတာ | ၁.၉၄ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | အိုက်စလန် | လီတာ | ၁.၉၂ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | နယ်သာလန် | လီတာ | ၁.၉၀ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၀ | နော်ဝေ | လီတာ | ၁.၉၄ |
| ၂ | အီရန် | လီတာ | ၀.၀၇ | အိုက်စလန် | လီတာ | ၁.၉၂ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | ဆွီဒင် | လီတာ | ၁.၈၂ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၂ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွစ်ဇာလန် | လီတာ | ၁.၇၉ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၃ | ၁.၀၁ |
| ၂ | ဂျပန် | လီတာ | ၁.၃၉ | ၁.၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၅ | ၁.၀၆ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ


| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၀.၁၀.၂၀၁၈ | စည် | ၆၈.၆၅ |
| ၂ | ၂၂.၁၀.၂၀၁၈ | စည် | ၆၉.၃၆ |
| ၃ | ၂၃.၁၀.၂၀၁၈ | စည် | ၆၆.၄၃ |
| ၄ | ၂၄.၁၀.၂၀၁၈ | စည် | ၆၆.၈၂ |
| ၅ | ၂၅.၁၀.၂၀၁၈ | စည် | ၆၇.၃၃ |

source : http://www.oil-price.net/

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရေနံစိမ်းဈေးကွက် ကျဆင်းခဲ့ခြင်းကြောင့် ဓာတ်ဆီဈေးနှုန်းအပေါ် အကျိုးပြုခဲ့ပြီး ဓာတ်ဆီဈေးနှုန်း

ကြယ်စင်(တန့်ဆည်မြေ)

အနေဖြင့် ဥရောပနိုင်ငံများတွင် သုည ဒသမ ၃ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် သုည ဒသမ ၁ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၁ ဒသမ ၂ ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံတွင် ၂ ဒသမ ၅ ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့ကြောင်း တွေ့ရှိရပြီး ကမ္ဘာ့ဓာတ်ဆီဈေးမှာ အကျဘက်သို့ ဦးတည်ခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်း ဈေးနှုန်းပြောင်းလဲမှုအား Global Petrol Prices Website တွင် အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြထားပါသည် -




စာမျက်နှာ ၃၂ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ဒေါ်လာငွေဈေးနှင့် ရွှေဈေးကွက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၈၀ ကျော်၊ အခေါက်ရွှေဈေးတစ်ကျပ်သားလျှင် ကျပ် ၁၀၂၁၀၀၀ ကျော်ဖြင့် ဒေါ်လာနှင့်ရွှေဈေးသည် ယခုရက်ပိုင်းအမြင့်ဈေး၌ ငြိမ်နေကြောင်း သိရှိရပါသည်။ ငွေကြေးကစားသူများကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဖမ်းဆီးအရေးယူခြင်းကြောင့် ဒေါ်လာဈေး ဆက်တိုက် ကျဆင်းနေရာမှ အောက်တိုဘာလဆန်းတွင် ပြန်လည်မြင့်တက်လာပြီး လက်ရှိ၌ ဒေါ်လာသည် အမြင့်ဈေးတွင် တည်ငြိမ်နေကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ သိရသည်။

ပြင်ပငွေဈေးကွက်တွင် ယခင်ကကဲ့သို့ရောင်းဈေး/ဝယ်ဈေးကွာဟမှု မကြီးမားတော့ကြောင်းနှင့် တစ်ဒေါ်လာလျှင် ကျပ် ၂၀ လောက်အထိ အများဆုံး ကွာဟသဖြင့် ငွေဈေးအတက်/အကျ မများတော့ကြောင်းသိရှိရသည်။ အောက်တိုဘာ ၁၉ ရက်တွင် ပြင်ပဈေးကွက်၌ဒေါ်လာ ဝယ်လိုအား ၂ ဒသမ ၅ သန်းရှိပြီး ဗဟိုဘဏ်က တစ်ဒေါ်လာလျှင် ၁၅၄၁ ကျပ်ဖြင့်ဈေးဖွင့်ပြီး ဒေါ်လာ ၃၀၀ ထုတ်ရောင်းခဲ့သည်ဟု ဗဟိုဘဏ်က ထုတ်ပြန်ထားပါသည်။

ပြည်တွင်းအခေါက်ရွှေဈေးသည် အမြင့်နှုန်းဖြစ်သည့် တစ်ကျပ်သားလျှင် ကျပ် (၁၀၂၁၀၀၀)အထက်တွင် ပေါက်ဈေးရှိနေပြီး ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာဈေးကြောင့် ယခုကဲ့သို့ မြင့်တက်နေကြောင်း ရွှေအရောင်းအဝယ် လုပ်ကိုင်သူများထံမှ သိရှိရပါသည်။

ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁၄၀၀ ဒေါ်လာကျော်အထိ ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိခဲ့ဖူးပါကြောင်း၊ ပြည်တွင်းရွှေဈေးနှုန်းအမြင့်ဆုံးအထိ မြင့်တက်ခဲ့သောကာလတွင် ကမ္ဘာ့ရွှေဈေးမှာ ကျဆင်းနေသော်လည်း ဒေါ်လာငွေကြေးဈေးနှုန်း ဖောင်းပွမှုများကြောင့် ရွှေဈေးနှုန်း မြင့်မားမှုဖြစ်ခဲ့ရကြောင်း ဈေးကွက်အတွင်းမှ လေ့လာသိရှိရပါသည်။ စက်တင်ဘာလ ၂၁ ရက်နေ့မှ အောက်တိုဘာလ ၂၆ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့်

စာမျက်နှာ ၂၉ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေးအနေဖြင့် ယခင်အပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် ဈေးနှုန်း များဆက်လက်မြင့်တက်လာကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် အောက်တိုဘာ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၉၅ ပေါက်ဈေးရှိခဲ့ရာမှ ဆက်လက်မြင့်တက်လာခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် အမေရိကန်ဒေါ်လာ ၃၈၅ ဒသမ ၃၀ အထိ ဈေးမြင့်တက်လာခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 24-Oct-18 | 14.06 cts/lb | 13.41 cts/lb | 385.30 $/T | 17.48 cts/lb |
| 23-Oct-18 | 13.91 cts/lb | 13.29 cts/lb | 379.35 $/T | 17.21 cts/lb |
| 22-Oct-18 | 13.93 cts/lb | 13.18 cts/lb | 376.50 $/T | 17.08 cts/lb |
| 19-Oct-18 | 13.99 cts/lb | 13.03 cts/lb | 379.00 $/T | 17.19 cts/lb |
| 18-Oct-18 | 13.92 cts/lb | 12.83 cts/lb | 378.25 $/T | 17.16 cts/lb |
| 17-Oct-18 | 13.79 cts/lb | 12.61 cts/lb | 377.45 $/T | 17.12 cts/lb |
| 16-Oct-18 | 13.36 cts/lb | 12.40 cts/lb | 365.80 $/T | 16.59 cts/lb |
| 15-Oct-18 | 13.52 cts/lb | 12.24 cts/lb | 370.70 $/T | 16.81 cts/lb |
| 12-Oct-18 | 13.18 cts/lb | 12.07 cts/lb | 363.25 $/T | 16.48 cts/lb |
| 11-Oct-18 | 13.05 cts/lb | 11.95 cts/lb | 362.10 $/T | 16.42 cts/lb |
| 10-Oct-18 | 12.99 cts/lb | 11.84 cts/lb | 357.05 $/T | 16.20 cts/lb |
| 9-Oct-18 | 13.11 cts/lb | 11.73 cts/lb | 355.05 $/T | 16.10 cts/lb |
| 8-Oct-18 | 13.06 cts/lb | 11.61 cts/lb | 351.45 $/T | 15.94 cts/lb |
| 5-Oct-18 | 12.74 cts/lb | 11.49 cts/lb | 347.65 $/T | 15.77 cts/lb |
| 4-Oct-18 | 12.47 cts/lb | 11.43 cts/lb | 342.70 $/T | 15.54 cts/lb |
| 3-Oct-18 | 12.37 cts/lb | 11.41 cts/lb | 339.65 $/T | 15.41 cts/lb |
| 2-Oct-18 | 12.17 cts/lb | 11.40 cts/lb | 333.70 $/T | 15.14 cts/lb |
| 1-Oct-18 | 11.70 cts/lb | 11.37 cts/lb | 326.95 $/T | 14.83 cts/lb |

Source: www.isosugar.org

စာမျက်နှာ ၃၂ သို့

Vol: 18, No.43 Monday October 29 2018

# စိန်ခေါ်မှုများရှိနေသည့် ထိုင်းနိုင်ငံ၏ ၂၀၁၉ ပို့ကုန်လျာထားချက်

ထိုင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် ဦးဆောင်ကျင်းပသော အောက်တိုဘာ ၁၈ ရက်နေ့ အစည်းအဝေးတွင် တိုင်းစီးပွား/ကူးသန်းမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ကြပြီး အမေရိကန်-တရုတ်ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုမှာ ရှည်ကြာလာပြီဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ပုဂ္ဂလိကကဏ္ဍမှ ၅ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်းနှင့် ပို့ကုန်ကဏ္ဍကို ၈ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားကြောင်း၊ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်လာသဖြင့် ပြည်တွင်းထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားလာခြင်းသည် စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေကြောင်း၊ နိုင်ငံခြားငွေလဲနှုန်းတွင် ဘတ်ငွေတန်ဖိုး တည်ငြိမ်မှုမရှိခြင်းကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ပို့ကုန်ကဏ္ဍတိုးတက်စေရန် အစိုးရနှင့် ပုဂ္ဂလိကလက်တွဲဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ ၂၀၁၈နှင့်၂၀၁၉နှစ်နှစ်လုံးတွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းကို ၃ ဒသမ ၇ ရာခိုင်နှုန်း ခန့်မှန်းထားကြောင်းနှင့် အမေရိကန်-တရုတ်အပြန်အလှန် အကောက်ခွန်နှုန်းတိုးမြှင့်ခြင်းကြောင့် ဥရောပ၊ ဗြိတိန်နှင့် ဂျပန်တို့တွင် အတိုးနှုန်း မြင့်မားလာကြောင်း၊ ယခု နှစ်တွင် ပို့ကုန် ၈ ရာခိုင်နှုန်း တိုးတက်ပြီး ကန်ဒေါ်လာ ၂၅၆ ဘီလီယံ(ဘတ် ၈ ဒသမ ၃၃ ထရီလီယံ)ရရှိရန် မျှော်မှန်းထားပြီး လာမည့်နှစ်တွင်လည်း ပို့ကုန်ကဏ္ဍ ၈ ရာခိုင်နှုန်းတိုးတက်ပြီး ကန်ဒေါ်လာ ၂၇၆ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း ဒုတိယဝန်ကြီးချုပ် Somkid Jatusripitak က ပြောကြားခဲ့ပါ သည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Sontirat Sortijirawong ကလည်း ဈေးကွက်သစ်ရှာဖွေရန်လိုကြောင်း၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးလာသဖြင့် ၂၀၁၉ ခုနှစ်တွင် ပို့ကုန် ကဏ္ဍ ၈ ရာခိုင်နှုန်း တိုးတက်ရန်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ထိုင်းကုန်သွယ်ရေးစင်တာ ရုံးခွဲ(၆၄) ရုံးက ပြောင်းလဲနေသည့် အခြေအနေနှင့်လျော်ညီစွာ မိမိတို့၏ ပို့ကုန်တင်ပို့သူများနှင့် ပုဂ္ဂလိကကဏ္ဍ မြှင့်တင်နိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ အကြံဉာဏ်များ ပေးသင့်ကြောင်း ပြောကြားခဲ့ပါသည်။

Federation of Thai Industries (FTI)မှ ၂၀၁၉ ခုနှစ်တွင် ယခုနှစ်တိုးတက်မှုနှုန်းထက် လျော့နည်းသွားနိုင်ကြောင်း၊ ယခုနှစ်တွင် ပို့ကုန် ၈ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ တိုးမြှင့်နိုင်သော်လည်း ၂၀၁၉ ခုနှစ်တွင် ၄ရာခိုင်နှုန်းမှ ၅ရာခိုင်နှုန်းထိသာ တိုးတက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ခိုင်ခိုင်စိုး**

**Source: Bangkok Post သတင်းစာ**

# မြိတ်ကုန်သွယ်ရေးစခန်းတွင် ITC ကတ် (တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်) Online အစီအစဉ်ဖြင့် ရယူနိုင်

ဒေသနေ တိုင်းရင်းသားလုပ်ငန်းရှင်များ ရိုးရှင်းလွယ်ကူစွာ တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်နိုင်ရန်၊ တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိပြီး ကုန်သွယ်မှုပမာဏ တိုးမြှင့်လာစေရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ တိုးတက်ရရှိရန်ရည်ရွယ်၍ မြိတ်ကုန်သွယ်ရေးစခန်းတွင် တနင်္သာရီတိုင်းဒေသနေ ပြည်သူများအား တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်(ITC)ကတ်များကို ၂၀၁၂ ခုနှစ်မှစ၍ စတင်ထုတ်ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလထိ ပုံမှန်အစီအစဉ်ဖြင့် ကတ်ခွင့်ပြုထုတ်ပေးမှု ၇၂ စောင်ထုတ်ပေးဆောင်ရွက်လျက်ရှိရာမှ E-Government တိုးတက်ဆောင်ရွက်ခြင်း၊ Digital Trade in Digital Economy အသုံးပြု ကူးသန်းရောင်းဝယ်မှုများ လုပ်ဆောင်လာနိုင်ရန် ရရှိလာမည့်အခွင့်အလမ်းများ၊ ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖြစ်ပေါ်နေမှုများ သိရှိစေရန်၊ လုပ်ငန်းရှင်များ၏ လက်ရှိကြုံတွေ့နေရသော အခက်အခဲများပေါ်တွင် သိရှိနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစ၍ ITC ကတ် ထုတ်ပေးမှုအား Online အစီအစဉ်ဖြင့် သက်ဆိုင်ရာဘဏ်အပါအဝင် ဌာနအသီးသီးတို့ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ Online အစီအစဉ်ဖြင့် အပါအဝင် ITC ထုတ်ပေးမှု ၇၃ စောင် ထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရပါသည်။

**မြတ်ထွန်းကျော်(မြိတ်)**

# ကုန်သွယ်မှုများ အပတ်စဉ်တိုးတက်လျက်ရှိသည့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများအနက်ဒုတိယအကြီးဆုံးစခန်းဖြစ်သည့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းအနေနဲ့ ကုန်သွယ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ဌာနဆိုင်ရာများနဲ့ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်း၊ ကုန်သည်လုပ်ငန်းရှင်များကို တွန်းအားပေး စည်းရုံးကူညီဆောင်ရွက်ပေးခြင်းများကို အားစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အတွက် ကုန်သွယ်မှုများအပတ်စဉ် တိုးတက်လျက်ရှိပါတယ်။

ယခင်သီတင်းပတ် အောက်တိုဘာလ ၆ ရက်မှ၁၂ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၀၇ သန်း နဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၂ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၄၉ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယခုသီတင်းပတ် အောက်တိုဘာလ ၁၃ ရက်မှ ၁၉ ရက်နေ့ထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၈၂ သန်းနဲ့ သွင်းကုန် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၁ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၅၃ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်ထက် ပို့ကုန်တန်ဖိုးအမေရိကန် ဒေါ်လာ ၁ ဒသမ ၉၇၅ သန်းနဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၉ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ၂ ဒသမ ၁၀၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းရဲ့ အဓိကပို့ကုန်များကတော့ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ဆန်၊ ပြောင်း၊ နှမ်းမျိုးစုံ ၊ ပဲမျိုးစုံတို့နဲ့ ရေထွက်ပစ္စည်းများဖြစ်တဲ့ ရေငန်ငါး၊ ငါးရှဉ့်(အရှင်)၊ အခြားရေထွက် ပစ္စည်းများဖြစ်ပြီး သွင်းကုန်အနေနဲ့ ဓာတ်မြေသြဇာ၊ အချိုမှုန့်၊ သွပ်နန်းကြိုးခွေ၊ ဆပ်ပြာမှုန့်/ဆပ်ပြာအရည်နဲ့ စားသောက်ကုန်ပစ္စည်းများဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွင်း လယ်ယာထွက်ကုန်ပစ္စည်း တန်ချိန် ၈၁၈၉ တန်ကျော် တန်ဖိုးအမေရိကန် ဒေါ်လာ ၇ ဒသမ ၀၈၂ သန်း ၊ ရေထွက်ပစ္စည်း တန်ချိန် ၄၆၅ တန်ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၉ သန်း တင်ပို့နိုင်ခဲ့လို့ ယခင်သီတင်းပတ် လယ်ယာထွက်ကုန်ပစ္စည်းတန်ချိန် ၂၂၃၆ တန်ကျော်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၉ သန်း နဲ့ရေထွက်ပစ္စည်း တန်ချိန် ၈၃ တန်ကျော်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၆ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများမှ နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းညို၊ မြေပဲဆန်နဲ့ ရေထွက်ပစ္စည်းများမှ ရေငန်ငါးနဲ့ ငါးရှဉ့်(အရှင်)တို့ ပိုမိုတင်ပို့နိုင်ခဲ့တာကြောင့် ယခင်သီတင်းပတ် ပို့ကုန်တန်ဖိုး ပိုမိုရခြင်းဖြစ်ပြီး သွင်းကုန်အနေနဲ့ဓာတ်မြေသြဇာ၊ အချိုမှုန့်၊စားသောက်ကုန်ပစ္စည်းများ ယခင်သီတင်းပတ်ထက် တင်သွင်းမှု ပိုမိုခဲ့ခြင်းကြောင့် သွင်းကုန်တန်ဖိုး ပိုမိုခြင်းဖြစ်ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေနဲ့ ကုန်သွယ်မှုပမာဏပိုမိုတိုးတက်ရေးအတွက် ပို့ကုန်အမယ်သစ်များတင်ပို့လာနိုင်ရေး လက်ရှိပို့ကုန်အမယ်များ ပိုမိုတိုးတက်တင်ပို့နိုင်ရေးနဲ့ သွင်းကုန်များပိုမိုတင်သွင်းနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**မောင်မောင်(ချင်းရွှေဟော်)**

# ဈေးနှုန်းအမျိုးမျိုးနှင့် ရောင်းချသော Online Shopping

ထုတ်ကုန်ပစ္စည်း ဈေးနှုန်းများ ဖော်ပြမှုမရှိဘဲ Online မှ တစ်ဆင့် ရောင်းချခြင်းများအတွက် Online ရောင်းချသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အရည်အသွေးတူသော ကုန်ပစ္စည်းတစ်မျိုးတည်းကို ဈေးနှုန်းအမျိုးမျိုးဖြင့် ဝယ်သူတစ်ဦးချင်းထံ Online Message မှ ပေးပို့ရောင်းချမှုများ ရှိခြင်းကြောင့် ဖောက်သည်များဘက်မှ နစ်နာမှုများရှိသဖြင့် ထိုင်း စီးပွား/ကူးသန်းဝန်ကြီးဌာနသို့တိုင်ကြားစာများ ရောက်ရှိနေကြောင်း၊ ဈေးနှုန်းများ မတန်တဆ ရောင်းချခြင်းအတွက် ၁၉၉၉ ခုနှစ် ကုန်စည်နှင့် ဝန်ဆောင်မှုများ အက်ဥပဒေအရ ဒဏ်ငွေ ဘတ်တစ်သောင်းထိ ချမှတ်နိုင်ကြောင်း၊ ရောင်းချသူများကိုသိရှိပါက ပြည်တွင်းကုန်သွယ်မှုဌာန၏ Hotline နံပါတ် ၁၅၆၉ သို့ သတင်းပေးပို့နိုင်ကြောင်း၊ သတင်းပေးပို့သူအား ဒဏ်ငွေ၏ ၂၅ ရာခိုင်နှုန်း ဆုချီးမြှင့်မည်ဟု သိရှိရပါသည်။

ထို့ပြင်ဖေ့စ်ဘွတ်အကောင့်အသုံးပြုပြီး ကုန်ပစ္စည်းအတု ရောင်းချသူများအား Intellectual Property ဦးစီးဌာနမှ စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး မူပိုင်ခွင့်ရှိသူ ပိုင်ရှင်များနှင့် ပူးပေါင်းကာ အဆိုပါ ဖေ့စ်ဘွတ်အကောင့်များအား ပိတ်သိမ်းရန် အစီရင်ခံစာ ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ရဲအရာရှိများနှင့်အတူ ဌာနမှ ကုန်ပစ္စည်း အတုရောင်းချသူများ၏ ဂိုဒေါင်များထိ လိုက်လံစစ်ဆေး အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

Electronic Transactions Development Agency (ETDA) ၏ ၂၀၁၈ ခုနှစ် ထိုင်းနိုင်ငံ အင်တာနက်အသုံးပြုသူစစ်တမ်းအရ Online အသုံးပြုသူများမှာ တစ်ရက်လျှင် ၁၀ နာရီခန့် သုံးစွဲပြီး ယခင်နှစ်ကထက် ၃ ဒသမ ၄၁ နာရီ ပိုမိုသုံးစွဲခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် Online အသုံးပြုခမှာ လျှပ်စစ်ဓာတ်အားခအပါအဝင် ဘတ် ၃ ဘီလီယံအထိရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ခိုင်(တာချီလိတ်)**

**Source:Bangkok Post သတင်းစာ**

# မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈ခုနှစ် ဘဏ္ဍာနှစ်၊ ပထမ(၆)လတာ ကုန်သွယ်မှု

မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပို့ကုန်အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၀ သန်း၊ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၀ သန်း လျာထားခဲ့ပြီး အမှန်ကုန်သွယ်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၅ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုညဒသမ ၃၅၁သန်း၊ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၄၃၆ သန်းဆောင်ရွက်ခဲ့တဲ့အတွက် လျာထားချက် ကျော်လွန်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယင်းသို့ လျာထားချက်ကျော်လွန်ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ပို့ကုန်အနေဖြင့် ကြက်သွန်နီ၊ ငရုတ်သီးခြောက်၊ အာလူးတို့ကို ပိုမိုတင်ပို့နိုင်ခဲ့သလို သွင်းကုန်အနေဖြင့်လည်း အချိုမှုန့်၊ ဘိလပ်မြေ၊ ကော်ဖီမစ် အစရှိသည့် လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့တဲ့အတွက်ဖြစ်ပါတယ်။ ယခုကာလမှာ ပွင့်လင်းရာသီ ရောက်ပြီဖြစ်သောကြောင့် တစ်ဖက်နိုင်ငံသို့ ဒေသထွက်ကုန်ပစ္စည်း ကြက်သွန်ဖြူကိုလည်း စတင် တင်ပို့နေပြီဖြစ်ပါတယ် ။

ထိုင်းနိုင်ငံဘက်မှ ကုန်သွယ်မှု တိုးတက်လာနိုင်ရေးအတွက် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့ကို ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ထားခဲ့ပြီး မယ်စဲ့ကုန်သွယ်ရေးစခန်းကို တရားဝင်နိုင်ငံတော်အဆင့် သတ်မှတ်ပြီးကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မယ်စဲ့ကုန်သွယ်ရေးစခန်းမှ BP-13 နယ်စပ်ဂိတ်ထိ ၁၅ မိုင် ၄ ဖာလုံလမ်းအား ကတ္တရာလမ်းခင်းခဲ့ပြီး ထိုင်းနိုင်ငံဘက်မှ ဘုရင့်သစ်တောအတွင်း ကျရောက်နေသည့် လမ်းကြမ်းမခင်းရသေးသော ၉ ဒသမ ၇ ကီလိုမီတာအား ထိုင်းနိုင်ငံအစိုးရ၏ ခွင့်ပြုချက်ဖြင့် လမ်းခင်းရန် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

**အောင်စိုး**

စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . . မှအဆက်

ထိုင်းနိုင်ငံ ဆန်တင်ပို့နိုင်မှု၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၁ ဘီလီယံ၊ ထိုင်းဘတ်ငွေ ၁၄၁ ဘီလီယံရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၁ ဒသမ ၄ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ခြင်းနှင့်အတူ ယခုနှစ်၏ ပထမကိုးလတာကာလအတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုမှာ တန်ချိန် ၈ ဒသမ ၄ သန်းအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၂ ဒသမ ၉ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို သိရှိရပါသည်။

ယခုအခါ ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု အခြေအနေအပေါ် ဝန်ကြီးဌာနမှ တန်ချိန် ၁၁ သန်းကို လျာထားခန့်မှန်းချက်အဖြစ် ထားရှိပြီး ကိုးလအတွင်းပို့ကုန်ပမာဏ ၈၄ ရာခိုင်နှုန်းအထိ တင်ပို့နိုင်မည်ကိုလည်း သတ်မှတ်ခဲ့ကြသည်။ ပျမ်းမျှအားဖြင့် ပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ တန်ဖိုး ၅၁၂ ဒသမ ၆၇ အထိ ခန့်မှန်းလျာထားကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံ၏ အနာဂတ်စီမံကိန်း၏ လျာထားချက်အရ ဆန်စပါး တင်ပို့မှုမှာ တန်ချိန် ၁၁ သန်းအထိ တင်ပို့နိုင်ဖို့ရန် ပြဋ္ဌာန်းသတ်မှတ်ထားပြီး ကျန်ရှိနေသောလများအတွက် တစ်လလျှင် ပျမ်းမျှအားဖြင့် တန်ချိန် ၈သိန်း၆သောင်း တင်ပို့သင့်သည်ကိုလည်း ဌာနမှပြောကြားခဲ့သည်ကို သိရှိရပါသည်။ ထိုင်းနိုင်ငံဆန်တင်ပို့မှု ကုန်သည်များအဖွဲ့အစည်းမှ မကြာသေးမီကပင် ၎င်းနိုင်ငံ၏ လျာထားခန့်မှန်းချက်အဖြစ်ထားရှိသော ပို့ကုန်များကို ပိုမိုတိုးမြှင့်တင်ပို့နိုင်ခဲ့သည့် အတွက်ကြောင့် ယခင်နှစ်တွင် အမေရိကန် ဒေါ်လာတန်ဖိုး ၄ ဒသမ ၃ ဘီလီယံ၊ တန်ချိန် ၉ ဒသမ ၅ သန်း ရရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၁ သန်းအထိ တိုးမြှင့်ရရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဆန်သစ်တစ်အိတ်လျှင် ကျပ် ၂၂၅၀၀ မှ ၂၁၀၀၀ အကြား ဈေးရှိကြောင်း သိရှိရပါသည်။ ယခု အောက်တိုဘာလအတွင်း ဆန်သစ်တစ်အိတ်လျှင် ကျပ် ၂၀၀၀ ခန့် ဈေးကျဆင်းသွားသည်ကို ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှ သိရှိရပါသည်။ အောက်တိုဘာလဆန်းမှ စတင်၍ တရုတ်အစိုးရက လုံခြုံရေး တင်းကျပ်ထားခြင်းကြောင့် မူဆယ်ကုန်စည်ဒိုင်တွင် ဆန်၊ သကြား၊ ပြောင်းဖူးစေ့ အပါအဝင် မြန်မာနိုင်ငံ ၏ ပို့ကုန်အများအပြား ရောင်းချမှုများသည် ရပ်တန့်လုနီးပါး ဖြစ်ခဲ့ရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် အာဖရိကအပါအဝင် အခြားနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့မှုများရှိသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးဖြင့်လည်း တရုတ်နိုင်ငံသို့ ရောင်းချမှုများလည်း ရှိနေပါသည်။ ပေါ်ဆန်းကဲ့သို့ဆန်ချောများကို ပြည်တွင်းတွင် အဓိကစားသုံးပြီး ဧည့်မထကဲ့သို့ ဆန်ကြမ်းများကို အရည်အသွေးအဆင့်ခွဲခြားပြီး ပြည်ပသို့တင်ပို့ ရောင်းချနေသည်ကို လည်းသိရှိရပါသည်။ ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာနှစ်တွင် ဆန်ကြမ်းနှင့် ဆန်ကွဲမျိုးစုံ၏ ပြည်ပသို့တင်ပို့မှုမှာ တန်ချိန် ၃ ဒသမ ၆ သန်းကျော်ရှိခဲ့ပြီး စံချိန်တင်ရောင်းချနိုင်ခဲ့သည်။ ယခုနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ရောင်းချမှုမှာ တန်ချိန် နှစ်သိန်းခွဲခန့်သာ ရှိသည်ဟု မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ သိရှိရပါသည်။

လက်ရှိတွင် ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နိုင်ငံတို့မှလည်း ဆန်အသစ်များ ပေါ်နေခြင်းကြောင့် နိုင်ငံတကာဈေးကွက်၌ ဆန်ဈေးနှုန်းများကျဆင်းနေကြောင်း ကုန်သည်များက ပြောကြားသည်။ ရန်ကုန်တွင် ဆန်သစ်ဈေးနှုန်းကျဆင်းလာခြင်းကြောင့် စပါးဈေးနှုန်းမှာ ပျမ်းမျှအားဖြင့် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းခွဲမှ ခြောက်သိန်းခွဲအကြားဈေးရှိကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် မြို့နယ်တချို့ရှိ တစ်နိုင်တစ်ပိုင်ဆန်စက်များတွင် စပါးကြိတ်ခွဲရမှု လျော့နည်းကျဆင်းလာကြောင်း ဒေသတွင်းဆန်စက်လုပ်ငန်းရှင်များထံမှ သိရှိရပါသည်။ စပါးများမရရှိသောကြောင့် ဆန်စက်များမှာ မလည်ပတ်နိုင်တော့သဖြင့် ဆန်စပါးအဝယ်ဒိုင်လုပ်ငန်းများမှ လာရောက်ကြိတ်ခွဲခြင်းပြုလုပ်ခြင်းကြောင့် စက်များ လည်ပတ်လုပ်ကိုင်ရကြောင်းကိုလည်း သိရှိရပါသည်။ ၂၀၁၈ ခုနှစ် နွေစပါးပေါ်ကာလမှ လက်ရှိ မိုးစပါးစတင်ပေါ်သည့် အချိန်ထိပင်ဖြစ်သည်။ ယခင်နှစ်များတွင် စပါးကိုအထိုက်အလျောက် ကြိတ်ခွဲရ၍ ယခုနှစ်အတွင်းတွင် စပါးကြိတ်ခွဲရမှုမှာ ဆိုးဆိုးရွားရွား ကျဆင်းသွားသည်ကိုလည်း သိရှိရပါသည်။

စပါးများကို ပြည်ပသို့တင်ပို့နေမှုကြောင့် ပြည်တွင်းအသေးစားလုပ်ငန်းများကို ထိခိုက်လာနိုင်သောကြောင့် စပါးအထွက်နှုန်းလျော့ဆင်းရခြင်း အပါအဝင် နယ်ထွက်စပါးများကို ကုန်သည်များမှ နယ်ကျော်ဝယ်ယူလာမှုများကြောင့်လည်း ကျဆင်းခြင်းဖြစ်သည်ဟု သိရှိ



ရပါသည်။ စပါးကြိတ်ခွဲရမှုနည်းပါးနေသော မြို့နယ်များမှာ ဘိုကလေး၊ သာပေါင်း၊ ဇလွန်၊ မော်လမြိုင်၊ မအူပင်၊ ရေကြည်၊ ဓနုဖြူ ကန်ကြီးထောင့် စသည်မြို့နယ်များတွင်ဖြစ်ကြောင်း သိရှိရပါသည်။

တစ်နိုင်တစ်ပိုင် ဆန်စက်လုပ်ငန်းများအား အဆင့်တိုးမြှင့်လုပ်ကိုင်ဖို့ရန်လိုအပ်ပြီး ထိုသို့တိုးမြှင့်လုပ်ကိုင်ဖို့ရန်ကိုလည်း တာဝန်ရှိသူများက ခွင့်ပြုပေးဖို့ရန်သာမက အသေးစား၊ အလတ်စား ချေးငွေများရရှိရန် လုပ်ကိုင်သည့်ကဏ္ဍများ၌ ကူညီဆောင်ရွက်ပေးမှု များရှိလာလျှင် ဆန်စက်လုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် အဆင်ပြေ၍ ပြန်လည်ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း သိရှိရပါသည်။ လက်ရှိအခြေအနေအတိုင်း ဆက်လက်လုပ်ဆောင်သွားခြင်းသည် နောင်တွင်အခက်အခဲများ ကြုံတွေ့လာနိုင်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် အောက်တိုဘာ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၈ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ၂၆၉၀၄ ကျပ်မှ ၂၇၃၆၀ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ် အောက်တိုဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိက တင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀သန်း၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၂၅၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၂၀၀ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၂ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆန်တင်ပို့မှုများပြားသည့် ဈေးကွက်များဖြစ်သည့် အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်ဈေးကွက်ကြီးများကို ယှဉ်ပြိုင်နိုင်ရန် အရည်အသွေးကောင်း တန်းမြင့်ဆန်များ ပိုမိုတင်ပို့နိုင်ရေး၊ ဈေးကွက်နိုင်ငံများနှင့် Regular Supplier & Buyer တည်ဆောက်နိုင်ရေး အချိန်နှင့်တစ်ပြေးညီ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံလည်းဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဈေးကွက်လိုအပ်ချက် များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏ အမြောက်အမြား တင်ပို့နိုင်ရန် ဆောင်ရွက်နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သော ဆန်ဈေးကွက်မြင့် တက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက် များအရ တစ်ပတ်အတွင်းဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းများ အတက်အကျ အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင် တွင် အောက်တိုဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၆ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၉.၁၀.၂၀၁၈ | ၂၂.၁၀.၂၀၁၈ | ၂၃.၁၀.၂၀၁၈ | ၂၆.၁၀.၂၀၁၈ |
| ၁ | ဧယာ | ၅ | ၂၂၅၀၀ | ၂၂၀၀၀ | ၂၁၆၀၀ | ၂၀၂၀၀ |
| ၂ | ဧယာ | ၁၀ | ၂၂၀၀၀ | ၂၁၅၀၀ | ၂၁၁၀၀ | ၁၉၇၀၀ |
| ၃ | ဧယာ | ၂၅ | ၂၁၂၀၀ | ၂၀၇၀၀ | ၂၀၂၀၀ | ၁၉၂၀၀ |
| ၄ | ဧယာ | ၃၅ | ၂၀၇၀၀ | ၂၀၁၀၀ | ၁၉၆၀၀ | ၁၈၈၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၂၄၀၀ | ၂၁၉၀၀ | ၂၁၆၀၀ | ၂၀၂၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၁၉၀၀ | ၂၁၄၀၀ | ၂၁၁၀၀ | ၁၉၇၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၂၁၂၀၀ | ၂၀၇၀၀ | ၂၀၂၀၀ | ၁၉၂၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၂၀၇၀၀ | ၂၀၇၀၀ | ၁၉၆၀၀ | ၁၈၈၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၄၀၀၊ မုံရွာမြို့တွင် ကျပ် ၂၂၀၀၊ ကျိုင်းတုံမြို့တွင် ကျပ် ၁၉၀၀ အသီးသီးဖြင့် အမြင့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့ပါသည်။ မော်လမြိုင်နှင့် ပုသိမ်မြို့တို့တွင် ကျပ် ၁၂၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | |
|---|---|---|---|
| | | ၁၉.၁၀.၂၀၁၈ | ၂၂.၁၀.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ |
| ၁ | မြစ်ကြီးနား | ၁၈၀၀ | ၁၈၀၀ |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၉၀၀ | ၁၉၀၀ |
| ၄ | တောင်ကြီး | ၁၃၅၀ | ၁၃၅၀ |
| ၅ | လွိုင်ကော် | ၁၇၅၀ | ၁၇၅၀ |
| ၆ | ဘားအံ | ၁၃၀၀ | ၁၃၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၂၀၀ |
| ၈ | ထားဝယ် | ၁၃၅၀ | ၁၃၅၀ |
| ၉ | မြိတ် | ၁၃၀၀ | ၁၃၀၀ |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၃၅၀ | ၁၃၅၀ |
| ၁၃ | ဟားခါး | ၂၄၀၀ | ၂၄၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၃၅၀ | ၁၃၅၀ |
| ၁၆ | ပခုက္ကူ | ၁၇၀၀ | ၁၇၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၄၀၀ | ၁၄၀၀ |
| ၁၉ | ပဲခူး | ၁၃၀၀ | ၁၃၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၅၀ | ၁၃၅၀ |
| ၂၁ | နေပြည်တော် | ၁၄၅၀ | ၁၄၅၀ |
| ၂၂ | ကလေး | ၁၅၀၀ | ၁၅၀၀ |

Source-DOCA-Domestic

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၅၁ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် အောက်တိုဘာနောက်ဆုံးပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။



# ကုန်ကြမ်းအားပြု တင်ပို့မှုမှတစ်ဆင့် ကုန်ချောမြှင့်တင် တင်ပို့နိုင်စေဖို့

*"စိုက်ပျိုးထုတ်လုပ်မှု စရိတ်တိုးမြင့်လာတဲ့အခါ အနာဂတ်မှာ လယ်သမားတွေဟာ လယ်ယာတွေကို စွန့်လွှတ်လာလိမ့်မယ်။ စိုက်ပျိုးသူမဲ့နေတဲ့ လယ်တွေကြောင့် စားစရာတွေရှားပါးလာခြင်းရဲ့ နောက်ဆက်တွဲအဖြစ် ပဋိပက္ခတွေဖြစ်လာနိုင်တယ်"*

**Jim Rogers**

**(American businessman, investor, traveller, financial commentator and author)**

**ခင်လေးယု**

နေ့စဉ်နှင့်အမျှ ကမ္ဘာ့လူဦးရေ တိုးပွားနှုန်းဟာ မြင့်တက်နေပြီး တစ်မိနစ်လျှင် အယောက် ၁၅၀ နှုန်းဖြင့် တိုးပွားနေကြောင်း စစ်တမ်းများ၏ ခန့်မှန်းထုတ်ပြန်ချက်များအရ သိရပါတယ်။ အဆိုပါ ထုတ်ပြန်ချက်များ၏ နောက်ကွယ်တွင် တိုးပွားလာသော လူဦးရေအတွက် နေထိုင်စားသောက်မှုသည် လုံလောက်ပါရဲ့လားဟူသော မေးခွန်းသည်လည်း စဉ်းစားဖွယ်ရာရှိလာပါတယ်။ တစ်ချိန်တည်းတွင်ပင် မြေဆီမြေနှစ်ပြည့်ဝသော မြေယာ ရှားပါးလာမှု၊ လယ်ယာထွက်ကုန်များ၏ အထွက်နှုန်း လျော့ကျလာမှု၊ မိုးလေဝသ ဖောက်ပြန်မှုတို့သည် ကမ္ဘာ့နိုင်ငံအများစု ကြုံတွေ့လာရသော အခက်အခဲများဖြစ်လာပြီး ချက်ချင်းဖြေရှင်းရန် လိုအပ်လာသော အရေး ကိစ္စများ ဖြစ်လာပါတယ်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများအပြားဟာ ခေတ်မီနည်းစနစ်များ အသုံးပြုတဲ့ စိုက်ပျိုး ထုတ်လုပ်မှုနည်းပညာများကို သမားရိုးကျစိုက်ပျိုးမှုများနေရာမှာ အစားထိုးလာခဲ့ပြီး ဖော်ပြပါပြဿနာများကို ဖြေရှင်းဖို့ ကြိုးစားနေကြပါတယ်။ ဒါပေမဲ့လည်း ရာသီဥတု ပြောင်းလဲမှု၊ ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲများဖြစ်တဲ့ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုတွေကို လျင်မြန်စွာ ဖြေရှင်းနိုင်ဖို့ဆိုတာ ခက်ခဲလှပြီး တစ်ဆင့်ပြီးတစ်ဆင့် အချိန်ယူဖြေရှင်းရမှာလည်း ဖြစ်ပါတယ်။

ဒီနေရာမှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုဆိုတဲ့ စီးပွားရေးလုပ်ငန်းဟာ အထက်ပါပြဿနာများကို ဖြေရှင်းဖို့ကြိုးစားကြတဲ့အခါ အဓိကကဏ္ဍမှ ပါဝင်ပတ်သက်လာပါတယ်။ ပြဿနာများကို အောင်မြင်စွာ ဖြေရှင်းနိုင်မယ့် အထောက်အကူကောင်းဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် လယ်ယာစိုက်ပျိုးသူများဟာ မိမိတို့လယ်ယာတွေကို မြေဆီမြေဩဇာတွေ မလျော့ပါးဘဲ ရေရှည်စိုက်ပျိုးထွန်ယက်နိုင်မယ့် နည်းလမ်းတွေကို စဉ်းစားပြီး သီးနှံအမယ်များကို စိုက်ပျိုးထုတ်လုပ်ရောင်းချလျက်ရှိပါတယ်။ သို့ပေမယ့် ထိုသို့ စိုက်ပျိုး ထုတ်လုပ်လိုက်တဲ့ လယ်ယာထွက်သီးနှံများကို ရောင်းဝယ်မှုများပြုလုပ်ကြတဲ့အခါ စိုက်ပျိုးမှုကုန်ကျစရိတ် ကာမိရုံမျှမက ပိုမိုတဲ့အမြတ်အစွန်းများကို ရရှိမှသာ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများအတွက် အကျိုးများမှာလည်း ဖြစ်ပါတယ်။ အကျိုးများခြင်းဟုဆိုရာမှာလည်း မှန်ကန်နည်းလမ်းကျတဲ့ အမြတ်အစွန်းရရှိဖို့ လိုအပ်လှပါတယ်။ အစားအသောက် လိုအပ်ချက် မြင့်မားလာမှုနဲ့အတူ မြင့်တက်လာမယ့် လယ်ယာသီးနှံများရဲ့ ရောင်းဝယ်ဖောက်ကားမှုတွေရဲ့ နောက်ကွယ်မှာ သိုလှောင်ဈေးကစားမှုများ ဖြစ်လာလေ့ရှိတတ်ပြီး ဈေးနှုန်းအတက်အကျဟာ ကွာခြားမှုကြီးမားလာတတ်ပါတယ်။ ထိုအခါမှာ နောက်ဆက်တွဲအဖြစ် နေ့စဉ်လူမှုဘဝရဲ့နေထိုင်စားသောက်မှုများကိုပါ သက်ရောက်လာစေမှာလည်း ဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်ရာနေရာမှ စတင်ပြီး နောက်ဆုံး စားသုံးသူအထိ ပါဝင်မယ့် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်မှာ ပါဝင်တဲ့ လူတန်းစားအသီးသီးရဲ့ နေထိုင်စားသောက်မှုတွေဟာလည်း ဆက်စပ်ပတ်သက်လာမယ်ဆိုတာ အသေအချာပါပဲ။

သမိုင်းကြောင်းတစ်လျှောက်မှာ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ် ဖောက်ကားမှုဟာ ကမ္ဘာ့ကုန်သွယ်မှုရဲ့ အကြီးမားဆုံးကဏ္ဍမှာ ပါဝင်နေပါတယ်။ သို့ဖြစ်ရာ လယ်ယာ စိုက်ပျိုးရေးကို နိုင်ငံစီးပွားရေးအဖြစ် အခြေခံထုတ် လုပ်နေတဲ့ နိုင်ငံများရဲ့ အခန်းကဏ္ဍဟာ ကမ္ဘာ့ကုန်သွယ်ရေးမှာ ကြီးမားစွာ ပါဝင်နေပါတယ်။ အဆိုပါ နိုင်ငံများရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း ၎င်းနိုင်ငံများရဲ့စီးပွားရေးကို ဦးမော့စေမှာလည်း အမှန်ပင်ဖြစ်ပါတယ်။

အများသိကြပြီး ဖြစ်သလိုပါပဲ။ မြန်မာနိုင်ငံဟာလည်း လယ်ယာစိုက်ပျိုးမှုကို အားပြုနေတဲ့ နိုင်ငံ ဖြစ်ပါတယ်။ စက်မှုလယ်ယာနဲ့စိုက်ပျိုးမှုကို အားပြုဖို့ကြိုးစားနေဆဲကာလဖြစ်ကာ လောလောဆယ်ကာလမှာတော့စက်မှုလယ်ယာစနစ်ကိုတစ်ပိုင်းတစ်စပြောင်းလဲလာပြီး နဂိုရှိရင်းစွဲစိုက်ပျိုးမှုပုံစံနဲ့ ရောနှော စိုက်ပျိုးလျက်ရှိနေပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့ရောင်းချမှုများကို အားပြုနေတာဟာလည်း တစ်နည်းအားဖြင့် ကြီးမားတဲ့ ဈေးကွက်ကို မျှော်မှန်းနိုင်စေပါတယ်။ ဘယ်တော့မှ ပျောက်ကွယ်မသွားမယ့် ထာဝစဉ်တည်တံ့မယ့် ဈေးကွက်လို့တောင် ပိုပိုသာသာ ပြောလို့ရနိုင်တဲ့ ဈေးကွက်ကြီး တစ်ခုပါပဲ။ မြန်မာနိုင်ငံအနေနဲ့ ဆန်ကို အဓိက အားပြုတင်ပို့နေခဲ့တာ နှစ်ပေါင်းများစွာ ကြာရှည်ခဲ့ပြီဆိုပေမယ့် တကယ်မှာက မြန်မာနိုင်ငံမှာ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများဟာ အမျိုးအမယ်စုံလင်လွန်းလှပါတယ်။ မြေနိမ့်၊ ကုန်းမြင့်၊ ပင်လယ်၊ ချိုင့်ဝှမ်းတွေနဲ့ ပြည့်စုံလှတဲ့ စာရေးသူတို့နိုင်ငံဟာ ထွက်ကုန်ပစ္စည်း အမယ်ပေါင်းစုံလင်နေပေမယ့် ပို့ကုန်နည်းပြီး သွင်းကုန်များနေရတဲ့ အနေအထားနဲ့ ရုန်းကန်နေရဆဲ အခြေအနေမှာလည်း ရှိနေပါသေးတယ်။ ဘာကြောင့်လဲဆို နေရာဒေသ အသီးသီးက ကျေးလက်နေ စိုက်ပျိုးသူ တောင်သူလယ်သမားများဟာ ခေတ်မီနည်းစနစ်များကို အားပြုမှုနည်းပါး နေသေးတာလည်း အကြောင်းရင်းတစ်ခုပါပဲ။

ဒါကြောင့်လည်း နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့အတူ မိမိတို့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ ဌာနများနဲ့ ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ဈေးကွက်များရှာဖွေပေးရန် ကူညီဆောင်ရွက်ခြင်းနှင့် လယ်ယာထွက်ကုန်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးတို့ကိုလည်း ကူညီဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ကျေးလက်ဒေသမှာ နေထိုင်တဲ့လူတွေဟာ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းအထက်မှာ ရှိနေပြီး လယ်ယာကဏ္ဍဟာ နိုင်ငံ GDP ရဲ့၃၈ ရာခိုင်နှုန်း၊ ပို့ကုန်ရဲ့ ၂၃ ရာခိုင်နှုန်း ရှိကြောင်းနဲ့ အလုပ်အကိုင် အခွင့်အလမ်းပေါင်း၆၀ ရာခိုင်နှုန်းကျော်ကို ထောက်ပံ့ပေးထားကြောင်း ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၇ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့စစ်တမ်းမှာ ဖော်ပြခဲ့ပါတယ်။ USDA ရဲ့ ၂၀၁၇ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ Grain and Feed Report မှာ မြန်မာနိုင်ငံရဲ့ ထုတ်လုပ်မှုနည်းစနစ်တွေကို ပြောင်းလဲပြီး မျိုးရွေးချယ်မှုကို စိစစ်မယ်ဆိုရင် ဆန်နဲ့ ပြောင်းရဲ့ အထွက်နှုန်းတိုးလာနိုင်တယ်လို့ ဖော်ပြပါရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ ကုန်ကြမ်းများကို အများအပြား တင်ပို့နေသလို ကုန်ချောတွေကို အများအပြားတင်သွင်းနေတာကို ကိန်းဂဏန်းများအရ ထင်ရှားစွာ တွေ့မြင်နေရတာကြောင့် မိမိတို့နိုင်ငံအတွင်းမှာပင် ကုန်ချောထုတ်လုပ်သုံးစွဲနိုင်ရန် ကြိုးပမ်းဖို့ကိုလည်း တိုက်တွန်းပါရှိပါတယ်။ ထို့ကြောင့် ကုန်ချော ထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ပိုမိုတင်သွင်းရန်လိုအပ်သလို ထွက်ရှိလာတဲ့ ပြည်တွင်းဖြစ် ကုန်ချောပစ္စည်းများကို ပြည်တွင်းဖူလုံရုံမျှမက ပြည်ပအထိ ကုန်ချောပို့ကုန်များ ပိုမိုတင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် တရုတ်နိုင်ငံဟာဆိုရင် ကုန်ကြမ်းပစ္စည်းများကို ဈေးချိုချိုနဲ့ ပြည်ပမှဝယ်ယူပြီး ကုန်ချောကို ပြည်တွင်းမှာ ထုတ်လုပ်တဲ့အခါ ကုန်ကြမ်းများရဲ့ ဘေးထွက်ပစ္စည်းများကိုပါ တစ်ပါတည်းရရှိပြီး ဘေးထွက်ပစ္စည်းများကို အသုံးပြုထားတဲ့ နောက်ထပ် ကုန်ချောပစ္စည်းများကိုပါ ပြည်ပကို ပို့ကုန်အဖြစ် ပြန်လည် တင်ပို့နေတာကို ကြည့်ရင် ကုန်ကြမ်းနဲ့ ကုန်ချော အသုံးဝင်မှုတွေကို အလွန် ထင်ရှားစွာ တွေ့နိုင်ပါတယ်။

စိုက်ပျိုးမှုကဏ္ဍကိုမြှင့်တင်ပြီး စက်မှုလယ်ယာ ထွန်းကားအောင်၊ ကုန်ချောများကို ပြည်တွင်းမှာ ပေါပေါများများ ထုတ်နိုင်အောင် ဆောင်ရွက်ဖို့ ကြိုးပမ်းရာမှာ အစိုးရနဲ့ ပုဂ္ဂလိကတို့ရဲ့ ပူးပေါင်းမှုဟာ အဓိကအပိုင်းဖြစ်လာပါတယ်။ သက်ဆိုင်ရာကဏ္ဍအသီးသီးက ဘက်စုံထောင့်စုံမှ ပူးပေါင်းပါဝင်ကာ နိုင်ငံတကာအဆင့်မီ စိုက်ပျိုးထုတ်လုပ်တင်ပို့မှုနဲ့ အဆင့်မြင့်ကြိတ်ခွဲမှု၊ ထုပ်ပိုးမှု၊ သိုလှောင်မှု၊ တင်ပို့မှုနည်းစနစ်များကို စနစ်တကျ ပံ့ပိုးပေးပြီး အဆင့်မြင့်စက်ရုံများကို ထူထောင်၍ဝိုင်းဝန်းကြိုးပမ်းပါမှ ကုန်ကြမ်းတင်ပို့နိုင်မှုအဆင့်ကို ကျော်လွန်ပြီး ကုန်ချော ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကာ အကျိုးအမြတ်ကိုလည်း ပိုမိုရရှိစေမှာလည်း ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန် တင်ပို့မှုကို လေ့လာကြည့်ရာမှာ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲ အမျိုးမျိုး၊ ဝါ၊ နှမ်း၊ ပန်းနှမ်း၊ ဖွဲနု၊ အခြားတိရစ္ဆာန် အစားအစာ၊ နနွင်းတက်၊ မန်ကျည်းသီး၊ ချင်း၊ ချဉ်ပေါင်ဖာလာ၊ ဝဥ၊ ကြက်သွန်နီ၊ ခြံစည်းရိုးကြက်ဆူစေ့၊ ဆီးသီး၊ ကော်ဖီစေ့၊ သီဟိုဠ်၊ သရက်၊ ရော်ဘာ၊ ထန်းလျက်၊ ငရုတ် ကောင်းနဲ့ အခြား လယ်ယာထွက် သီးနှံများဆိုပြီး တင်ပို့တဲ့အမယ်ပေါင်း စုစုပေါင်း ၂၄ အုပ်စုခွဲခြားထားတာကို တွေ့ရပါတယ်။ တင်ပို့မှုကို လေ့လာကြည့်တဲ့အခါမှာတော့ ၂၀၁၈ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလနှင့် အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ ကာလအတွင်း လယ်ယာသီးနှံ စုစုပေါင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၀၁ သန်းရရှိခဲ့တာကို တွေ့ရပါတယ်။

**စာမျက်နှာ (၂၂) သို့**







**GLORY KING ENGINEERING CO.,LTD.**

FIRE . SECURITY & NETWORKING SOLUTION

လုပ်ငန်းရှင်ကြီးများ၊ ဟိုတယ်များ၊ စက်ရုံ အလုပ်ရုံများ၊ အဆောက်အဦးများ၊ နေအိမ်နှင့် ဈေးဆိုင်များ လုံခြုံရေးအတွက် ...

လူကြီးမင်းတို့၏နေအိမ်အဆောက်အဦးများ၊စက်ရုံအလုပ်ရုံများ၊ဟိုတယ်များနှင့် ဈေးဝင်းစင်တာများ ဆေးရုံများကို ဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်နိုင်ရန်အတွက် ကျွပ်တို့ကုမ္ပဏီမှ အရည်အသွေးကောင်းမွန်သောလုံခြုံရေးပစ္စည်း အမျိုးမျိုးတို့ဖြင့် အောက်ပါလုပ်ငန်းများကိုကောင်းမွန်သော အရည်အသွေး၊ ချိုသာသောဈေးနှုန်းများဖြင့် ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

- Digital CCTV Monitoring System
- Building Computerized Door/Lift Access Control System
- M&E Design and Installation
- Fire Alarm Protection System
- Fire Fighting System
- MATV System (Multi Antenna Television System
- PABX/IPBX Telecommunication System
- Conference, Projection & Interpreter System
- Audio/Video Intercom System
- Hospital Intelligent nurse calling System
- Total Solution for Networking (Data and Wireless)

Building A3,Room 203, Bo Min Yaung Housing,Bo Min Yaung Road,North Dagon Tsp Yangon Tel; 09254203034,09451300073,09451300074 09420100809 Email: glorykingeng@gmail.com , office@gkesecurity.com, akmin@gkesecurity.com



# ကယားပြည်နယ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခွင့် အလမ်းကောင်းများ

# သတ္တိရှိရှိ ရဲရဲရင့်ရင့်နဲ့ ပူးပေါင်း ဖော်ဆောင်ကြပါစို့

ညီညီအောင်(UMFCCI)

(ယခင်တစ်ပတ်မှအဆက်)

"နောက်တစ်ချက် ကျွန်တော်တို့ ဒီစိုက်ပျိုးမွေးမြူရေးကဏ္ဍကိုလည်းပဲ ဇောင်းပေးဖော်ဆောင်လိုပါတယ်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှာ ကျွန်တော်တို့ပြည်နယ်ဟာ အဓိကအားဖြင့် စိုက်ပျိုးရေးကဏ္ဍကိုအဓိကလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနေတဲ့ တိုင်းရင်းသားများဖြစ်ပါတယ်။ အဓိကကျွန်တော်တို့ပြည်နယ်မှ ထွက်ရှိတာက ဆန်စပါး ဖြစ်ပါတယ်။ ဒီဆန်စပါးဟာလည်း လက်ရှိမှာဈေးကွက်ကောင်းကို ရရှိနေတာဖြစ်ပါတယ်။ ထွက်ရှိသော်လည်း လက်ရှိမှာ စိုက်ပျိုးမှု နည်းပညာတွေ အရည်အသွေးကောင်းမွန်တဲ့ နည်းပညာတွေ တိုးတက်ထုတ်လုပ်ဖို့အတွက် နှောင့်နှေးနေတာကို ဒီထွက်ရှိလာတဲ့ ဆန်စပါးတွေကို အရည်အသွေးပြည့်ဝတဲ့ စိုက်ပျိုးထုတ်လုပ်မှုတွေ ဖြစ်ပေါ်လာအောင် မြေလွတ်မြေလပ်မြေရိုင်းတွေမှာ ကောင်းမွန်တဲ့ နည်းပညာနဲ့ ရေရှည်အကျိုးရှိစေတဲ့ စိုက်ပျိုးနည်းပညာကဏ္ဍများဖြင့် အရင်းအနှီးမြှုပ်နှံသူတွေရှိတယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ ပြည်နယ် အစိုးရအဖွဲ့က စေ့စပ်ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမယ်ဆိုတဲ့ အစီအစဉ်လည်းရှိတယ်ဆိုတာကို သိစေချင်ပါတယ်"

## စိုက်ပျိုးရေးကဏ္ဍ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အဓိကဖြစ်သောစိုက်ပျိုးရေး အခန်းကဏ္ဍတွင် အဓိကအရေးပါသည့်ရေရရှိရေးနှင့်ပတ်သက်၍ ဒေသတွင်း မြစ်ချောင်းများ၊ ရေအရင်းအမြစ်ကောင်းများ ပေါများစွာ တည်ရှိနေပြီဖြစ်သည့်အတွက် စိုးရိမ်စရာမရှိတော့ပေ။ ကယား ပြည်နယ်၏ မြို့တော်လွိုင်ကော်၏အဓိကထွက်ကုန်များမှာ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲပုပ်နှင့်ငရုတ်သီးဖြစ်သည်။ စပါးတွင် ရွှေရင် အေး (၁)(၂)စပါးနှင့် တရုတ်မွှေးစပါးကို အဓိကထားစိုက်ပျိုးပြီး ပြောင်းတွင် ဒေသအခေါ် ကုလားပြောင်းကို စိုက်ပျိုးကြသည်။ ခေါင်ရည်ချက်ရာတွင် အသုံးပြုသော နှံစားပြောင်းကိုလည်း စိုက်ပျိုးကြပြီး ဒေသထွက်ကုန် ခေါင်ရည်များချက်ကြပြီး ချယ်ရီတံဆိပ် ခေါင်ရည်မှာ ထင်ရှားသည်။ စပါးနှင့် ပြောင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့သည်ဟု သိရသည်။

ဖရူဆိုမြို့နယ်မှ တောင်ယာစပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ငရုတ်တို့စိုက်ပျိုးထုတ်လုပ်ပြီး ဘော်လခဲမြို့တွင်နှမ်းအဓိကထားစိုက်ပျိုးသည်။ ဖားဆောင်းမြို့နယ်တွင်တည်ရှိပြီး နှမ်း၊ မြေပဲ၊ ပြောင်းတို့ကို အဓိကထားစိုက်ပျိုးသည်ကို သိခဲ့ရသည်။ နောက်တစ်ခုက သတ္တုထုတ်လုပ်ခြင်းကိစ္စ၊ ကျွန်တော်တို့ပြည်နယ်မှာ မော်ချီးသတ္တုတွင်းဟာ နှစ်ပေါင်းတစ်ရာကျော်ရှိပြီး သတ္တုအများအပြားထွက်တယ်ဆိုတာသိရပါတယ်။ အဲဒီသတ္တုတွေကိုကျွန်တော်တို့ကကုန်ကြမ်းအဖြစ်နဲ့သာ တင်ပို့ရောင်းချနေတာတွေ့ရပါတယ်။ အဲဒီတော့ ဒီပြည်နယ်ကြီးမှာ အဲဒီသတ္တုတွေအားလုံးကို စုစုစည်းစည်းနဲ့ ပြည်သူတွေ၊ တိုင်းရင်းသားတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ကြိုးပမ်းဖော်ဆောင်ပြီး လုပ်ချင်တဲ့သူတွေရှိတယ်ဆိုရင် ကျွန်တော်တို့ ခွင့်ပြုနိုင်တဲ့ လုပ်ထုံးလုပ်နည်းတွေ၊ မူဝါဒတွေ၊ ပွင့်လင်းမြင်သာမှုတွေ၊ ပြန်လှန်ဆွေးနွေးခြင်းကဏ္ဍတွေ ဖြည့်စွက်ပူးပေါင်းပြီး ကျွန်တော်လက်တွဲပူးပေါင်းဖော်ဆောင်ပေးပါမယ်ဆိုတဲ့ အခြေအနေတွေရှိနေတယ်ဆိုတာကို ပြောပြလိုပါတယ်။

## သတ္တုတူးဖော်ရေးကဏ္ဍ

ကယားပြည်နယ်တွင် မြေအောက်သယံဇာတသတ္တုများထွက်ရှိသောဒေသဖြစ်သည်။ ဖရူဆိုမြို့နယ်တွင် ခနောက်စိမ်းနှင့်ခဲသတ္တုကိုလည်း တူးဖော်ထုတ်လုပ်ကြသည်။ ဘော်လခဲမြို့တွင်လည်း ခနောက်စိမ်း သတ္တုတူးဖော်ထုတ်လုပ်သည်ဟုသိခဲ့ရသည်။ မော်ချီး သတ္တုတွင်းသည် ဖားဆောင်းမြို့နယ်တွင်တည်ရှိပြီး ခဲမဖြူနှင့် အဖြိုက်နက်ထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းများ လုပ်ကိုင်သည့်သတ္တုတွင်းကြီးဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ဘူမိဗေဒပညာရှင်များ လာရောက်၍ ရေခံမြေခံကောင်းသော ကယားပြည်နယ်တွင် သတ္တုတူးဖော်ခြင်းလုပ်ငန်းများဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန် အသင့်တော်ဆုံး အခြေအနေပတ်ဝန်းကျင်ကြီးတစ်ခု ရှိနေပေသည်။ မယ်စဲ့မြို့နယ်၊ ရှားတောမြို့နယ်နှင့် ရွာသစ်မြို့နယ်သည် တစ်ဖက် ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသော မြို့နယ်များဖြစ်သည့်အတွက် ပြည်ပတင်ပို့ ရောင်းချမှုနှင့် ပတ်သက်၍ ပြည့်စုံနေပြီဟုဆိုရမည်။

## လွိုင်ကော်စက်မှုဇုန်

လွိုင်ကော်မြို့စက်မှုဇုန်ကိုလည်း လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာရှိ မြေဧက (၈၁၇ ဒသမ ၄၆)ပေါ်တွင် တည်ရှိပြီး လက်ရှိစက်ရုံ၊ အလုပ်ရုံ ၈၆ ရုံ လည်ပတ်လျက်ရှိပါသည်။ ကယားပြည်နယ် စီးပွားရေးဖိုရမ်ကို တက်ရောက်ပြီး ယခင်က ထင်ထားခဲ့သော အထင်အမြင်နှင့် ယခုတွေ့ရ၊ မြင်ရ၊ သိရ၊ ကြားရတို့သည်မှာ တခြားစီ ဖြစ်၍သွားသည်။ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၏ မိန့်ခွန်းအပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက "A State to Grow"ခေါင်းစဉ်ဖြင့် ကယားပြည်နယ်၏ သဘာဝသယံဇာတများ၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများကို ရှင်းလင်းတင်ပြသွားခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေးက ကယားပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လုပ်ငန်းစီမံချက်များကိုလည်းကောင်း၊ သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက်က မြန်မာနိုင်ငံအတွင်း သတ္တုကဏ္ဍနှင့်ပတ်သက်၍ စီးပွားရေး အခွင့်အလမ်းများအကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွန်းက မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစိုးမိုးကျော်က ကယားပြည်နယ် စက်မှုကဏ္ဍအကြောင်းကို ဟောပြောကြသည်။ MMRD မှ ဦးအောင်မင်း (သုတေသန)က ကယားပြည်နယ် စီးပွားရေးအခွင့်အလမ်းများအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် နေ့လယ်ပိုင်းတွင် ပါမောက္ခ ဒေါက်တာ စောစောဌေးမြင့်က (SHM Groupof Companies and President of Myanmar Creative Institute) ကယားပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ 'ဆွဲဆောင်မှုအားကောင်းသောကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ'ဟူသော ခေါင်းစဉ်ဖြင့် Panel Discussion ကို ကျင်းပပါသည်။ ဦးသုတအောင် (FRSA)Investment Facilitation and International Development မှ Moderator အဖြစ်ဦးဆောင်၍ Ms Liz Patterson(Private Sector Development AdvisorDFID), Mr.Johanvan den Ban, De Heus Myanmar, Mr Peter Brimble(Team Leader-Da Na Facility) and ဒေါက်တာ စောဌေးမြင့် (President of Myanmar Creative Institute of Chairperson of SHM Group of Companies and ဦးခင်မောင်မြင့် (Loikaw Princess Hotel)တို့ အသီးသီးပါဝင်ဆွေးနွေးကြကာ ကယားပြည်နယ် စိတ်ဝင်စားစရာဒေသများ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ဖိုရမ် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၏ မေးခွန်းများကို ပြန်လည်ဖြေကြားရင်း ကယားပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမော်မော်၏ နိဂုံးချုပ် အမှာစကားဖြင့် ကယားပြည်နယ်စီးပွားရေးဖိုရမ်ကြီးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။ နေ့လယ်ပိုင်းတွင် စိုက်ပျိုးရေးအုပ်စု၊ ကုန်ထုတ်လုပ်ရေးအုပ်စု၊ ဟိုတယ်နှင့်ခရီးသွားလာရေးအုပ်စု၊ သတ္တုတူးဖော်ရေးအုပ်စုနှင့် ဘဏ်အုပ်စုဟူ၍ အုပ်စု(၅)ခုခွဲကာ စီးပွားရေးဆွေးနွေးမှု (BusinessMatching)များ ပြုလုပ်ခဲ့ကြသည်။ ကယားပြည်နယ် စီးပွားရေးဖိုရမ် ကျင်းပရေးကော်မတီက ၂၀၁၈ ခုနှစ် မေ ၂၇ ရက်တွင် ဖိုရမ်တက်ရောက်လာကြသော ပြည်တွင်းပြည်ပ ဧည့်သည်တော်များအား အမှတ်(၁) (၂) (၃) ရေအားလျှပ်စစ်စက်ရုံ(လောပီတ)၊ လွိုင်ကော်စက်မှုဇုန်၊ ထီးစဲခါးရေတံခွန်၊ ဖောင်တော်ငါးကန်၊ ကွိုင်ငံရေထွက်ဂူ၊ ပန်ပက်ကျေးရွာ၊ ငွေတောင်ဆည်၊ ကန်ခုနှစ်ဆင့်တို့ကို လိုက်ပါပို့ဆောင်ပေးသည်။ ၂၀၁၈ ခုနှစ် မေ ၂၈ ရက်တွင် တောင်သုံးလုံး၊ ထီးပရူနူ လိုဏ်ဂူတို့အား ဆက်လက်ပို့ဆောင်ပေးပါသည်။

ကယားပြည်နယ်စီးပွားရေးဖိုရမ်၏ အနှစ်သာရမှာ ပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှို မိန့်ကြားသကဲ့သို့ပင် တစ်ချိန်က တစ်ဖက်ပိတ်ပြည်နယ်ကလေးဖြစ်သည်ကတစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်က တစ်ကြောင်း၊ အခြေခံအဆောက်အဦများ မပြည့်စုံသည်က တစ်ကြောင်းမို့ တိုင်းနှင့်ပြည်နယ် ၁၄ ခုအနက် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခဲ့ရသည်။ ယခုအခါ ပြည်နယ်ကြီးမှာ စီးပွားရေး ရင်းနှီးမြှုပ်နှံရန်အတွက် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများနှင့် အခြေခံအဆောက်အဦများ စသော အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်လာပြီဖြစ်သည်။ လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့မှာလည်း အပြည့်အဝရရှိနေပြီ ဖြစ်သည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ရဲရဲကြီး ဖိတ်ခေါ်နေခြင်းဖြစ်သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအတွက် ခရီးသွားများနားနေရန်အတွက် ဟိုတယ်၊ မိုတယ်များ၊ စားသောက်ဆိုင်များစသည်တို့ကို လုပ်ကိုင်သင့်သည်။ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းလုပ်ကိုင်ပါက ပိုမိုကောင်းမွန်ပေမည်။

## ၂၀၁၈ခုနှစ်မေလ ၂၇ရက်

မြန်မာအမျိုးသားလေကြောင်းလိုင်းပိုင် ခရီးသည်တင် လေယာဉ်ငယ်ကလေးကား လွိုင်ကော်လေဆိပ်သို့ ဝေ့ကာဝဲကာဖြင့် ဆင်းသက်လာသည်ကို တွေ့ရသည်။ အချိန်ကားနံနက် ၈ နာရီခွဲဖြစ်သည်။ လေယာဉ်စက်သံဖြင့် လေဆိပ်အဆောက်အဦတစ်ခုလုံးဆူညံ သွားပါတော့သည်။ မိုးစက်ကလေးများမှာ လေယာဉ်ကွင်းအတွင်းရှိ နားနေခန်းမအပြင်ဘက်မှ ပြတင်းတံခါးဆီသို့လွင့်လာသည်ကို တွေ့လိုက်ရသည်။ ကောင်းကင်ကိုမော့ကြည့်ပြန်တော့ မိုးသားတိမ်လိပ်တို့ကို မတွေ့ရတော့ပေ။ မကြာခင်မှာပင်လေယာဉ်ကွင်းအတွင်း နေရောင်အောက်တွင် လေယာဉ်ငယ်ကလေးမှာပါလာသည့် ဆိုက်ရောက်ခရီးသည်များအား စိတ်ရှည်လက်ရှည်ချပေးနေလေသည်။ နာရီဝက်ခန့်ကြာမည် ထင်ပါသည်။ ထွက်ခွာခရီးသည်များ လေယာဉ်ပေါ် တက်ရန် လေကြောင်းလိုင်းဝန်ထမ်းတစ်ဦး၏ ကြေညာသံကို ကြားရသည်။

လေယာဉ်ပေါ် ရောက်မှ လေယာဉ်ကွင်းအပြင်ဘက်ခြမ်းကို လှမ်းကြည့်မိလိုက်သည်။ စိမ်းစိမ်းစိုစိုကုက္ကိုပင်တို့က လမ်းဘေးဝဲယာ တစ်လျှောက်တွေ့မြင်နေရသည်။ လေယာဉ်ထွက်၍မကြာမီ ဝေဟင်မှနေ၍ သီရိမင်္ဂလာတောင်ကွဲစေတီတော်ကြီးအား ဖူးတွေ့လိုက်ရသည်။ မဝေးတော့သည့်ကာလတွင် ကယားပြည်နယ်၌နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာပါက ပြည်နယ်အတွင်းရှိ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအတွက် ဈေးကွက်ပိုမိုရရှိလာနိုင်သည့်အပြင် လုပ်သားနှင့်ကုန်ကြမ်းများ ပံ့ပိုးပေးသူများအဖြစ် အကျိုးအမြတ်များရရှိလာပေတော့မည်။ ပြည်နယ်အတွင်းရှိ လူငယ်များအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်းများ၊ ဟိုတယ်ဝန်ဆောင်မှု သင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများ၊ အကောက်ခွန်ဝန်ဆောင်မှု သင်တန်းများ၊ ကုန်စည်ပြပွဲဆိုင်ရာ သင်တန်းများ စသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်လာကြတော့မည့် ပုံရိပ်တို့ကို မျက်စိထဲတွင် မြင်ယောင်မိရင်း ပြည်နယ်ဝန်ကြီးချုပ်၏ နိဂုံးချုပ်မိန့်ခွန်းကလည်း နားထဲတွင် ပြန်လည်ကြားယောင်မိပြန်သည်။

"နိဂုံးချုပ်အနေနဲ့ ဒီဖိုရမ်ကြီးမှာတက်ရောက်ပြီး ကျွန်တော်တို့ ပြည်နယ်ရဲ့ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍ တိုးတက်များပြားလာအောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ပေးမယ့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး အနေနဲ့ ဒီပြည်နယ်ရဲ့ရေရှည်အကျိုးကိုမျှော်ကိုးပြီး၊ မေတ္တာတရားတွေထားပြီး၊ အပြန်အလှန်အကျိုးအမြတ်ရှိရေးကို ဦးစားပေးပြီး သတ္တိရှိရှိ ရဲရဲရင့်ရင့်နဲ့ ပူးပေါင်းဖော်ဆောင်နိုင်ကြပါစေလို့ ဆန္ဒပြု တိုက်တွန်းရင်းနဲ့ပဲ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်"

ကယားတို့ဌာနီ၊ ငွေတောင်ပြည်ကြီး၏အလှ တောင်ကုန်းတောင်တန်းများနှင့် မြို့တော်လွိုင်ကော်၏ မြို့လယ်ခေါင်မှ ဖြတ်သန်းစီးဆင်းလျက်ရှိသော ဘီလူးချောင်းကြီးကား လေယာဉ်ပြတင်းပေါက်မြင်ကွင်းမှ တဖြည်းဖြည်း မှုန်ဝါး၍ ပျောက်ကွယ်သွားပါတော့သည်။

❑

# မြန်မာ့လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဂျပန်အစိုးရ၏နှစ်ဆင့် ချေးငွေစီမံကိန်းအကြောင်း

ဂျပန်နိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်သည့် JICA Two Step Loan စီမံကိန်းအစီအစဉ်အကြောင်းကို မြန်မာ့ရုပ်မြင်သံကြားတွင် စကားဝိုင်းဆွေးနွေးပွဲအဖြစ် ထုတ်လွှင့်ပြသသောအခါ ကျေးလက်နေတောင်သူများအကြား စိတ်ဝင်စားမှုများသွားကြောင်း ကြားသိရသည်။ အချို့တောင်သူများလည်း တစ်ဆင့်စကားတစ်ဆင့်ကြားဖြင့် ယင်းချေးငွေ အစီအစဉ်ကို စိတ်ဝင်စားခဲ့ကြသည်။ သို့သော် သေသေချာချာ မသိကြ။ အမှန်တော့ ဂျပန်နိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့ ပူးပေါင်းစီစဉ်သည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ဂျိုက်ကာနှစ်ဆင့်ချေးငွေအစီအစဉ်သည်ချေးငွေလိုအပ်သော တောင်သူလယ်သမားအားလုံးကို ထုတ်ချေးပေးမည့် ချေးငွေအစီအစဉ်တော့မဟုတ်ပါ။ ယင်းချေးငွေစီမံကိန်းအစီအစဉ်ကို မြန်မာတောင်သူများ အားလုံး ဂဃဏန သိကြစေချင်သည်။ ယင်းချေးငွေအကြောင်း မြန်မာ့ရုပ်မြင်သံကြားတွင် ရှင်းပြဆွေးနွေးခဲ့သော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) လက်ထောက်မန်နေဂျာ ဒေါ်သက်သက်လွင်၏ ပြောကြားဆွေးနွေးချက်များကို ယခုပြန်လည်တင်ပြချင်သည်။

**မောင်လွင်ပြင်**

ဂျိုက်ကာအဖွဲ့၏နှစ်ဆင့်ချေးငွေစီမံကိန်းသည် ဂျပန်အစိုးရက မြန်မာ့လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးသော အစီအစဉ်တစ်ရပ်ဖြစ်သည်။ လက်ထောက်မန်နေဂျာဒေါ်သက်သက်လွင်က ယခုလိုရှင်းပြသည်။ ဂျပန်အစိုးရနှင့်မြန်မာအစိုးရတို့ ပူးပေါင်းဆောင်ရွက်သော ဂျိုက်ကာနှစ်ဆင့်ချေးငွေစီမံကိန်းအား မြန်မာ့လယ်ယာကဏ္ဍနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်သည်။ တစ်နည်းအားဖြင့် မြန်မာ့လယ်ယာကဏ္ဍစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက် တစ်ဖက်တစ်လမ်းက ပံ့ပိုးခြင်းလည်းဖြစ်သည်။ ဂျပန်အစိုးရက မြန်မာအစိုးရကို ချေးငွေယန်း ၁၅ ဘီလီယံ၊ ကျပ်ငွေအားဖြင့် ဘီလီယံ ၁၈၀ ကျော်ကို အရင်းဆိုင်းငံ့ကာလ ၁၀ နှစ်အပါအဝင် နှစ် ၄၀ ထုတ်ချေးပေးမည်ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများအား နှစ်စဉ်ထုတ်ချေးပေးနေသည့် စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားအတိုင်း တစ်နှစ်အတိုးနှုန်း ရှစ်ရာခိုင်နှုန်းနှင့် ချေးပေးမည်ဖြစ်သည်။ တစ်လလျှင် အတိုးနှုန်းသုည ဒသမ ၆၆ ရာခိုင်နှုန်းကျသင့်မည်။ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးတည်သည့် ချေးငွေစီမံကိန်းဖြစ်၍ ဧက ၅၀အထိလုပ်ကိုင်နေသော တောင်သူလယ်သမားများကိုသာ ဦးစားပေးထုတ်ချေးပေးမည်။ ချေးငွေအစီအစဉ်တွင် နှစ်မျိုးရှိသည်။ တစ်ဦးချင်းချေးငွေအမျိုးအစားအဖြစ် ဧက ၅၀ အထိ လုပ်ကိုင်နေသည့် တောင်သူများ လျှောက်ထားနိုင်သည်။ အစုအဖွဲ့ချေးငွေ အမျိုးအစားအဖြစ် သုံးဦးနှင့်အထက် ဖွဲ့စည်းထားသည့် အစုအဖွဲ့များ လျှောက်ထားနိုင်သည်။ အစုအဖွဲ့ဆိုရာတွင် ဧက ၅၀ အထက် လုပ်ကိုင်သူ တောင်သူတစ်ဦး သို့မဟုတ် လယ်မလုပ်သူ စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ၎င်းတို့နှစ်ဦးစလုံးပါဝင်သော သုံးဦးနှင့်အထက် အစုအဖွဲ့ကိုဖွဲ့စည်းထားရမည်ဖြစ်သည်ဟု ဒေါ်သက်သက်လွင်ကဆိုသည်။

ချေးငွေစီမံကိန်းအစီအစဉ်အရ ဧက ၅၀ အထိ လုပ်ကိုင်သူတောင်သူတစ်ဦးကို ကျပ်သိန်း ၅၀၀ အထိအများဆုံးထုတ်ချေးပေးမည်ဖြစ်သည်။ အစုအဖွဲ့တစ်ခုကို ကျပ်သိန်း ၅၀၀၀ အထိ အများဆုံးထုတ်ချေးပေးမည်ဖြစ်သည်။ ဤတွင် ငွေချေးလျှောက်လွှာ(အဆိုပြုလွှာ) တင်သွင်းသူ တောင်သူတစ်ဦးချင်းနှင့် အစုအဖွဲ့တိုင်းအား ကျပ်သိန်း၅၀၀၊ သိန်း ၅၀၀၀ စီစသည်ဖြင့် ထုတ်ချေးမည်တော့မဟုတ်ချေ။ ငွေချေးလိုသူ၏ လုပ်ငန်းပမာဏ၊ ချေးငွေလိုအပ်ချက်၊ ပြန်ဆပ်နိုင်စွမ်းအား စသည်တို့အပေါ် စိစစ်ဆုံးဖြတ်ပြီး မည်မျှထုတ်ချေးပေးသင့်သည်ကို ပမာဏသတ်မှတ်ပြီး ထုတ်ချေးပေးမည်ဖြစ်သည်။ ယင်းချေးငွေများသည် အဓိကတောင်သူတွေလိုအပ်နေသည့် မြန်မာ့လယ်ယာလုပ်ငန်းတွင်လည်း အမှန်လိုအပ်နေသည့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရန်အတွက်ဖြစ်သည်။ ပြီးလျှင် စိုက်ပျိုးရေးကို အခြေခံသောစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရင်းနှီးမြှုပ်နှံနိုင်ရန် အတွက်လည်း ရည်ရွယ်သည်။ ယင်းသည် မြန်မာ့လယ်ယာလုပ်ငန်းခွင်တွင် လောလောဆယ်အခက်အခဲဖြစ်နေသည်ဟုဆိုနေသော လယ်ယာလုပ်သားရှားပါးခြင်းပြဿနာကို တစ်ဖက်တစ်လမ်းက ဖြေရှင်းပေးရန်အတွက်လည်းဖြစ်သည်။ ထို့ပြင် မြန်မာ့လယ်ယာလုပ်ငန်းကို စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက်လည်း ပံ့ပိုးခြင်းသဘောမျိုးဖြစ်သည်။ ထုတ်ချေးပေးမည့်ချေးငွေသည် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရန်ဆိုထားသည့်အတွက် ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ ထော်လာဂျီစသည့် လယ်ယာသုံးစက်ကိရိယာများသာ ဝယ်ယူရန်ဖြစ်သည်။ ယင်းစက်ကိရိယာများဝယ်ယူရန် စက်ဖိုးငွေကို တောင်သူထံထုတ်ပေးမည်တော့မဟုတ်။ ရောင်းချသည့်ကုမ္ပဏီထံသို့ တိုက်ရိုက်ပေးချေသွားမည်ဖြစ်သည်။ သို့သော် ချေးငွေရယူသူတောင်သူကတော့ ၎င်းစိတ်ကြိုက်ကုမ္ပဏီ၊ ၎င်းကြိုက်နှစ်သက်သည့် စက်ကိရိယာအမျိုးအစားကိုတော့ စိတ်ကြိုက် ရွေးချယ်ခွင့်ရှိသည်။ စက်ကိရိယာဝယ်ဖို့ငွေချေးသူတောင်သူလက်ထဲချေးငွေထုတ်မပေးဘူးဆိုသော်လည်း စက်ကိရိယာတစ်ခုခုဝယ်ယူပြီးသောအခါ တောင်သူလက်ထဲစက်ကိရိယာရောက်လာပြီးမှ တောင်သူထံတွင် စက်သုံးဆီမရှိခြင်း၊ ငှားရမ်းမောင်းနိုင်သူအား လုပ်အားခရှင်းပေးရန်ငွေကြေးမရှိခြင်းများဖြစ်ပေါ်လာပါက ယင်းအခက်အခဲကို ဖြေရှင်းရန်အတွက် ၎င်းတောင်သူအား ချေးငွေ၏ ၂၀ ရာခိုင်နှုန်းကို Working Capital အဖြစ် ငွေသားလျှောက်ထားလာလျှင် ငွေသားထုတ်ပေးသွားမည့်အစီအစဉ်လည်းရှိသည်။ ဥပမာ- ချေးငွေကျပ်သိန်း ၅၀၀ တွင် စက်ဖိုး ကျပ်သိန်း ၄၀၀ ကျသင့်သော စက်ဝယ်မည်ဆိုလျှင် ကျန် ကျပ်သိန်း ၁၀၀ အား Working Capital ရာခိုင်နှုန်း ၂၀ အဖြစ် ငွေသားထုတ်ချေးပေးမည်ဖြစ်သည်။ အကယ်၍ငွေမလို၍မလိုချင်လည်းရသည်။ တစ်ခုတော့ရှိသည်။ ချေးငွေသိန်း ၅၀၀ တွင် စက်ဖိုးက သိန်း ၃၀၀ ကျသည်။ ကျန်ငွေ ကျပ်သိန်း ၂၀၀ ကိုတော့ ငွေသားအဖြစ် လိုချင်၍ မရပေ။

ချေးငွေလျှောက်ထားရမည့် အစီအစဉ်ကိုလည်း စကားဝိုင်းဆွေးနွေးပွဲတွင် ပြောဆိုဆွေးနွေးခဲ့ပါသေးသည်။ ငွေချေးမည့် ဧက ၅၀ လုပ်ကိုင်နေသည့် တောင်သူသည် မိမိကြိုက်နှစ်သက်သည့် စက်အမျိုးအစားနှင့်ကုမ္ပဏီကိုလေ့လာစုံစမ်းပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲသို့ ချေးငွေရလိုကြောင်း အဆိုပြုလျှောက်ထားရမည်။ ထိုအခါ ဘဏ်က တောင်သူ၏ဝင်ငွေ၊ သုံးငွေ၊ ပိုင်ဆိုင်မှုအနေအထား၊ ၎င်း၏လုပ်ငန်းလုပ်မည့်အနေအထားစသည်များကို စုံစမ်းမည်။ ပြီးလျှင် ဝင်ငွေအပေါ် မူတည်ပြီး Credit Appraisal တွက်မည်။ တွက်ပြီးသည့်အခါ လုံလောက်မှုရှိသည်ဆိုလျှင် ၎င်းတောင်သူလုပ်ကိုင်ရာ ကျေးရွာအရောက်ကွင်းဆင်းပြီး အာမခံနိုင်မှုရှိ၊ မရှိ၊ အချက်အလက်များမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးမည်။ စစ်ဆေးပြီးမှန်ကန်မှုရှိလျှင် တောင်သူဆီက ပုံစံ (၇) နှင့်ပိုင်ဆိုင်သည့် မြေဧကကိုထပ်စစ်ဆေးမည်။ ပြီးလျှင် ချေးငွေ၏ ၃၀ ရာခိုင်နှုန်းကို ဘဏ်တွင် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲ) စုဆောင်းငွေအဖြစ်သွင်းခိုင်းမည်။ စုဆောင်းငွေအပေါ် ဘဏ်က အတိုးပြန်ပေးမည်။ စုဆောင်းငွေသွင်းပြီးပြီဆိုလျှင် ကျေးရွာအဆင့် ချေးငွေစစ်ဆေးရေးအဖွဲ့က လိုအပ်သည့် စစ်ဆေးထောက်ခံမှုများကို အပြည့်အစုံတောင်းယူမည်။ ပြီးလျှင် မြို့နယ်ချေးငွေကြီးကြပ်ရေးအဖွဲ့ပြီးလျှင် တိုင်းဒေသကြီးဘဏ်ခွဲသို့ ဆက်လက်တင်ပြရမည်။ တိုင်းဒေသကြီးဘဏ်ခွဲမှ တိုင်းဒေသကြီးချေးငွေ ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။ စိစစ်ပြီး၍ အားလုံး ပြည့်စုံသွားပြီဆိုလျှင် တိုင်းဒေသကြီးဘဏ်ခွဲမှ ရုံးချုပ်သို့ ဆက်လက်တင်ပြရသည်။ ရုံးချုပ်တွင် PMU အဖွဲ့၊ JICA Consultant အဖွဲ့တို့က အချက်အလက်များကို နောက်ဆုံးအဆင့် စစ်ဆေးမည်။ ပြီးလျှင် ရုံးချုပ်တွင်ရှိသောဦးဆောင်ကော်မတီ Steering Committee သို့ တင်ပြပြီး ဦးဆောင်ကော်မတီက ခွင့်ပြုချက်ချပြီဆိုလျှင် ချေးငွေကို မြို့နယ်ဘဏ်ခွဲသို့တိုက်ရိုက်လွှဲပို့ပေးမည်ဖြစ်သည်။

မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံ၏နှစ် ၄၀ ချေးငွေအစီအစဉ်သည် ယခုတစ်နှစ်ကျော်ကာလအတွင်း တောင်သူဦးကြီးများ အကြိုက်တွေ့သွားပြီး အထိုက်အလျောက်အောင်မြင်မှုရသွားသည်ဟု ဆိုရမည်။ လက်ထောက်မန်နေဂျာဒေါ်သက်သက်လွင်က တစ်နှစ်ကျော်ကာလအတွင်း တောင်သူ၈၁၄ဦးအား ချေးငွေကျပ်ဘီလီယံ၃၀ကျော်ထုတ်ချေးပြီးဖြစ်ကြောင်း၊မြို့နယ် ၄၃ မြို့နယ်တွင် စက်အလုံးရေ ၁၆၉ လုံးအတွက် ချေးငွေပေးထားကြောင်း၊ နောက်ထပ် လျှောက်လွှာ ၆၀ ကျော်ကိုလည်း စိစစ်နေဆဲဖြစ်ကြောင်းများကို ပြောကြားခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

**(စာရေးသူ၏အာဘော်သာဖြစ်သည်။)**

Commerce ကာတွန်း



**စာမျက်နှာ (၁၈) ကုန်ကြမ်းအားပြု တင်ပို့မှုမှတစ်ဆင့် . . . . မှအဆက်**

လအလိုက်တင်ပို့အနေအထားကို လေ့လာကြည့်မယ်ဆိုရင် ဇွန်လမှာ တန်ချိန် ၂ သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၇ သန်းကိုလည်းကောင်း၊ ဇူလိုင်လမှာ တန်ချိန် ၂ သိန်းခွဲ၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၀၃ သန်းကိုလည်းကောင်း၊ ဩဂုတ်လမှာ တန်ချိန် ၂ သိန်း၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၈၇ သန်းကိုလည်းကောင်း၊ စက်တင်ဘာလမှာ တင်ပို့မှု တန်ချိန် ၂ သိန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉သန်းကိုလည်းကောင်း၊ အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ တင်ပို့မှု တန်ချိန် ၁ သိန်းကျော်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၄၅ သန်းကိုလည်းကောင်း ရှိခဲ့ပါတယ်။

လေးလတာကာလအတွင်း ကာလတူ တင်ပို့နိုင်မှုကို လေ့လာကြည့်ပါက ၂၀၁၇ ခုနှစ် ဇွန်လအတွက် လယ်ယာသီးနှံတင်ပို့မှုမှာတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၈ သန်းခန့် တန်ဖိုးရှိ လယ်ယာထွက်ပစ္စည်း တန်ချိန် ၃ သိန်းခန့်ကိုလည်းကောင်း၊ ဇူလိုင်လတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၈ သန်း တန်ဖိုးရှိလယ်ယာထွက်ပစ္စည်း တန်ချိန် ၂ သိန်းခွဲကိုလည်းကောင်း၊ ဩဂုတ်လတွင် လယ်ယာ သီးနှံတင်ပို့မှုမှာ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၁၆ သန်း တန်ဖိုးရှိလယ်ယာထွက်ပစ္စည်း တန်ချိန် ၃ သိန်းခန့်ကိုလည်းကောင်း၊ စက်တင်ဘာလအတွက် လယ်ယာသီးနှံတင်ပို့မှုမှာတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၉ သန်းခန့် တန်ဖိုးရှိ လယ်ယာထွက်ပစ္စည်း တန်ချိန် ၃ သိန်းကိုလည်းကောင်း၊ အောက်တိုဘာလ ၁ ရက်မှ ၂၀ ရက်အထိ တင်ပို့မှု တန်ချိန် ၁ သိန်းကျော်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၄၄ သန်းကိုလည်းကောင်း တင်ပို့ခဲ့ပါတယ်။ ထို့ကြောင့် ၂၀၁၇ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်နဲ့ စက်တင်ဘာလ၊ အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ ကာလအတွင်း လယ်ယာသီးနှံ စုစုပေါင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၂၆ သန်းရရှိခဲ့တာကို တွေ့ရပါတယ်။

လယ်ယာကဏ္ဍကိုအားပြုတဲ့အခါမှာ စိုက်ပျိုးရန်သင့်တော်တဲ့မြေကောင်းများရရှိနိုင်မှုအပြင် ထွန်ယက်စိုက်ပျိုးမယ့် လယ်သမားများကဏ္ဍနဲ့ထိုသူတို့ရဲ့ စဉ်းစားချင့်ချိန်နိုင်မှုတို့ဟာ အရေးပါလှပါတယ်။ ယင်းအခြေအနေကို သုံးသပ်ကြည့်တဲ့အခါ ကြက်သွန်စိုက်တောင်သူများရဲ့ဘဝဟာ အဆိုပါကိစ္စကို ထင်ဟပ်ပြသနေပါတယ်။ ကြက်သွန်မျိုးများကို ပြည်ပက ဈေးပိုပေးဝယ်မှုတွေ၊ တရုတ်ကြက်သွန်တွေ အများအပြား ဝင်လာတာကြောင့် ဈေးထိုးကျခဲ့တာတွေ၊ ဈေးမတည်ငြိမ်မှုများကြောင့် တောင်သူများ စိုက်ပျိုးစရိတ်တောင် မကာမိဘဲ အရင်းရှုံးနေရတာတွေ၊ တစ်ဖန် ဈေးတက်ပြန်တော့ တောင်သူလက်မှာ ကြက်သွန်မကျန်တော့တာကြောင့် တောင်သူတွေ အလဲလဲအပြိုပြိုဖြစ်နေတာတွေကို သုံးသပ်ကြည့်မယ်ဆိုရင် တောင်သူ လယ်သမားများကို အသိပညာပိုင်း၊ နည်းပညာပိုင်းနဲ့ ပညာပေးမှုအပိုင်းတို့မှာ ထိရောက်တဲ့ ကူညီမှုတွေကို ပေးနိုင်သမျှပေးဖို့လိုအပ်နေတာ သေချာလှပါတယ်။ စိုက်ပျိုးလိုက်၊ ရာသီဉတုကြောင့် ပျက်လိုက်၊ အထွက်ကောင်းပြန်တော့ ဈေးမကောင်းလိုက်၊ ဈေးကောင်းပြန်တော့ တောင်သူလက်ထဲ ကုန်စည်ကမရှိတော့ပြန်တာနဲ့ သံသရာထဲ တဝဲဝဲလည်ရင်း ကျေးလက်ဒေသကို လူငယ်လူရွယ်တွေ စွန့်ခွာမှုပိုပိုများလာတာ လက်တွေ့ကျေးလက်တွေကို ကွင်းဆင်းလိုက်ရင်မြင်သာပါတယ်။

ဒီလို အဖြစ်အပျက်တွေဟာလည်း နိုင်ငံတိုင်းမှာ တွေ့ကြုံနေရတာဖြစ်တာကြောင့် နည်းလမ်းမျိုးစုံနဲ့ ဖြေရှင်းဖို့ ကြိုးစားနေကြပါတယ်။ ဉပမာအားဖြင့် ဂျပန်နိုင်ငံဟာ လယ်ယာစိုက်ပျိုးမှုကိုလုပ်ကိုင်သူအရေအတွက် အလွန်အမင်း ကျဆင်းလာတာကြောင့် အစိုးရမှသီးခြားထောက်ပံ့ပေးမှုများကိုပေးထားရပါတယ်။ အစုအဖွဲ့များစုဖွဲ့ကာ လယ်ယာ စိုက်ပျိုးမှုကို ကူညီပေးမှုများ လုပ်ဆောင်နေကြပါတယ်။ နိုင်ငံခြားသားလုပ်သားများကို လယ်ယာကဏ္ဍမှာ ပိုမိုလုပ်ကိုင်ခွင့်ရစေမယ့် မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့မှုများကိုပါလုပ်ဆောင်ပေးရင်း လယ်ယာကဏ္ဍကိုတိုးတက်အောင် ထောက်ပံ့ပေးထားပါတယ်။ ဒေသတစ်ခုချင်းစီ၏ ထွက်ကုန်အမှတ်တံဆိပ်များကို နာမည်ကြီး အမှတ်တံဆိပ်များဖြစ်စေရန် ဈေးကွက်မှာ ထိုးဖောက်နိုင်ခဲ့ခြင်းကြောင့် တစ်ဦးချင်းဝင်ငွေမြင့်မားလာသလို လယ်ယာကဏ္ဍမှ ဝင်ငွေရရှိမှု မြင့်မားလာတဲ့အတွက် ယခုအခါမှာ ပြည်ပရောက် ဂျပန်လူမျိုးများဟာ မိမိတို့ဒေသများသို့ ပြန်လည်လာရောက်နေထိုင်ပြီး မူလစိုက်ပျိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်စေနိုင်ခဲ့ကြောင်း ဂျပန်နိုင်ငံ၏ ထုတ်ပြန်ချက်အရ သိရပါတယ်။

အာဖရိကဟာလည်း အစိမ်းရောင်တော်လှန်ရေးလို့ အမည်ပေးထားတဲ့ စိုက်ပျိုးရေးကဏ္ဍ ပြောင်းလဲမှုကို စနစ်တကျ လုပ်ဆောင်ခဲ့ကာ ပုဂ္ဂလိကကဏ္ဍကို တိုးတက်ထွန်းကားစေခဲ့သလို လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုများစွာကို ရရှိခဲ့ပါတယ်။ ထိုနည်းတူ ဗီယက်နမ်ဟာ လယ်ယာကဏ္ဍကိုပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပြီးနောက်မှာ ကမ္ဘာ့ငါးနိုင်ငံမြောက် လယ်ယာထွက်သီးနှံ အများဆုံးတင်ပို့တဲ့နိုင်ငံအဖြစ် ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၆ ခုနှစ်စစ်တမ်းမှာ ဖော်ပြမှုခံခဲ့ရပါတယ်။ ဗီယက်နမ်ဟာ အထွက်နှုန်းနည်းပါးမှု၊ အခြေခံအဆောက်အဦ မလုံလောက်မှုနှင့် အားနည်းသော အစီအမံများကို ပြုပြင်ကျော်ဖြတ်ကာ ၂၀၁၆ ခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရရှိမှုတို့မှတစ်ဆင့် လယ်ယာကဏ္ဍကို ပြောင်းလဲခဲ့ခြင်းလည်းဖြစ်ပါတယ်။ အဆိုပါရင်းနှီးမြှုပ်နှံမှုများမှ တစ်ဆင့် အဆင့်မြင့်ထုတ်လုပ်မှုဇုန်များကို ထူထောင်ကာ ပို့ကုန်ပိုမိုတင်ပို့နိုင်ဖို့ ကြိုးပမ်းခဲ့တာကို တွေ့ရပါတယ်။ ဩစတြေးလျနိုင်ငံကတော့ အော်ဂဲနစ်သီးနှံစိုက်ပျိုးတင်ပို့မှုကို ဦးစားပေးရွေးချယ်ထားသလို အိန္ဒိယနိုင်ငံဟာ နိုင်ငံရဲ့လူဦးရေ အများဆုံးဖြစ်တဲ့ တောင်သူများပါဝင်တဲ့ လယ်ယာကဏ္ဍမှာ တစ်ဦးချင်းဝင်ငွေတိုးတက်စေမယ့် အစီအမံကိုအားပြုထားပါတယ်။ ခေတ်မီနည်းစနစ်များကို အသုံးပြုပြီး အထွက်နှုန်းတိုးတက်စေတာကို သေချာစွာ နားလည်လက်ခံစေပြီး သမားရိုးကျ စိုက်ပျိုးမှုကို ခေတ်မီစိုက်ပျိုးမှုနည်းလမ်းများနဲ့ အစားထိုးစေခဲ့ကာ နိုင်ငံစီးပွားရေးကို ကျောထောက်နောက်ခံပေးနိုင်တဲ့ လယ်ယာကဏ္ဍအဖြစ်ကို ပြောင်းလဲခဲ့ပါတယ်။ လက်လီလက်ကား ရောင်းဝယ်သူများကို လယ်သမားများနဲ့ တိုက်ရိုက် ချိတ်ဆက် ရောင်းဝယ်နိုင်တဲ့ အစီအစဉ်များကို စနစ်တကျ လုပ်ဆောင်ခဲ့ပြီး လက်လီလက်ကား ရောင်းဝယ်မှုကဏ္ဍကိုလည်း မြှင့်တင်ပေးခဲ့ပါတယ်။ ထိုင်းနိုင်ငံဟာဆိုရင်လည်း လယ်ယာကဏ္ဍကို စနစ်တကျ ပြောင်းလဲမှုများလုပ်ဆောင်ကာ ကမ္ဘာတစ်လွှား ထင်ရှားလှတဲ့ ထိုင်းဆန်တင်ပို့မှုနဲ့ ထိုင်းနိုင်ငံရဲ့ နိုင်ငံခြားငွေရရှိမှုကဏ္ဍကို ထောက်ပံ့ပေးထားပါတယ်။

ထို့ကြောင့် အမေရိကန်နိုင်ငံမှ ပြုလုပ်ထားတဲ့စစ်တမ်းများအရ ၂၀၅၀ ခုနှစ်မှာ ကမ္ဘာ့လူဦးရေ စုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသတွေမှာ နေထိုင်မယ်လို့ ခန့်မှန်းထားခြင်း၊ FAO ရဲ့ခန့်မှန်းချက်အရ နောက်နှစ် အနည်းငယ်အတွင်း ကမ္ဘာ့လူဦးရေတိုးတက်မှုအရ လယ်ယာထွက်ကုန်ပစ္စည်းများကို ၆၀ ရာခိုင်နှုန်း ပိုမိုလိုအပ်လာနိုင်ခြင်းနှင့် နှစ်စဉ်လိုအပ်မှုမြင့်တက်လာနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေး အခြေပြုနိုင်ငံများဟာ ၎င်းတို့ရဲ့ လယ်ယာကဏ္ဍကို မြှင့်တင်ဖို့အတွက် ပြုပြင်ပြောင်းလဲမှုများကို လျင်မြန်စွာ လုပ်ဆောင်လျက်ရှိပါတယ်။ သို့ဖြစ်ရာ စိုက်ပျိုးရေးကိုအခြေခံသော မိမိတို့နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသော၊ ပို့ကုန်တိုးမြှင့် တင်ပို့မှုအတွက် အားထားရသော လယ်ယာထွက်ကုန်များ တိုးတက် ရရှိစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊ တောင်သူလယ်သမားများ၏ တစ်ဦးချင်းဝင်ငွေ၊ အိမ်ထောင်စုများ၏ ဝင်ငွေများတိုးတက်စေရန်အတွက် လယ်ယာစိုက်ပျိုးမှုကဏ္ဍကို အဆင့်မြှင့်တင်ပြောင်းလဲနိုင်ရေး အလေးပေး လုပ်ဆောင်သင့်လှပြီး လယ်ယာထွက်ကုန်ကြမ်းများ အားပြုတင်ပို့မှုမှတစ်ဆင့် ကုန်ချောမြှင့်တင် တင်ပို့နိုင်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်ရေး ရေးသားတင်ပြအပ်ပါတယ်။

Sources: www.vietnam.briefing. Agriculture and raw material (New Challenges-new solution) analysis of USDA and World Bank



# ကျောက်ဆည်မြို့နယ် သီတင်းကျွတ် ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲဖွင့်လှစ်

ကျောက်ဆည်မြို့နယ် သီတင်း ကျွတ်ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲဖွင့်ပွဲကို သီတင်းကျွတ် လဆန်း ၁၄ ရက်အောက်တိုဘာ ၂၃ ရက်က ကျောက်ဆည်မြို့ ရွှေသာလျောင်း တောင်ခြေရှိဆင်ပြိုင်ပွဲကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဉက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တိုင်းဒေသကြီး အမျိုးသမီး ကော်မတီနာယက ဒေါက်တာယုယုမေနှင့် အဖွဲ့ဝင်များ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ လာရောက် ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရပြိုင်ပွဲဝင်ဆင် အဖွဲ့များသည် ရွှေသာလျောင်းတောင်ခြေ ဆင်ပြိုင်ကွင်းအတွင်းရှိ ဗဟိုမဏ္ဍပ် ရှေ့တွင် နေရာယူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင်ဆင် အဖွဲ့များက ဗဟိုမဏ္ဍပ်ရှေ့မှ ကပြသီဆိုကာ ကွင်းအတွင်းမှ ထွက်ခွာကြသည်။ ဆက်လက်၍ အလှပြဆင်အဖွဲ့များက ဗဟိုစင်မြင့်ပေါ်မှ ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ပြိုင်ပွဲများကျင်းပရာ ရိုးရာအငယ်တန်း၊ ရိုးရာအကြီးတန်းနှင့် ဘော်ကြယ်တန်းဟူ၍ အမျိုးအစားသုံးမျိုး ခွဲခြားယှဉ်ပြိုင်ကြသည်။ ယှဉ်ပြိုင်ရာတွင် စားတော်တိုက်အက (ဘုရားကန်တော့)၊ နတ်ပင့်(ဆိုင်ရာပိုင်ရာပူဇော်ခြင်း)၊ လေးကင်းအက (ဆင်ကြမ်းမှုဆိုးကြမ်း)၊ ရိုးရာအရိုင်းအကတို့ကို မြန်မာ့ရိုးရာတူရိယာ ဒိုးပတ်၊ လင်ကွင်း၊ နှဲ၊ မောင်း၊ ဝါးလက်ခုတ်တို့ကို အဖွဲ့လိုက်ညီညွတ်စွာ သီဆိုကပြယှဉ်ပြိုင်ကြသည့် ကျောက်ဆည်ကိုးခရိုင် ရိုးရာပွဲဖြစ်သည်။

ကျောက်ဆည်မြို့နယ် ဆင်ပြိုင်ပွဲဗဟိုမဏ္ဍပ် ကလေးဆင်ပြိုင်ပွဲတွင် မျိုးချစ်ရင်သွေး၊ မင်းဇာနည်၊ မင်းကျန်စစ်၊ အေးချမ်း မြန်မာဆင်အဖွဲ့များ သဘာဝ ဆင်ပြိုင်ပွဲတွင် ပဏ်၊ ကရုဏာရှင်၊ မင်းသွေးရွှေဆည်အသင်းများ၊ ဘောကြယ် ဆင်ပြိုင်ပွဲတွင် ရွှေစင်မောင်၊ ဧရာမိုး၊ ဇာတိမာန်၊ မင်းမြန်မာ၊ ရိုးရာဆင်ပြိုင်ပွဲတွင် လှယဉ်ကျေး၊ ပိတောက်မြိုင်၊ မြင်းစိုင်းဇာနည်၊ မင်းမင်းနိုင်၊ မြတ်ဂုဏ်ရည်လှ၊ ရွှေဆည် နောက်တိုး ဇာနည်ဘွားနှင့် ရဲထက်အောင်အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရပ်ကွက်ဆုပေးမဏ္ဍပ်များတွင်လည်း ဆင်အဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရပ်ကွက်များသို့ လှည့်လည်ဖျော်ဖြေကြသည်။ဆင်ပြိုင်ပွဲကျင်းပပြီး သီတင်းကျွတ်လပြည့်နေ့ နံနက်တွင် ရွှေသာလျောင်းတောင်ပေါ်သွားရောက်၍ သစ်သီးပန်းဆီမီး များဖြင့် ဆင်လှူပွဲကျင်းပကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# ပုသိမ်မြို့အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် ကား/အိမ်သုံး လေအေးပေးစက်(Aircon) ရေခဲသေတ္တာပြုပြင်နည်း သင်တန်းအခမဲ့ဖွင့်လှစ်မည်

ပုသိမ်မြို့ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးတွင် AC/DC လျှပ်စစ် အခြေခံမော်တော်ယာဥ် လေအေးပေးစက်/အိမ်သုံးလေအေးပေးစက်နှင့်ရေခဲသေတ္တာတို့တွင် အအေးလမ်းကြောင်း စနစ်တည်ဆောက်ထားပုံ၊ လေအေးပေးစက် အစိတ်အပိုင်းများ ခန့်မှန်းတွက်ချက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ လျှပ်စစ်ပစ္စည်းများ စနစ်တကျသုံးစွဲခြင်း အခြေခံပြုပြင်နည်း သင်တန်းကို အဆိုပါရုံးတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးမှာဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ နံနက် (၀၉း၀၀)နာရီမှ ညနေ (၁၆း၀၀)နာရီအထိကျွမ်းကျင်သည့် နည်းပြဆရာများမှ စာတွေ့/လက်တွေ့ သင်ကြားပေးမှာဖြစ်ပြီး သင်တန်းပြီးဆုံးချိန်တွင် သင်တန်းဆင်း အောင်လက်မှတ်များလည်း ပေးအပ်သွားမှာဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒေသခံလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများအနေနှင့် ဧရာဝတီတိုင်းဒေသကြီး အသေးစား စက်မှုလုပ်ငန်း ဦးစီးဌာန အမှတ်(၁၃)ရက်ကွက်၊ ရုံးအမှတ်(၅၂) ဖုန်းနံပါတ် ၀၄၂-၂၉၂၃၁၊ ၀၄၂-၂၉၂၈၂၊ ၀၉-၄၀၂၅၈၄၇၁၈ သို့လည်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောပါသည်။

**ဧရာမြေ (ပုသိမ်)**

# မော်လမြိုင်မြို့နယ် သောက်ရေသန့်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်း

မော်လမြိုင်မြို့နယ် သောက်ရေသန့်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၉ ရက်က မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ခေတ္တပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ မွန်ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှပြည်နယ်တာဝန်ခံ ဒေါက်တာစိုးနိုင်က ယခုကဲ့သို့သောက်ရေသန့်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်းအတွက် ဂုဏ်ယူပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ခြင်းထက် အသင်းအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းသည် ပိုမိုကောင်းမွန်ပါကြောင်း၊ အသင်း၏ ရည်ရွယ်ချက်မှာလည်း အလွန်ပင်ကောင်းမွန်ပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်း၊ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးကြည်မျိုးကျော်၊ မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှ ဦးစိုးဝင်းနိုင်တို့ကလည်း သောက်ရေသန့်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်းအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကြရန်နှင့်လိုအပ်သည်များ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မော်လမြိုင်သောက်ရေသန့်လုပ်ငန်းရှင် စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ပြီး၊ တက်ရောက်သူလုပ်ငန်းရှင်များထဲမှ အများဆန္ဒ သဘောတူညီမှုဖြင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး အပါအဝင် EC အဖွဲ့ဝင် ၈ ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။ ထို့နောက် ရွေးချယ်ခံရသော မော်လမြိုင်သောက်ရေသန့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌမှ အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ရေသန့်လုပ်ငန်းရှင်များမှ အသီးသီး အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**မိုးမိုး (မွန်)**

# New Cargo Terminalမှ မန္တလေးနှင့် အာရှနိုင်ငံများအကြား ကုန်စည်တင်ပို့ခြင်း ရှင်းလင်းမိတ်ဆက်ပွဲကျင်းပ

ပို့ဆောင် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ဂျပန်နိုင်ငံ Mc-Jalux Airport Services Co.Ltd မှ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အနီး တည်ဆောက်နေသည့် New Cargo Terminal မှာ ပြီးစီးတော့မည်ဖြစ်ပြီး New Cargo Terminal မှတစ်ဆင့် မန္တလေးနှင့် အာရှနိုင်ငံများအကြား ကုန်စည်များ လွယ်ကူလျင်မြန်စွာ တင်သွင်းခြင်း၊ တင်ပို့ခြင်းများ ပြုလုပ်နိုင်တော့မည်ဖြစ်သည်။



New Cargo Terminal အကြောင်း ရှင်းလင်းမိတ်ဆက်ပွဲကို အောက်တိုဘာ ၂၁ ရက်က ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံ စူပါစင်တာစတုတ္ထထပ်ရှိမန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်နိုင်ငံ Mc-Jalux Airport Service Co.,Ltd မှ Vice President Mr.Futoshi Hiroi က မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အာရှနိုင်ငံများသို့စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ သားငါးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး၊ အာရှနိုင်ငံများမှ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် စက်ပစ္စည်းများတင်သွင်းနိုင်ရေးအတွက် Cargo Terminal တည်ဆောက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ တည်ဆောက်နေသည့် ကုန်စည်ပို့ဆောင်ရေး အဆောက်အအုံမှာ အကျယ်အဝန်း ၉၆၀ စတုရန်းမီတာရှိပြီး မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်း၊ စင်ကာပူ၊ တရုတ်နိုင်ငံ မြို့ကြီးများသို့ ကုန်စည်ပို့ဆောင်နိုင်မည်ဖြစ်သည်။

**မောင်ပြည်သူ (မန္တလေး)**

# မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆန်းစစ်တွေ့ရှိချက်များ ဆွေးနွေးပွဲကျင်းပ

ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနနှင့် မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစီအစဉ်တို့ ပူးပေါင်းကျင်းပသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆန်းစစ်တွေ့ရှိချက်များ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ Hilton Hotel တွင် ကျင်းပသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ကမ္ဘာကြီးကို စိန်ခေါ်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြင့် ဝိုင်းဝန်း ကာကွယ်ရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားတွင် တိုက်တွန်းပြောကြားသည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ Myanmar Climate Change Alliance-MCCA မှ နည်းပညာဆိုင်ရာ အကြံပေးပညာရှင် Mr.Shashank Mishra က မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆန်းစစ်တွေ့ရှိချက်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ မဟာဗျူဟာပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)နှင့် ခရိုင်နှင့် မြို့နယ်အဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိခိုက်မှုလေ့လာတွေ့ရှိချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စီမံကိန်းများရေးဆွဲခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အသိပညာပေးခြင်းများ အပြန်အလှန်ဆွေးနွေးခဲ့ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ်တို့ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုး၍ မြန်မာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အစီအစဉ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# (၇) နေ့ သားသမီးများအတွက်


## စီးပွားရေး အကြံပေး ဟောကိန်း

## ၂၉-၁၀-၂၀၁၈ မှ ၄-၁၁-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** အလုပ်ကိစ္စနှင့်ပတ်သက်ပြီး အတိုက်အခံရန်ပြုသူများကို အောင်မြင်နေမည်။ လူသစ်မိတ်သစ်များနှင့်အလုပ်အကိုင်ဖြစ်နေမည်။ ထီပေါက်သကဲ့သို့ ဝင်ငွေရလိမ့်မည်။ အချစ်ရေးတွင် ငယ်ချစ်ဟောင်းနှင့် ပြန်ဆုံတတ်သည်။ အိမ်ထောင်ရေးတွင် ခမ်းခမ်းနားနား လက်ထပ်ပွဲပြုရတတ်သည်။ကျန်းမာရေးကောင်းနေသော်လည်း မထင်မှတ်ဘဲ ခိုက်ရန်ဖြစ်ပြီး သွေးထွက်သံယိုဖြစ်ခြင်းဝေဒနာ ခံစားရတတ်သည်။ **ယတြာ။ ။ငွေကြေးလှူဒါန်းပြီး လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းသစ်တစ်ခုစတင်လုပ်ဖြစ်မည်။ ငွေကြေးအဝင်လွယ်သလောက် အကုန်များနေရလိမ့်မည်။ မိမိပြုလုပ်လိုသော လုပ်ငန်းအပေါ် ဇွဲရှိပါက တဖြည်းဖြည်း တိုးတက်မှု အားကောင်းလာပါလိမ့်မည်။ အိမ်ထောင်ရေးသာယာမှုရှိနေသော်လည်း ဆွေမျိုးသားခြင်းများကြောင့်အမြင် မကြည်မှုများဖြစ်လာတတ် သည်။ ကျန်းမာရေးကောင်းနေသော်လည်း ရေကို သတိထားပါ၊ ဥပဒ်ရှိသည်။ **ယတြာ။ ။ ဆေးဝါးလှူဒါန်းပြီး လိုရာဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းအရှိန်တိုးတက်မှုရှိနေသော်လည်း လုပ်ငန်းပိုင်းတွင် မထင်မှတ်ထားသည့်ဘေးပယောဂတို့ကြောင့် အခက်ကြုံရတတ်သည်။ ငွေကြေး ကံကောင်းနေမည်။ ကူညီမစမည့်သူပေါ်များနေတတ်သည်။ ငယ်ရွယ်သူတို့၏ အချစ်ရေးတွင် မိဘကြီးကဲသူကြောင့် သောကများနေရလိမ့်မည်။ အိမ်ထောင်ရေး ပဋိပက္ခရှိနေလိမ့်မည်။ ကျန်းမာရေးအဆစ်အမြစ်နာကျင်ကိုက်ခဲသော ဝေဒနာခံစားရလိမ့်မည်။ **ယတြာ။ ။ ရေသန့်လှူပြီး လိုရာဆုတောင်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းအတွက် စိတ်ချရတဲ့သူ မရှိတာကြောင့် အပင်ပန်းခံလုပ်ကိုင်နေရတတ်သည်။ ကိုယ်တိုင်လုပ်ကိုင်နေရခြင်းကြောင့် မ စ မည့်ကူညီသူများကြောင့် လုပ်သမျှဖြစ်နေမည်။ ဆွေမျိုးသားချင်း၏ အမှုအခင်းတစ်ခု ကြောင့် စိတ်မအေးဖြစ်နေရတတ်သည်။ အချစ်ရေးတွင် ချစ်သူ၏အထင်လွဲမှု ခံနေရတတ်သည်။ ကျန်းမာရေးတွင် အစာအိမ်ဝေဒနာခံစားရမှု ရှိနေတတ်သည်။ **ယတြာ။ ။အာဟာရမုန့်လှူပြီး လိုရာဆုတောင်းပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းတွင်အတွင်းလူ သစ္စာဖောက်ကြောင့် ဆုံးရှုံးရမှုများတတ်သည်။ လူယုံသတ် ၍သေရသော သဘောရှိလိမ့်မည်။ စာရင်းဇယား တိတိကျကျ လုပ်နိုင်မှ လုပ်ငန်းအောင်မြင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေတတ်သည်။ ကျန်းမာရေးတွင် နှလုံးထိခိုက်တက်သော ဝေဒနာကြောင့် နှလုံးရောဂါဖောက်လာတတ်သည်။ ပြုန်းစားကြီး ဥပဒ်ဖြစ်တတ်သည်။

**ယတြာ။ ။သစ်သီးလှူဒါန်းပြီး လိုရာဆုတောင်းပါ။**



**သောကြာသားသမီးများအတွက်** အလုပ်ကိစ္စနှင့်ခရီးသွားနေရတတ်သည်။ ဒေသန္တရဗဟုသုတရတာကြောင့် ပင်ပန်းသော်လည်း ငွေကြေးအဆင်ပြေမည်။ အသိုင်းအဝိုင်းမှုခင်းကိစ္စများတွင် ပါဝင်မိသည့်အတွက် အလုပ်များနေရလိမ့်မည်။ အချစ်ရေးတွင် ဝေးကွာမှု ရှိနေတတ်သည်။ အိမ်ထောင်သည်များ ပဋိပက္ခဖြစ်နေမည်။ ကျန်းမာရေး ချူချာနေတတ်သည်။ အအေးမိခြင်းရောဂါ၊ အဆုတ်ရောင် အဖျားကြီး ဝေဒနာခံစား ရတတ်သည်။

**ယတြာ။ ။ ထီးလှူပြီးလိုရာဆုတောင်းပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများတိုးတက်အောင်မြင်မည်။ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်သင့်သည်။ ငွေကြေးအထူးကံကောင်းနေမည်။ ဘာသာရေးဆိုင်ရာလုပ်ငန်းပိုင်း အထူးအကျိုးပေးနေတတ်ပါသည်။ အချစ်ရေးစန်းပွင့်နေမည်။ ဝိုင်းဝိုင်းလည်နေသောကြောင့် ရွေးချယ်ရန်ခက်နေတတ်လိမ့်မည်။ အိမ်ထောင်ရေး အဆင်ပြေနေမည်။ ကျန်းမာရေးအနေဖြင့် အိပ်ရေးပျက်၍ ဦးခေါင်းမကြည်လင်ဖြစ်ပြီး အာရုံကြောအားနည်းသောဝေဒနာခံစားနေရတတ်သည်။

**ယတြာ။ ။ မိမိလက်အောက်ငယ်သား တစ်ဦးဦးကို ဖိနပ်လှူပါ။**

# တစ်ပတ်အတွင်း ရော်ဘာတန်ချိန် တစ်ထောင့်နှစ်ရာကျော် တင်ပို့

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၃ သန်းတန်ဖိုးရှိရော်ဘာအဆင့်မျိုးစုံ ၁၂၆၇ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့မှုများမှာ RSS-1အမျိုးအစား ၁၁၇ တန်၊ RSS-3 အမျိုးအစား ၆၀၀ တန်၊ RSS-5အမျိုးအစား ၉၉ တန်နဲ့ MSRအမျိုးအစား ၆၈ တန်ကျော် တင်ပို့ခဲ့ပြီး လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ Crepe Rubber အမျိုးအစား ၁၈ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၂၅၄ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ် တာချီလိတ် ကုန်သွယ်ရေးစခန်းမှ Latex ၆၀ ရာခိုင်နှုန်း၊ DRC အမျိုးအစား ၁၁၀ တန် တင်ပို့ပြီး ကုန်သွယ်ရေးစခန်းများရဲ့ ရော်ဘာတင်ပို့မှုမှာ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၃၈ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

၂၀၁၈ ခု ဘဏ္ဍာနှစ်အစ အောက်တိုဘာ ၁၉ ရက်အထိ မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်း နယ်စပ်မှ ရော်ဘာတင်ပို့မှုမှာ ရော်ဘာအမျိုးအစား အစုံ ၄၇၇၈ တန်ရှိကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ရာသီဥတုကောင်းမွန်ပြီး အဝယ်ဆင်းလာ၍ ကားအရောင်းအဝယ်ရှိလာ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း သီတင်းကျွတ် ကျောင်းပိတ်ရက်ကာလ ခရီးသွားများပြားသဖြင့် ကားရောင်းဝယ်ရန် နေရာများတွင် လူကျဲပါးသွားသော်လည်း ပွဲတော်ရက်များနောက်ပိုင်း ကားရောင်းဝယ်ရေးစခန်းနှင့် ပွဲစားတန်းများတွင် လူဝင်ရောက်မှု ကားဈေးစုံစမ်းမေးမြန်းမှုများဖြင့် ပြန်လည် စည်ကားလာကြောင်း သိရသည်။

ရန်ကုန် ကားဈေးကွက်အတွင်း လတ်တလော အရောင်းအဝယ် များများစားစား မဖြစ်သော်လည်း ယခင်လနှင့်စာလျှင် အရောင်းအဝယ် ပြန်ရှိလာကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ဈေးကွက်တွင်းသို့ ပြည်တွင်းတပ်ဆင်ကားအမျိုးအစားသစ်များ ဝင်ရောက်လာခြင်းနှင့်အတူ စူဇူကီးကားကုမ္ပဏီမှ ဈေးကွက်ဆွဲဆောင်သည့်အနေဖြင့် စူဇူကီးအုပ်စုဝင်ကားများ အဟောင်းပေး အသစ်ယူကဏ္ဍအား ဆောင်ရွက်လာသဖြင့် လူစိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ လက်ရှိစီးနင်းနေသည့် ကားအား ရောင်းချ (သို့မဟုတ်) လဲလှယ်၍ အသစ်ပြန်ဝယ်မည့်သူများမှာ ထုတ်ရောင်းချမှု ရှိလာသဖြင့် ဈေးကွက်ထဲတွင် အက္ခရာတန်းနိမ့် သုံးစွဲပြီး ဂျပန်ညာမောင်းကားများ ပြန်လည်အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

ယခုကာလသည် နှစ်ကုန်ခါနီး နောက်ဆုံးပိုင်းလများဖြစ်သော်လည်း ယခင်နှစ်များကဲ့သို့ နှစ်ကုန်ခါနီး ကားတင်သွင်း မူဝါဒအား စောင့်မျှော်ကြသော်လည်း ယခုနှစ်ကုန်တွင်မူ ယခင်နှစ် ချထားသတ်မှတ်ခဲ့သည့် ယာဉ်မူဝါဒအတိုင်း ဘယ်မောင်း ကားတင်သွင်းခွင့်မှာ မပြောင်းလဲသဖြင့်လည်းကောင်း၊ ကားမော်ဒယ်လ် ခုနှစ် သတ်မှတ်ချက်မှာလည်း ယခင်ရှိရင်း သတ်မှတ်ချက်ထက် တစ်နှစ်ခန့်သာ ပြောင်းလဲတင်သွင်းရမည်ဖြစ်သဖြင့် ဈေးကွက်တွင် လှုပ်လှုပ်ရှားရှား မဖြစ်တော့ဘဲ ဈေးကွက်တွင်း ရှိပြီး ကားများသာ အရောင်းအဝယ် ပြန်ကောင်းလာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်/ရောင်းများမှ သုံးသပ်ကြသည်။

လတ်တလော ဈေးကွက်ထဲတွင် စီအန်ဂျီသုံး တက္ကစီအငှားယာဉ်၊ အက္ခရာအနီများမှာလည်း ပြည်ပစက်သုံးဆီဈေးတက်မှုကြောင့် ဈေးဆွဲတင် ရောင်းချလာပြီး မော်ဒယ်မြင့် အရောင်းသွက်ကားများအုပ်စုမှာ သိန်း ၂၀၀ အထက် ပုံမှန်အုပ်စုမှာ သိန်း ၁၅၀ နှင့် သိန်း ၂၀၀ အဝယ်လိုက်နေကြောင်း သိရသည်။

**SN**

# ချမ်းမြေ့ရိပ်သာ(ရန်ကုန်)တွင် ကုသိုလ်ဖြစ် အခမဲ့မျက်စိအလင်းဒါနပြုလုပ်မည်

ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီးဩဝါဒကိုခံယူလျက် ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့အစီအစဉ်ဖြင့် မျက်စိခွဲစိတ်အထူးကု မြန်မာပါမောက္ခဆရာဝန်ကြီးများ၊ မြန်မာပါမောက္ခ သမားတော်ကြီးများ၊ ထိုင်းနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် အထောက်အကူပြုအဖွဲ့များ၏ ဝိုင်းဝန်းပံ့ပိုးမှုများဖြင့် မျက်စိဝေဒနာရှင်များကို စမ်းသပ်စစ်ဆေးကာ အတွင်းတိမ်ဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသ၍မျက်ကပ်မှန်များလည်း လှူဒါန်း အလင်းဒါနပြုပါမည်။ ချမ်းမြေ့ရိပ်သာ(ရန်ကုန်)တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၃) ရက် တနင်္ဂနွေနေ့(၁)ရက်တည်းသာ မျက်စိဝေဒနာရှင်များကို မျက်စိစစ်ဆေးခြင်းနှင့် ဆေးစစ်ခြင်းများပြုလုပ်၍ ခွဲစိတ်ခံယူရမည့် အတွင်းတိမ်မျက်စိဝေဒနာရှင်များကို ရွေးချယ်ပါမည်။

ခွဲစိတ်ကုသမှုခံယူရမည့်ဝေဒနာရှင်များကို ချမ်းမြေ့ရိပ်သာ(မှော်ဘီ) မျက်စိကုဆေးခန်းတွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နှင့် ၃ ရက် စနေ/တနင်္ဂနွေနေ့များတွင် ခွဲစိတ်ကုသပေးပါမည်။ မျက်စိစစ်ဆေးကုသမှုခံယူလိုသော ဝေဒနာရှင်များသည် ဖုန်း - ၀၉၄၅၈၂၈၂၄၂၈ (နေ့စဉ် နံနက် ၈း၀၀ နာရီမှ ၁၀း၀၀ နာရီ- မွန်းလွဲ ၂း၀၀ နာရီမှ ၄း၁၀ နာရီထိ) သို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပါသည်။

မျက်စိဝေဒနာရှင်များကို ချမ်းမြေ့ရိပ်သာ(ရန်ကုန်)တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နေ့ တစ်ရက်တည်းသာ စမ်းသပ်ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့ (ရန်ကုန်မြို့)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာလဖတ် (၂၀၀၃) | L | ၄၅၅ သိန်း | ၃.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဒိုင်ဟတ်ခရု (၂၀၀၆) | I | ၈၅ သိန်း | .၆၆၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကရောင်း (၂၀၀၁) | D | ၁၈၀ သိန်း | ၃. ၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | မတ်(စ်)အိပ်(စ်)(၂၀၀၅) | E | ၂၄၀ သိန်း | ၂.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဗစ်တ် (၂၀၁၁) | L | ၁၄၀ သိန်း | ၁.၀ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဒီမီယို (၂၀၁၈) | I | ၁၄၃ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | လိုက်ထရပ် (၂၀၀၄) (ပုဇင်းခေါင်း) | F | ၁၃၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | တက္ကစီပရိုဘောက် (၂၀၀၈) | DD | ၁၇၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား | | ၁၂၃ သိန်း | |

# အရည်အသွေးကောင်းမှ အောင်မြင်မှုဆီသို့

အရည်အသွေးသည် နံပါတ်တစ်အလုပ်ဟူသော ဆောင်ပုဒ်အတိုင်း အပြစ်အနာအဆာကင်းသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖောက်သည်များထံသို့ အချိန်ကိုက်ပေးပို့ရန် လိုအပ်ပါသည်။ ယခင်က အရည်အသွေးကောင်းမွန်အောင်ပြုလုပ်လျှင် ကုန်ကျစရိတ်ပိုမိုများပြားပြီး အမြတ်ငွေနည်းပါးနိုင်သည်ဟူသော အမြင်များယူဆမှုများရှိခဲ့သည်။ ယနေ့ခေတ်တွင်မူ ကုန်စည်နှင့် ဝန်ဆောင်မှုများကို အရည်အသွေး မြင့်မားအောင် အလေးအနက်ထားခြင်းသည် ဖောက်သည်ကို အလေးအနက်ထားခြင်း ဖြစ်သည်ဟူ၍ ပြောင်းလဲလက်ခံလာကြပြီဖြစ်သည်။ ဖောက်သည်တို့ စိတ်ကျေနပ်မှုသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးအပေါ် များစွာ မူတည်ရာ ဖောက်သည်ကို အလေးဂရုပြုသောအားဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးကို ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ကြခြင်းဖြစ်သည်။ အရည်အသွေးဟူသည် အခွင့်ထူးခံမဟုတ်၊ မျှတမှုသာဖြစ်သည်။

အရည်အသွေးကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် သုံးစွဲသူကို အခြေခံသော ဖွင့်ဆိုမှု ( User Based) ၊ ကုန်စည်ကို အခြေခံသော ဖွင့်ဆိုမှု (Product Based) ထုတ်လုပ်မှု ကိုအခြေခံသောဖွင့်ဆိုမှု (Manufacturing Based) ဟူ၍ ကွဲပြားနိုင်ပါသည်။ အမေရိကန် အရည်အသွေးလူ့အဖွဲ့အစည်း ( American Society for Quality) တွင်မူ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ရည်ရွယ်ရင်း လိုအင်များကို ကျေနပ်စေနိုင်သည့် သွင်ပြင်လက္ခဏာနှင့် ဝိသေသများ၏ စုပေါင်းစွမ်းဆောင်နိုင်မှုဟူ၍ အဓိပ္ပါယ် ဖွင့်ဆိုနိုင်ပါသည်။

အရည်အသွေးကို တိုးမြှင့်အောင် ဆောင်ရွက်ခြင်းဖြင့် ရောင်းအားတိုးတက်လာပြီး ကုန်ကျစရိတ် လျော့ကျသည့်အပြင် အမြတ်တိုးပွားစေသော ရလဒ်များကို ရရှိစေပါသည်။ အရည်အသွေး တိုးတက်ကောင်းမွန်သဖြင့် ဈေးကောင်းရရှိခြင်း၊ ဖောက်သည်တို့၏ တုံ့ပြန်မှု တိုးတက်ရရှိခြင်း၊ အရောင်းသွက်ခြင်း၊ ဂုဏ်သတင်း ကောင်းခြင်း စသောအကျိုးရလဒ်များ ရရှိစေနိုင်ပါသည်။ ထို့ပြင် ကုန်ထုတ်စွမ်းအားတိုးတက်ခြင်း၊ ပြန်လည်ပြုပြင်ရမှုနှင့် အပျက်အစီး၊ အကျိုးအပဲ့ အလေအလွင့် နည်းပါးခြင်း၊ အာမခံစရိတ် လျော့ပါး သက်သာခြင်း စသော အကျိုးကျေးဇူးများ ရရှိစေသဖြင့် အမြတ်အစွန်း ပိုမိုရရှိစေပါသည်။ စေတနာသည် ကံဖြစ်သည်။ စေတနာကောင်းရှိလျှင်

**| ငြိမ်းဝေနှင်း |**


အကျိုးပေး ထက်သန်ပါသည်။ ဖောက်သည်ကို အလေးအနက်ထားသော ကုမ္ပဏီတို့သည် အောင်မြင်လေ့ရှိပြီး အောင်မြင်သော ကုမ္ပဏီများသည် ဖောက်သည်ကို အလေးအနက်ထားလေ့ရှိသည်။

ကုန်စည်အရည်အသွေးများ၏ လက္ခဏာများတွင် ပင်ကိုကောင်းသော အရည်အသွေး ဖြစ်ခြင်း၊ အံ့ဝင်ခွင်ကျဖြစ်ခြင်း၊ ဆောင်ရွက်မှု ကောင်းခြင်း၊ ကြာရှည်ခံခြင်း၊ အားထားရခြင်း၊ လုံခြုံ စိတ်ချရခြင်း၊ နည်းပညာ သာလွန်ကောင်းမွန်ခြင်း၊ အရည်အသွေး ကောင်းမွန်ကြောင်း သိသာထင်ရှားခြင်း၊ အသုံးပြုရ လွယ်ကူခြင်း၊ ဆွဲဆောင်နိုင်ခြင်း၊ ထိုက်တန်မှု ရှိခြင်း၊ သုံးစွဲစဉ်နှင့် သုံးစွဲပြီးနောက် ဝန်ဆောင်မှုပေးခြင်း၊ အချိန်နှင့် တစ်ပြေးညီ ပေးပို့ဝန်ဆောင်ခြင်း အစရှိသော ဂုဏ်ရည်များ ပါရှိပါသည်။

ဝန်ဆောင်မှုကောင်းလက္ခဏာများတွင် အားထားရမှု၊ စိတ်ချမ်းမြေ့မှု၊ ယုံကြည် စိတ်ချရမှု၊ အချိန်လေးစားမှု၊ လုံခြုံမှု၊ ဝန်ထမ်းများ အရည်အသွေးပြည့်ဝမှု၊ ဖောက်သည်ကို လေးစားမှု၊ တာဝန် ကျေပွန်မှု၊ ယဉ်ကျေး ပျူငှာမှု၊ ဆက်ဆံရေးကောင်းမွန်မှု၊ လူမှုရေး သိတတ်မှု စသော အရည်အသွေးများ ပါရှိပါသည်။ အရည် အသွေးဆိုင်ရာ ကဝိတစ်ဆူဖြစ်သည့် Edwards Deming က အရည်အသွေးစီမံခန့်ခွဲမှု အကောင်အထည်ဖော်ရန်အချက် (၁၄) ချက်ကို ညွှန်ပြခဲ့သည်။ ထိုညွှန်ပြချက်များမှာ (၁) အရည်အသွေးဆိုင်ရာ ရည်ရွယ်ချက်များကို တစ်သတ်မတ်တည်း ထားရှိဖော် ဆောင်ရန်၊ (၂) ပြောင်းလဲ တိုးတက်မှု ဦးဆောင်ရန်၊ (၃) အရည်အသွေးရှိ ကုန်စည်စနစ်ကို သွတ်သွင်းတည်ဆောက်ရန်၊ (၄) ဈေးနှုန်းကို အခြေခံ တည်ဆောက်သော စနစ်မှ စွမ်းဆောင်ရည်ကို အခြေခံသော ရေရှည် ဆက်ဆံရေး တည်ဆောက်ရန်၊ (၅) ကုန်စည်နှင့် ဝန်ဆောင်မှုတို့ စဉ်ဆက်မပြတ် တိုးတက်ရန်၊ (၆) လေ့ကျင့်သင်ကြားရန်၊ (၇) ဦးဆောင်မှုကို အလေးအနက်ထားရန်၊ (၈) ကြောက်ရွံ့စိတ်ကို ဖယ်ရှားပေးရန်၊ (၉) ဌာနများအကြားရှိ အတားအဆီးများ မချောမွေ့ မှုများ ကိုဖယ်ရှားရန်၊ (၁၀) ဝန်ထမ်းများအကြားညည်းတွားမှု ရပ်တန့် အဆုံးသတ်စေရန်၊(၁၁) ထောက်ပံ့မှု ကူညီမှုဖြင့် တိုးတက်စေရန်၊ (၁၂) အခက်အခဲအတားအဆီးများဖယ်ရှား၍ အလုပ်တွင် ဂုဏ်ယူတတ်စေရန်၊ (၁၃) ပညာရေးစနစ်ကောင်း အစီအစဉ်ကောင်းကို တည်ထောင်ရန်နှင့် ကိုယ့်ကိုယ်တိုင် တိုးတက်အောင် ကြိုးပမ်းသော အလေ့အထ ပြုကြရန်၊ (၁၄) ကုမ္ပဏီအတွင်းရှိ လူပုဂ္ဂိုလ်တိုင်း၊ ဝန်ထမ်းတိုင်းကို အပြောင်းအလဲနှင့် အညီလိုက်လျောညီထွေ ဆောင်ရွက်စေရန်တို့ဖြစ်ပါသည်။

ကုန်စည်အရည်အသွေး ကောင်းနှင့် စပ်လျဉ်း၍ ဆက်နွယ်မှုသုံးရပ်ရှိပြီး ၎င်းတို့မှာ (၁) ဂုဏ်သတင်းကျော်ကြားမှု၊ ( ၂) တာဝန်ရှိမှုနှင့် (၃) ဂလိုဘယ်ဆက်နွယ်မှု တို့ဖြစ်ကြပါသည်။ ကုန်စည် အရည်အသွေးကောင်းမွန်မှသာ ကုမ္ပဏီ၏ ဂုဏ်သတင်း သင်းပျံ့နေမည်ဖြစ်ပါသည်။ အရည် အသွေး ထိန်းကွပ်မှုတွင် ကုန်စည်အရည်အသွေးထိန်းသိမ်းမှုဌာနက ကုန်စည်အရည် အသွေးကို စစ်ဆေးတာဝန်ယူပြီးအလုံးစုံ အရည်အသွေး စီမံခန့်ခွဲမှုစနစ်တွင် ကုန်စည် အရည်အသွေးစနစ်ကိုတည်ဆောက်သည်။ ယခင်က ကုန်စည်အရည်အသွေး အဓိပ္ပာယ်ဖွင့်ဆိုမှုကို ကုမ္ပဏီကသတ်မှတ်သော်လည်း အလုံးစုံအရည်အသွေး စီမံခန့်ခွဲမှုတွင် ကုန်စည်အရည်အသွေးကို ဖောက်သည်က သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

**အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်၍ အမြတ်ပိုမို ရရှိနိုင်ကြောင်း နည်းလမ်းနှစ်သွယ်**




အမြတ်ပိုမိုရရှိနိုင်ကြောင်း နည်းလမ်းနှစ်သွယ်ပြပုံ

အချုပ်အားဖြင့် ယနေ့စီးပွားရေးခေတ်တွင် စီးပွားရေး လုပ်ငန်းအဖွဲ့အစည်း အသီးသီးသည် မိမိတို့၏ စီးပွားရေးထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အရည်အသွေးမြင့်မားအောင် အထူးဂရုပြု အာရုံစိုက်၍ ဆောင်ရွက်ရန်လိုအပ်ပြီး အရည်အသွေး တိုးတက်ကောင်းမွန်အောင် ပိုမိုအလေး အနက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

## မြန်မာ–ထိုင်းနယ်စပ်ကုန်သွယ်မှုမြင့်တက်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ တန်ဖိုးကန်ဒေါ်လာ ၆၇၀ သန်းခန့် ဆောင်ရွက်နိုင်

၂၀၁၈ ခုနှစ်၏ ပထမကိုးလတာ အတွင်း နယ်စပ်ကုန်သွယ်မှုသည် ယခင်နှစ်ကထက် ၆ ဒသမ ၁၄ ရာခိုင် နှုန်း တန်ဖိုးအားဖြင့် ထိုင်းဘတ် ၁ ဒသမ ၀၄ ထရီလီယံပိုမိုတိုးတက်လာခဲ့ပါသည်။ ပို့ကုန်ပိုငွေပြမှု (export surplus) အနေဖြင့် ထိုင်းဘတ် ၁၃၃ ဘီလီယံရှိ ခဲ့ပြီး နိုင်ငံခြားသား တရုတ်ခရီးသွားများ ဝင်ရောက်မှုကတော့ အနုတ်လက္ခဏာ ပြနေခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံခြားကုန်သွယ်မှုဌာန၏ ညွှန်ကြားရေးမှူးချုပ် Mr.Adul Chotinisakorn ၏ ထိုင်းနိုင်ငံ ထုတ်ဖော်ပြောကြားချက်အရ တစ်ဆင့်ခံ ကုန်သွယ်မှု Transit Trade အပါအဝင် ထိုင်းနိုင်ငံ နယ်စပ်ကုန်သွယ်မှုအားလုံး ၏ တန်ဖိုးအနေဖြင့် ပို့ကုန်တွင် ထိုင်း ဘတ် ၅၈၅ ဘီလီယံရှိခဲ့ပြီး သုည ဒသမ ၂၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ သွင်းကုန်အနေဖြင့် ထိုင်းဘတ် ၄၅၂ ဘီလီယံဖြင့် ၁၅ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ မလေးရှားနှင့် နယ်စပ်ကုန်သွယ်မှုအနေဖြင့် အများဆုံးဖြစ်ပြီး ကုန်သွယ်မှုပမာဏအနေဖြင့် ထိုင်းဘတ် ၄၂၆ ဘီလီယံရှိ ကြောင်း၊ ပို့ကုန်အနေဖြင့် ထိုင်းဘတ် ၂၂၁ ဘီလီယံဖြစ်ကာ ၆ ဒသမ ၆၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ သွင်းကုန်အနေဖြင့် ထိုင်းဘတ် ၂၀၅ ဘီလီယံရရှိခဲ့ကာ ၁၁ ဒသမ ၇၂ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

လာအိုနိုင်ငံနှင့်နယ်စပ်ကုန် သွယ်မှုတွင်တော့ ကုန်သွယ်မှုပမာဏ ထိုင်းဘတ် ၁၅၉ ဘီလီယံ ဖြစ်ကာ ၅ ဒသမ ၀၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ပို့ကုန်အနေဖြင့် ထိုင်းဘတ် ၉၇ ဘီလီယံ ဖြစ်ပြီး သုည ဒသမ ၆၃ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ သွင်းကုန်အနေဖြင့် ၆၂ ဘီလီယံဖြစ်ကာ ၁၂ ဒသမ ၆၇ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

ထိုင်း-မြန်မာ နယ်စပ် ကုန်သွယ်မှုတန်ဖိုး အနေဖြင့် ကုန်သွယ်မှုပမာဏ ၁၄၄ ဘီလီယံ ဖြစ်ကာ ၄ ဒသမ ၉၄ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ၎င်းပမာဏတွင် ပို့ကုန်တန်ဖိုး ၈၈ ဘီလီယံ ဖြစ်၍ ၁၉ ဒသမ ၂၆ ရာခိုင်နှုန်းတိုး တက်လာကာ သွင်းကုန်တွင် ၁၈ ဘီလီယံဖြစ်၍ ၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာခဲ့ ကြောင်း သိရှိရပါသည်။ Mr.Adul က မြန်မာနိုင်ငံအတွင်း ရေကြီးခြင်းနှင့် ပြည်တွင်းသုံးငွေကျပ် တန်ဖိုးကျဆင်းနေခြင်း ကလည်း နယ်စပ်ကုန်သွယ်ရေးအပေါ်တွင် တစ်နည်းတစ်ဖုံသက်ရောက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့ပါ သည်။

သို့ရာတွင် ထိုင်းမှ မလေးရှားသို့ ရော်ဘာနှင့် ရော်ဘာထွက်ပစ္စည်းများတင်ပို့နိုင်မှု လျော့ကျ



ခဲ့ခြင်းကြောင့် မလေးရှားသို့ ပို့ကုန်တင်ပို့မှုမှာ တဖြည်းဖြည်းကျဆင်းလာခဲ့ကြောင်း သိရှိရပါသည်။ ထို့ပြင် ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်များဖြစ်သော Songkhla သို့ တရုတ် ခရီးသွားဧည့်သည် ဝင်ရောက်မှု နှုန်းမှာကျဆင်းလျက်ရှိပြီး ထိုသို့ကျဆင်းနေခြင်းကလည်း နယ်စပ်ကုန်သွယ်ရေးအပေါ်တွင် သက်ရောက်မှုရှိကြောင်း ညွှန်ကြားရေးမှူးချုပ်ကပြော ကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနှင့် နယ်စပ်ကုန်သွယ်မှုကတော့ ကောင်းမွန်လျက်ရှိကြောင်း၊ ပို့ကုန်တင်ပို့နိုင်မှုတွင် ၃၄ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့ကာ အဓိကအားဖြင့် အချိုရည်များတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ ယခုနှစ်တွင် ကြိုတင်ခန့်မှန်းထားသည့်အတိုင်း ထိုင်းနိုင်ငံ၏နယ်စပ်ကုန်သွယ်ရေးသည် ကုန်သွယ်မှုပမာဏ တန်ဖိုး ထိုင်းဘတ် ၁ ဒသမ ၅ ထရီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၅ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာနိုင်မည်ဟုယုံကြည်ပါကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန၏ ညွှန်ကြားရေးမှူးချုပ် Mr.Adul Chotinisakorn က ပြောကြားခဲ့မှုအရ သိရှိရပါသည်။

မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသော ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ (ကုန်သွယ်မှုယာယီစာရင်းအရ) မြန်မာ-ထိုင်း ကုန်သွယ်မှုပမာဏမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၁၄၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၉၉၄ ဒသမ ၁၁၂ သန်း၊ စုစုပေါင်းကုန် သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃၁၇ ဒသမ ၂၆ သန်းဖြစ်ပြီး ၎င်း မြန်မာ-ထိုင်း ကုန်သွယ်မှုပမာဏတွင် မြန်မာ-ထိုင်းနယ်စပ်ဒေသတစ်ခုဖြစ်သော မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုအနေဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၅၁၂ သန်းတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၁၃ ဒသမ ၁၁၀ သန်း တင်သွင်းခဲ့သည့်အတွက် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၇၉ ဒသမ ၆၂၂ သန်းပါဝင်ကြောင်း သိရှိရပါသည်။

**Source : www.bangkokpost.com ၊ www.commerce.gov.mm**

**ဝင်းပပသူ (မြဝတီ )**

# မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၉ အတွက် ပြိုင်ပွဲဝင်အသင်းများကို ဖိတ်ခေါ်

မြန်မာလူငယ် နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၉ အတွက် ပါဝင်ယှဉ်ပြိုင်လိုသော အသင်းများအနေဖြင့် အောက်တိုဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း လျှောက်လွှာများကို လက်ခံသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) မှ သတင်းရရှိသည်။

မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်း၍ ပြည်တွင်းရှိနည်းပညာရှင် လူငယ်များ နည်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး၊ ပြည်သူလူထုအတွင်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ယခုအစီအစဉ်ကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် တစ်သင်းလျှင် အနည်းဆုံး ၂ဦးမှ ၅ ဦးထိ ဖွဲ့စည်းနိုင်ပြီး http://www.mmtechnopreneurship.com တွင်လည်းကောင်း၊ ဒေသအသီးသီးရှိ MPT ရုံးများတွင် လည်းကောင်း လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

" နိုင်ငံအတွင်းက နည်းပညာကိုနားလည်ပြီး စီးပွားရေးမှာလည်း စိတ်ကူးစိတ်သန်းကောင်းတဲ့ လူငယ်လေးတွေက သူတို့မှာရှိတဲ့စွမ်းဆောင်ရည်ကို ပြသရုံသာမက ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ကဏ္ဍအသီးသီးမှာလည်း တီထွင်ဖန်တီးမှုစွမ်းရည်တွေနဲ့ ဆောင်ရွက်နေကြပါတယ်။ ဒီဘက်နှစ်တွေမှာ မြန်မာနိုင်ငံကို အမှန်တကယ် ရှေ့ကိုတိုးတက်လှမ်းချီနိုင်စေဖို့နဲ့ အရည်အချင်းရှိတဲ့ စွန့်ဦးတီထွင်သမားတွေအတွက် လိုအပ်တဲ့ ကျွမ်းကျင်မှု အတတ်ပညာတွေ ဖြည့်ဆည်းထောက်ပံ့တာတွေ၊ လုပ်ငန်း အောင်မြင်အောင် ဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေကို လမ်းညွှန်ပေးမှုတွေ စသဖြင့် စီးပွားရေးလုပ်ငန်းသစ်တွေကို ပိုမိုဖြစ်ထွန်းလာစေဖို့ အမျိုးမျိုးသော လှုပ်ရှားမှု၊ အစီအစဉ်တွေကိုMPT က ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု MPT-KSGM Joint Operations လုပ်ငန်းလည်ပတ်မှုဌာနကြီး၏ အရာရှိချုပ်ဖြစ်သူ Mr. Yoshiaki Benino က ပြောသည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး ဆန်ခါတင်အသင်း ၁၀ သင်းကို သီးသန့်စခန်းသွင်းလေ့ကျင့်စေကာ ဝိုင်းကြီးချုပ်စနစ်ဖြင့် အနိုင်ရအသင်း သုံးသင်းကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

■

# AYA Bank နှင့် CISCO တို့ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

ဧရာဝတီဘဏ် (AYABank)နှင့် အမေရိကန် အခြေစိုက်နည်းပညာကုမ္ပဏီ CISCO တို့ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က ရန်ကုန်မြို့၊ နိုဗိုတယ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသဘောတူညီမှုအရ AYA Bank သည် CISCO မှ ထုတ်လုပ်သော Software အခြေခံ Data Center စီမံခန့်ခွဲမှုနည်းဖြစ်သော Application Centric Infrastructure(ACI) ကို အသုံးပြုသွားမည်ဖြစ်၍ AYA Bank အနေဖြင့် ဘဏ်၏ IT Infrastructure ကို လွယ်ကူစွာအုပ်ချုပ်နိုင်မည်ဖြစ်ပြီး အက်ပလီကေးရှင်း အသစ်များကိုလည်း ဘဏ်ဝန်ဆောင်မှုသုံးစွဲသူများထံ လျှင်မြန်စွာ မိတ်ဆက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"CISCO နဲ့က ၂၀၁၃ ခုနှစ်ကစတင်ပြီး ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ နည်းပညာလှိုင်းလုံးက ဒီနေ့ခေတ်မှာ ငွေကြေးကဏ္ဍဖြစ်တဲ့ ဘဏ်လုပ်ငန်းတွေအထိ ရိုက်ခတ်လာပါတယ်။ ACI ကဲ့သို့သော Software အခြေခံ Architecture တွေက Data Center စီမံခန့်ခွဲမှုအတွက် နောက်ဆုံးပေါ် နည်းပညာများ ဖြစ်ပါတယ်။ ဧရာဝတီဘဏ်က မြန်မာနိုင်ငံမှာ ACI ကို အသုံးပြုသော ပထမဦးဆုံး အဖွဲ့အစည်းလည်းဖြစ်တဲ့အတွက် ယခု ပူးပေါင်းဆောင်ရွက်မှုက မြန်မာနိုင်ငံအတွက် Digital Leapfrogging သာဓကတစ်ခုဟု သတ်မှတ်နိုင်ပါတယ်"ဟု AYA Bank ၏ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က ပြောသည်။

AYA Bank အတွက် နည်းပညာကို CISCO ၏ Gold Certified Local Partner ဖြစ်သည့် NEX4 ICT Solutions က အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။ ဧရာဝတီဘဏ်ကို ၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဘဏ်ခွဲပေါင်း ၂၃၄ ခုဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကျင်းပသည့် 11.11 The World Biggest Sale Day အွန်လိုင်း ဈေးရောင်းပွဲ ကျင်းပမည်

ကမ္ဘာ့နိုင်ငံ အနှံ့အပြားတွင် ကျင်းပသည့် 11.11 The World Biggest Sale Day အွန်လိုင်းဈေးရောင်းပွဲတော်ကို နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးရောင်းပွဲကို Alibaba ၏ မိသားစုဝင် Shop ဝက်ဘ်ဆိုဒ်မှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ယခင်နှစ်များက ကျင်းပခဲ့သော Black Friday ထက် ပိုများသောလျှော့ဈေးများနှင့် ရွေးချယ်စရာပစ္စည်းများကို မြင်တွေ့ရမည်ဖြစ်ကြောင်း သိရ သည်။

"ဒီပွဲက Shop ရဲ့ Ecommerce ကို သိသိသာသာ ပြောင်းလဲစေမှာပါ။ Shop App အသုံးပြုသူတိုင်း 11.11 ဈေးရောင်းပွဲမှာ ပြောင်းလဲမှုတွေကို မြင်တွေ့နိုင်မှာပါ။ ဈေးရောင်းပွဲက တစ်ဆင့် လုံခြုံစိတ်ချရတဲ့ ငွေပေးချေမှုနဲ့ စုံလင်လှတဲ့ ပစ္စည်းအမျိုးအစားပေါင်းများစွာကို တစ်နေရာထဲမှာ ဝယ်နိုင်သလို Shop ရဲ့ ဒစ်ဂျစ်တယ် E-Commerce ကိုလည်း လူပိုသိလာမှာပါ"ဟု Shop မှ Co-Managing Director Mr. Frans Maas က ပြောသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ပြုလုပ်မည့် Alibaba ၏ အကြီးမားဆုံး အွန်လိုင်းဈေးရောင်းပွဲတော်ကြီးကို နိုဝင်ဘာ ၁၁ ရက် တစ်ရက်တည်းသာ ပြုလုပ်သွားမည်ဖြစ်ပြီး လူသုံးကုန်လျှပ်စစ်ပစ္စည်းများ၊ ဖက်ရှင်ပစ္စည်းများ၊ ကလေး အသုံးအဆောင်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ နာမည်ကြီး Branded ပစ္စည်းများ၊ အလှအပဆိုင်ရာပစ္စည်းများနှင့် အားကစားပစ္စည်းများကို အများဆုံး လျှော့ဈေး ၈၀ ရာခိုင်နှုန်းဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကျင်းပရခြင်းမှာ ဈေးဝယ်သူများအား အွန်လိုင်းဈေးဝယ်သည့် အတွေ့အကြုံ အပြည့်အဝပေး စွမ်းနိုင်စေရန်နှင့် လုံခြုံစိတ်ချရသော အီလက်ထရောနစ်ငွေပေးချေမှုကို အသုံးပြုမှု မြင့်တက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဈေးရောင်းပွဲတွင် ပါဝင်ရန်အတွက် Shop App ကို ဖုန်းများအတွင်း ဒေါင်းလုဒ်ဆွဲထားရန် လိုအပ်ကြောင်း သိရသည်။

**ချောစု**

# မှတ်ပုံတင်မဲ့သုံးဘီးမော်တော်ဆိုင်ကယ်များကို နိုဝင်ဘာလအတွင်း မှတ်ပုံတင်ခွင့်ပြုမည်

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မှတ်ပုံတင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်သုံးဘီးမော်တော်ဆိုင်ကယ်များကို နိုဝင်ဘာလအတွင်း One Stop Service စီမံချက်ဖြင့် မှတ်ပုံတင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

စီမံချက်ကာလကို နိုဝင်ဘာ ၁ ရက်မှ ၂၃ရက်အထိ သတ်မှတ်ထားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနရုံးများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရုံးပိတ်ရက်စနေနေ့တွင် Mobile Team အဖွဲ့များဖြင့် အချက်အချာကျသောမြို့များတွင် နယ်လှည့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

" စီမံချက်က 2008 Model နှင့် အထက်ကိုပဲ ဆောင်ရွက်ပေးသွားမှာပါ။ အိုမင်းဟောင်းနွမ်းတဲ့ သုံးဘီးမော်တော်ဆိုင်ကယ်တွေ၊ လူစီးသုံးဘီးမော်တော်ဆိုင်ကယ်တွေ၊ ကိုယ်အစီအစဉ်နဲ့ လုပ်ထားတဲ့ ဆိုင်ကယ်ဘေးတွဲတွေ၊ တောတွင်းနဲ့ ကမ်းစပ်မှာအသုံးပြုထားတဲ့ လေးဘီးမော်တော်ဆိုင်ကယ်တွေ၊ မှတ်ပုံတင်ထားပြီး သက်တမ်းငါးနှစ်ကျော် နှစ်ပြတ်နေတဲ့ သုံးဘီးမော်တော် ဆိုင်ကယ်တွေကိုတော့ မှတ်ပုံတင်ပေးမှာ မဟုတ်ပါဘူး။ နောက်ပိုင်းမှာ မှတ်ပုံတင်မဲ့ယာဉ်တွေကို အသုံးပြုမယ်ဆိုရင်တော့ အခုလိုစီမံချက်နဲ့ လုပ်ပေးမှာမဟုတ်တော့ဘဲ ဥပဒေအရ ယာဉ်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းပြီးအရေးယူခံရမှာဖြစ်ပါတယ်" ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မှတ်ပုံတင်ဆောင်ရွက်ရာ၌ အကောက်ခွန်နှုန်းထားများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကောက်ခံမည့် မှတ်ပုံတင်နှုန်းထားများ၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့တွင် ပေးသွင်းရမည့် နှုန်းထားများအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်မည့်နေရာတွင် အသိပေး ကြေညာထားမည် ဖြစ်ကြောင်း သိရသည်။

ယခင်က ၂၀၁၀ ခုနှစ်၊ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တို့တွင် နိုင်ငံတော်အတွင်းရှိ မှတ်ပုံတင်မဲ့သုံးဘီးမော်တော် ဆိုင်ကယ်များကို One Stop Service စီမံချက်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ချောင်းသာကမ်းခြေ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးပွဲတော် ကျင်းပမည်

ချောင်းသာကမ်းခြေ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးပွဲတော်ကို လာမည့် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲ ကျင်းပရခြင်းမှာ ချောင်းသာကမ်းခြေအတွင်း ခရီးသွားဝင်ရောက်မှုများပြားစေရန်နှင့် အေးစက်နေသည့် ပြည်တွင်းစီးပွားရေးကို ပြန်လည်နှိုးဆွသည့် သဘောဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။


"ဒီလိုမျိုး ဈေးပွဲတော်ကို လွန်ခဲ့တဲ့ ငါးနှစ်လောက်ကလည်း တစ်ကြိမ်လုပ် ခဲ့ပါသေးတယ်။ ဒါက ဒုတိယအကြိမ်ပါ။ အဲဒီတုန်းကလည်း ဈေးပွဲတော်လုပ်ပြီးချိန်မှာ ခရီးသွားဝင်ရောက်မှု မြင့်တက်ခဲ့ပါတယ်။ မြန်မာလူမျိုးတွေအနေနဲ့ အရင်ကနဲ့မတူပဲ ခရီးသွားတဲ့ အလေ့အထများလာပေမယ့် ခရီးသွား ဝင်ရောက်မှုပိုင်းမှာ မနှစ်ကနဲ့ယှဉ်ရင် နည်းနေပါသေးတယ်။ အဲဒါကြောင့် ပြည်တွင်းကစီးပွားရေးကို ပြန်နိုးဆွရာ ရောက်အောင်၊ အားလုံးလည်းပျော်ရအောင် ရည်ရွယ်လုပ်ပေးတာပါ။ ပွဲတော်ရက်မှာလည်း လာလည်ဖို့ဖိတ်ခေါ်ပါတယ်"ဟုမြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ချောင်းသာဇုန် ဥက္ကဋ္ဌ ဦးကျော်ခိုင်က ပြောသည်။

အဆိုပါဈေးပွဲတော်ကို လာမည့် နိုဝင်ဘာလ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဂီတပွဲတော်၊ အမျိုးသမီးလက်ဝှေ့ပွဲနှင့် ဒေသတွင်းပင်လယ် ရေထွက်ကုန်ပစ္စည်းများကို ရောင်းချပေးမည့် ဆိုင်ခန်းများပါဝင်သွားမည် ဖြစ်ကြောင်း သိရသည်။

ဂီတပွဲတော်ကျင်းပမည့် နှစ်ရက်တွင် Rဇာနည်၊ ဝိုင်းစုခိုင်သိန်း၊ အောင်လ၊ သားငယ်၊ ရဲနောင်၊ ဘီလီလမင်းအေး၊ ပိုးမီ၊ နင်ဇီမေ စသည့် အနုပညာရှင်များမှ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ပြီး မြန်မာရိုးရာ လက်ဝှေ့ပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ချောင်းသာ ကမ်းခြေ၏ ဟိုတယ်အခန်းခနှုန်းထားများကို မနှစ်ကဈေးနှုန်းအတိုင်း ထားပေးထားသည့်အပြင် ပွဲတော်ရက်အတွင်းတွင်လည်း ဈေးနှုန်းလျှော့ချပေးရန် ညှိနှိုင်းမှုများ လုပ်ဆောင်နေကြောင်း၊ ပွဲတော်ကာလအတွက် ကြိုတင်ဘွတ် ကင်ချိတ်ထားပြီးသူများကိုလည်း ညှိနှိုင်း၍ ဈေးပြန်ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**



# မိသားစုဝင်ငွေကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရတဲ့ ပန်းစံပယ်



● စိုးအောင် (ကလေးမြို့)

စံပယ်ပန်းရဲ့သဘာဝဟာ ပူအိုက်စွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်ပါတယ်။ ပါးရှား၊ မြန်မာ၊ ထိုင်း စတဲ့နိုင်ငံတွေမှာ ဖြစ်ထွန်းတယ်လို့ လေ့လာသိရှိရပါတယ်။ ရာသီဥတုအေးလွန်းတဲ့ နိုင်ငံများမှာ ဖြစ်ထွန်းမှုမရှိပါဘူး။ ဥရောပ၊ အမေရိကန်၊ အင်္ဂလန်သူတို့ရဲ့ ဆင်ယင်ထုံးဖွဲ့မှုစရိုက်နဲ့လည်း ကိုက်ညီမှုမရှိလို့ ထိုနိုင်ငံများမှာ စံပယ်ပန်းကို အစိုက်နည်းကြောင်း လေ့လာသိရှိရပါတယ်။ စံပယ်ပန်းဟာ နှစ်ရှည်ခံတဲ့ပန်းပင်တစ်မျိုးဖြစ်ပြီး စံပယ်ပန်းပင်ကို တစ်ကြိမ်စိုက်ပျိုးထားရင်၁၀ နှစ်မှ ၁၅ နှစ်ကျော်အထိ ကြာကြာခံကြောင်း သိရှိရပါတယ်။ အသစ်ထပ်မံစိုက်ပျိုးရန်မလိုဘဲ ပေါင်းရှင်းမြေဆွေး၊ မြေသြဇာကျွေးပေးနိုင်ရင် ၃၀ နှစ်မှ ၄၀ နှစ် အထိခံတယ်လို့ သိရှိရပါတယ်။

မြန်မာပြည်မှာစိုက်ပျိုးတဲ့ စံပယ်အမျိုးအစားတွေဟာ (၁) ရွှေစံပယ်၊ (၂) ကြက်ရိုးကြီး၊ (၃) ကြက်ရိုးကလေး၊ (၄) ဘိတ်ကြီး၊ (၅) ဘိတ်ကလေး၊ (၆) စံပယ်လည်ဆံ၊ (၇) ဆယ်နှစ်ရာသီစံပယ်ဟု ခုနစ်မျိုး စိုက်ပျိုးလျက်ရှိပါတယ်။

ရွှေစံပယ်က အပွင့်ကြီးအထပ်များပါတယ်။ အနံ့မွှေး၍ လူကြိုက်များပါတယ်။ ဒါကြောင့် 'ရွှေစံပယ်ဖြူပန်ချင်သူကများ' ဟူ၍ တေးစပ်ဆိုလောက်အောင် ဂုဏ်အင်္ဂါရှိပါတယ်။

ကြက်ရိုးကြီးနဲ့ ကြက်ရိုးကလေးတို့မှာ အပွင့်ပုံသဏ္ဌာန်ချင်းတူပြီး ကြက်ရိုးကြီးမှာ အပွင့်ကြီး၍ အပွင့်အရွယ်ပမာဏမှာ ရွှေစံပယ်လောက်ကြီးပြီး အထပ်များများပါပါတယ်။ ပွင့်ဖတ်များ အဖျားချွန်တယ်။

ဘိတ်ကြီးနဲ့ ဘိတ်ကလေးတို့က အပွင့်အရွယ်ကွာပါတယ်။ ဘိတ်ကြီးစံပယ်ပန်းက အပွင့်ကြီးပြီး အထပ်ကျဲပါတယ်။ ရွှေစံပယ် ကြက်ရိုးကြီး၊ ကြက်ရိုးကလေးလောက် မမွှေးကြောင်း သိရှိရပါတယ်။

စံပယ်လည်ဆံက ပန်းချပ်သေးသွယ်ရှည်လျားပြီး အမွှေးအနံ့လည်း အနည်းငယ်ဖျော့၍ ပန်းချပ်အချို့မှာ တွန့်လိမ်နေပါတယ်။

ဆယ်နှစ်ရာသီစံပယ်ပန်းကတော့ နှစ်ပတ်လည်လုံးပွင့်ပြီး ပွင့်ဖတ်သေးငယ်ပါတယ်။ အပွင့်ငယ်ပြီး မွှေးရနံ့လည်းနည်းပါတယ်။

ယနေ့ ကလေးဒေသရဲ့ စံပယ်ပန်းဈေးကွက်မှာ တစ်ပေခန့် ကျဲကျဲစီထားတဲ့ စံပယ်ပန်းတစ်ကုံးလျှင် ကျပ် ၂၀၀၊ ကျပ် ၅၀၀ ကို သုံးကုံးရောင်းချရကြောင်း ပန်းရောင်းသူဈေးကွက်က ပြောပါတယ်။ စံပယ်ရုံကို အပြုအစုကောင်းရင် တစ်ရုံလုံးဖွေးနေအောင်ပွင့်ပြီး အရွက်များပင်မမြင်နိုင်အောင် ပွင့်တဲ့ပန်းအမျိုးအစားတစ်ခုပါ။ အိမ်တစ်အိမ်မှာ စံပယ်ပန်းရုံတစ်ရုံရှိရုံဖြင့် တစ်နေ့လျှင် ၂၀ ကုံးခန့်ရပြီး ကျပ် ၃၅၀၀ မှ ၄၀၀၀ အထိ ဝင်ငွေရနိုင်ပါတယ်။ မိမိတို့ရဲ့ အိမ်ခြံဝင်းမြေမှာ စံပယ် ရုံသုံးရုံ၊ လေးရုံလောက်ဂရုစိုက်ပြုစုထားလျှင် မိသားစုဝင်ငွေကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေကြောင်း တင်ပြလိုပါတယ်။ စံပယ်တင်မက အခြားသောဇွန်၊ ရွက်လှ၊ ပန်းတိမ်ငို၊ ရွှေပန်းငွေပန်း၊ ဇီဇဝါပန်းနဲ့ နှင်းဆီစသည်ဖြင့် စိုက်ပျိုးထားရုံဖြင့် မိသားစုဝင်ငွေတိုးပြီး စီးပွားဖြစ်နိုင်ပါတယ်။ ပန်းမျိုးစုံနဲ့ ပတ်သက်၍ ဈေးကွက်က အမြဲရှိပြီး အချို့သော ပန်းသည်များဟာ ဘုရားမုခ်ဦးတွင် လည်းကောင်း၊ လမ်းခရီးတိုးဂိတ်များတွင်လည်းကောင်း အရောင်းအဝယ်ဖြစ်နေပါတယ်။

စံပယ်ပန်းကတော့စိုက်ပျိုးရလွယ်ကူပြီး သဲဆန်သောမြေများတွင် ပိုမိုဖြစ်ထွန်းပါတယ်။ မြေစေး၊ မြေနက်များ၊ ငန်သောမြေများ အသင့်အတင့် ချဉ်သောမြေများတွင် စိုက်ပျိုးနိုင်ပါတယ်။ မြေသြဇာကို အခြေအနေသင့်လျော်သလိုနွားချေး သစ်ရွက်ဆွေးတို့ဖြင့် ကျွေးနိုင်ပါတယ်။

စံပယ်ပန်းပျိုးခင်းကို အကျယ် ၃ လက်မ၊ အလျား ၆လက်မ၊ အနက်တစ်မိုက်ခန့် ကျင်းတူး၍ သဲဆန်သောမြေထည့်ပြီး ရေကို မခြောက်လွန်း၊ မရွှဲလွန်းအောင် ထည့်၍ မြေနှပ်ထားပြီး ပျိုးခင်းကို လိုအပ်လျှင် အရိပ်ရအောင်အမိုးမိုးပေးရပါတယ်။ ပျိုးခင်းအသင့်ဖြစ်လျှင် စံပယ်ပင်မနုလွန်း၊ မရင့်လွန်းသော အကိုင်းများတစ်မိုက်ခန့်ဖြတ်ရပါမယ်။ ပျိုးခင်းတွင် စံပယ်အပေါ်အရွက်နှစ်ရွက်သုံးရွက်ခန့်ဖော်၍ အောက်ပိုင်း အရွက်ခြွေပြီးစိုက်ပျိုးရပါမယ်။ တစ်ပင်နဲ့တစ်ပင် ၄ လက်မခန့်ခွာ၍ အကိုင်းတစ်ဝက်ခန့်မြေတွင် မြှုပ်ပြီး စိုက်ထားနိုင်ပါတယ်။

ပျိုးပင်များရေလောင်းရင် ရေများရင် အမြစ်မထွက်နိုင်ဘဲ ပုပ်သွားနိုင်ပြီး ရေနည်းရင်ခြောက်သွေ့၍ အပင်သေသွားနိုင်လို့ အနေတော် ရေလောင်းပေးရပါမယ်။ ပျိုးပင်များမှာ ၄၀ ရက်မှ ၄၅ ရက်ခန့်ကြာလျှင် အမြစ်ထွက်လာနိုင်၍ လိုရာ စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးနိုင်ပါတယ်။ စံပယ်ပန်းပင်ကို အကိုင်းများရှင်းပေးခြင်း၊ မြေဆွပေးခြင်း၊ မြေသြဇာကျွေးခြင်းဖြင့်ပြုပြင်ဖို့ လိုပါတယ်။ စံပယ်ပန်းတို့ရဲ့ သဘာဝကအသစ်ထွက်သော အကိုင်းအခက်တို့မှ ပွင့်ကြပါတယ်။ ပန်းများများပွင့်ဖို့ဆိုရင် အကိုင်း၊ အခက်၊ အသစ်တွေများများထွက်ဖို့တော့ လိုတာပေါ့။ အညွန့်ကို ဖြတ်ပစ်မှသာ အကိုင်းအခက်အသစ်တွေ များများထွက်ပြီး ပန်းပိုလို့ပွင့်နိုင်ပါတယ်။ အကိုင်းအခက်တွေသာရှင်းမပေးဘဲ ထားရင်လေးနှစ်၊ ငါးနှစ်ကြာတဲ့အခါ စံပယ်ရုံကြီးဖြစ်ဖြစ်လာပြီး လေဝင်လေထွက်မကောင်းတာကြောင့် ပန်းဖူး၊ ပန်းပွင့် အထွက်နည်းနိုင်ပါတယ်။

မည်သည့်ပန်းမဆို အမြစ်ရှင်သန်မှုရှိမှသာ အပင်ကြံ့ခိုင်မှုရှိပြီး အသီးအပွင့်များခံစားရမှာဖြစ်လို့ စံပယ်ပန်းပင်ကိုလည်း မြေဆွပေးဖို့တော့လိုတာပေါ့။ စံပယ်ပန်းပင်ကိုနှစ်ပတ် သို့မဟုတ် တစ်လတစ်ကြိမ်တော့ မြေဆွပေးဖို့တော့ လိုပါတယ်။ စံပယ်ပန်းတစ်ရုံလျှင် နွားချေးခြောက်ကျပ်သားခန့် ကျွေးပေးပြီး မိုးရာသီမှာ သာကူစေ့ မြေသြဇာကျွေးပေးရင် ပွင့်အား ပိုမိုကောင်းမွန်ကြောင်းလည်း လေ့လာသိရှိရပါတယ်။

အမှန်တကယ်တော့ စံပယ်ပန်းဟာ တော်ဝင်ပန်းတစ်မျိုးဖြစ်ကြောင်း လူတိုင်းသိရှိကြပါတယ်။ ရှေးမြန်မာမင်းလက်ထက်က နန်းတွင်းသူအပျိုတော်များနဲ့ မင်းသမီးများ ပန်ဆင်ကြတဲ့ပန်းပါ 'ပန်းစံပယ် နန်းအလယ်မပေါ်ခိုက်တာမို့ အလိုက် တော်တန်သင့်အောင်ပခံပွင့်ကိုကုံး' အစချီတဲ့ကဗျာကိုထောက်ရှုမယ်ဆိုရင် တော်ဝင်ပန်းတစ်မျိုးဖြစ်ကြောင်း လူတိုင်းသိရှိကြပါတယ်။ စံပယ်ပန်းမှ အဆီထုတ်၊ ရေမွှေးပြုလုပ် သနပ်ခါးမှုန့်နဲ့ စံပယ်နဲ့ရောစပ်ပြီး အသုံးပြုလျက်ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။ အိန္ဒိယပြည်၊ ပါရှားပြည်တို့တွင် စံပယ်ပန်းအဆီထုတ်ပြီးရေမွှေးပြုလုပ် ရောင်းချနေကြောင်းနဲ့ ရှေးမြန်မာမင်းများ လက်ထက်ကလည်း စံပယ်ပန်းမှ အဆီထုတ်ပြီး နန်းတွင်းသူ၊ နန်းတွင်းသားများ အသုံးပြုခဲ့ကြောင်းလည်း လေ့လာသိရှိရပါတယ်။

စံပယ်ပန်းနဲ့ ပိတုန်းရောင်ကဲ့သို့ နက်မှောင်နေတဲ့ ဆံပင်များမှာ အလွန်တရာပနံသင့်ကြောင်း၊ စံပယ်ပန်းကလေးကို သိကုံးဆံထုံးမှာ ရစ်ပတ်ထားလျှင်သော်လည်းကောင်း၊ ဆံထုံးထိပ်မှ ဆံမြိတ်အနေဖြင့် ချထားလျှင်သော်လည်းကောင်း၊ အလွန်ကြည့်ကောင်းသော၊ လှပသောအနေအထားတစ်ခုပါ။ 'အထပ်တစ်ရာ စံပယ်ပန်းတစ်ပွင့်ကိုပန်ထားတဲ့မိန်မလှ ပန်းမန်တစ်ပွင့်တန်' အဆိုအရ ပန်ဆင်သူမှာ မူလအလှထက်တစ်ဆပိုပြီး အလှတိုး၍ ရှုချင်စဖွယ်ဖြစ်လာကြောင်းနှင့် ဈေးကွက်လည်းအမြဲရှိပြီး လူတိုင်းကြိုက်နှစ်သက်သော စံပယ်ပန်းရုံ (၃) ရုံ(၄) ရုံလောက် မိမိတို့ အိမ်ခြံဝင်းမြေအတွင်းစိုက်ပျိုးထားခြင်းဖြင့် မိသားစုရဲ့ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ အကျိုးရှိရှိဝင်ငွေရဖို့ စိုက်ပျိုးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

## ပြင်းထန်သော တိုက်ဖုန်းမုန်တိုင်း ကုန်းတွင်းဝင်ရောက်မှုကြောင့် အမေရိကန်မြောက်ပိုင်း မရီယာနာဒေသတွင် အပျက်အစီးများ

၂၀၁၈ ခုနှစ်အတွင်း နေရာဒေသအသီးသီးတွင် ဖြစ်ပွားခဲ့သော မုန်တိုင်းများအနက် အပြင်းထန်ဆုံးဖြစ်ခဲ့သော စူပါတိုက်ဖုန်းမုန်တိုင်း ယူတူ (Super Typhoon Yutu) သည် အောက်တိုဘာ ၂၅ ရက်က အမေရိကန်ပြည်ထောင်စု ခနသဟာရဒေသ (Common Wealth) မြောက်ပိုင်း မရီယာနာကျွန်းစုအတွင်းသို့ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် အပျက်အစီးများ ပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။

လေပြင်းများတစ်နာရီ မိုင်၁၈၀ နှုန်းဖြင့် အဆက်မပြတ်တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ အရှေ့ပိုင်း ဒေသပစိဖိတ်ကျွန်းစုများတွင် အပျက်အစီးများ ပြင်းထန်စွာဖြစ်ပွားဖြစ်ပွားခဲ့ကြောင်း ဂူအမ်ကျွန်းရှိ အမျိုးသား မိုးလေဝသဌာနက ပြောသည်။ ဆိုင်ပန်ကျွန်း၏ နေရာဒေသ အတော်များများနှင့် တိုင်နီယန်ကျွန်းစုပေါ်ရှိနေရာဒေသအားလုံးသည် ဒေသခံတို့နံနက်စောစောအိပ်ရာထချိန်၌ ဆိုက်ကလုန်းမုန်တိုင်းမျက် စိအတွင်းသို့ကျရောက်ခဲ့သည်။

မုန်တိုင်းကျရောက်ချိန်က ဂူအမ်ကျွန်း၏အနီးရှိ ဆိုင်ပန်ကျွန်းပေါ်တွင် ရောက်ရှိနေသော ဓာတ်ပုံဆရာတစ်ဦးဖြစ်သူ ဖရန့်ကမ်မာချို သည် WhatsAppမှ တစ်ဆင့် ဆွေမျိုးများနှင့် မိတ်ဆွေများကို ဆက်သွယ်ပြီး သူတို့တွေ့ကြုံရသောအဖြစ်အပျက်များကိုPostတင်ပေးခဲ့သည်။

ဒေသခံတို့အား နေအိမ်အတွင်းမှာပင်နေထိုင်ရန် မာရီယာနာကျွန်းစု အုပ်ချုပ်ရေးမှူးရုံးက တိုက်တွန်းထားသည်။ အရေးပေါ် ခိုလှုံရေးနေရာများတွင် လူအများအပြား လျင်မြန်စွာပြည့်သွားကြောင်းနှင့် နောက်ထပ်ရောက်လာမည့်သူများအတွက် နေရာထိုင်ခင်းများ ထပ်မံဆောင်ရွက်လျက်ရှိကြောင်း မာရီယာနာ မြို့တော်ဆိုင်ပန်ရှိ ဒေသတွင်းသတင်းမီဒီယာတို့ သတင်းပေးသည်။

မြောက်ပိုင်းမာရီယာနာကျွန်းစုသည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်နိုင်ငံထံမှ အမေရိကန်ပြည်ထောင်စုက ပြန်လည်ရယူထားသော ကျွန်းစုများဖြစ်ပြီး လူဦးရေ ၅၂၀၀၀ နီးပါးရှိရာ အများစုမှာ အမေရိကန်နိုင်ငံသားများဖြစ်ကြသည်။ မုန်တိုင်း၏ ဗဟိုချက်မအတွင်း ကျရောက်ခဲ့သော တိုင်နီယန်မှာ ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားနှင့် နာကာစကီမြို့တို့အား အနုမြူပုံးကြဲရန် B-29 စစ်လေယာဉ်များစတင် ထွက်ခွာရာနေရာဖြစ်သည်။

**စံမီအောင်**

## ဗီယက်နမ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လောင်ကိုင်နှင့် ဟာဂျိုင်းပြည်နယ်တို့တွင် အပျက်အစီး များပြား

ဗီယက်နမ်နိုင်ငံတွင် အောက်တိုဘာ ၂၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြောက်ပိုင်းဒေသ တောတောင်ထူထပ်သော နေရာများရှိ ကွန်မြူနီးအဖွဲ့များတွင်ရှိသော အိမ်ရာများ၊ လယ်ယာစိုက်ပျိုးရေးနှင့် အခြေခံ အဆောက်အအုံလုပ်ငန်းများ အကြီးအကျယ် ပျက်စီးခဲ့ကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီ သတင်းတွင် ဖော်ပြသည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုကြီးကြပ်မှုရုံး၏ အဆိုအရ လောင်ကိုင်ပြည်နယ် ဘောင်ရန်းခရိုင် ငီယာဒိုကွန်မြူနီးတွင် မိုးရေချိန် မီလီမီတာ ၁၀၀ အထိ ရောက်ရှိခဲ့သည်။ ရေတိုက်စားမှုကြောင့် အိမ်ကိုးလုံး ပျက်စီးခဲ့ပြီး အခြားအိမ် ၈၇ လုံးရေနစ်မြုပ်ကာ သီးနှံဟက်တာ ၁၀၀ ပျက် စီးခဲ့သည်။ သဘာဝဒဏ်ခံရသော မိသားစုများကို ရွှေ့ပြောင်းပေးရန်အတွက် ဒေသဆိုင်ရာ အာဏာပိုင်တို့က ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့သည်။

ဟာဂျိုင်းပြည်နယ် ကွမ်ဘင်းခရိုင်တွင် မိုးရေချိန် မီလီမီတာ ၆၀ မှ ၉၀ အထိ ရွာသွန်းခဲ့သည်။ မိုးရွာသွန်းရာမှ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် လူတစ်ဦး သေဆုံးပြီး အိမ်ခုနစ်လုံး ပျက်စီးကာ လူတစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။ ဒေသန္တရ ရဲတပ်ဖွဲ့နှင့် မြို့ပြကာကွယ်ရေးအဖွဲ့အစည်းများက ပျောက်ဆုံးနေသူများကို လိုက်လံရှာဖွေကာ ထိခိုက်ခံရသော မိသားစုများရင်ဆိုင်နေရသော ပြဿနာများကို ကူညီဖြေရှင်းပေးလျက်ရှိသည်။

ဒေသတွင်းမိုးလေဝသအခြေအနေကို အနီးကပ်စောင့်ကြည့်ရန်နှင့် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုကြောင့် ဖြစ်လာမည့်အန္တရာယ်များအတွက် အစီအမံများချမှတ်ထားရန် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုကြီးကြပ်မှုရုံးက ဒေသဆိုင်ရာ အာဏာပိုင်များကို တိုက်တွန်းထားသည်။

**စံမီအောင်**

## မူဆယ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူ အခွင့်အရေးနှင့် အစားအသောက်လုံခြုံခွင့် လူထုစကားဝိုင်းတွင် ပါဝင်ဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ ဦးတင့်လွင် (ခရိုင်ဦးစီးမှူး)နှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၀ ရက်က မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူးကျင်းပသော စားသုံးသူအခွင့်အရေးနှင့် အစားအသောက်လုံခြုံခွင့် လူထုစကားဝိုင်းသို့ တက်ရောက် ဆွေးနွေးခဲ့ပါသည်။

အဆိုပါ လူထုစကားဝိုင်းသို့ မူဆယ်မြို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နမ့်ခမ်းမြို့ ရပ်မိရပ်ဖများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသူ/သားများ တက်ရောက်ခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင့်လွင်က စားသုံးသူများ၏ အခွင့်အရေးနှင့် အစားအသောက်လုံခြုံခွင့် အကြောင်း ဆွေးနွေးရာတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့်ပတ်သက်သောဥပဒေအကြောင်းများ၊ စားသုံးသူအခွင့်အရေးများ၊ စီပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် တားမြစ်ချက်များအကြောင်း၊ စားသောက်ကုန်ပစ္စည်းများတွင် ပါဝင်ရမည့်အချက်များ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲရာတွင် သတိပြုလိုက်နာရမည့် အချက်များ၊ စားသုံးသူတို့၏ အခွင့်အရေးများ ထိခိုက်/ချိုးဖောက်ခံရပါက တိုင်ကြားရမည့် နေရာများနှင့် တိုင်ကြားမှုကို လက်ခံဖြေရှင်းပေးမည့် ပုံစံများအကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှ ဆွေးနွေးမေးမြန်းချက်များအား ပြန်လည် ဖြေကြားခဲ့ကြောင်းသိရှိရပါသည်။ **အောင်ကျော်မြင့် (လားရှိုး)**

---

## ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟသ်ာတခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၉ ရက်က ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်နှင့် ဖိတ်ကြားထားသူ ၃၀ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်မှ အဖွင့်အမှာစကား ပြောကြားရာတွင် ဟသ်ာတခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်မှာ ယခုဆိုလျှင် နှစ်နှစ်ပြည့်မြောက်ပြီဖြစ်ပြီး အတိုင်းအတာတစ်ခုထိ အောင်မြင်အောင်ဆောင် ရွက်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အတွင်းရေးမှူး ဦးကြည်ဟန်မှလည်း အောက်တိုဘာလအတွင်း ဆောင်ရွက်ခဲ့မှုများ၊ ဆုံးဖြတ်ရမည့်အချက်များ၊ ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးခဲ့ပြီး၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာညီညီလွင်မှလည်း စံမညီဆေးဝါးများအကြောင်းနှင့် စစ်ဆေးရာတွင် သတိပြုဆောင်ရွက်စရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ ခရိုင်တိုင်းရင်းဆေး ဦးစီးမှူး ဦးဟန်နီထွန်းမှလည်း စံမညီတိုင်းရင်းဆေးဝါးများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **မောင်မောင်မြတ်ခိုင်**

## မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မအူပင်ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင် ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် အောက်တိုဘာလ ၁၈ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၂ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကား ပြောကြားပါသည်။ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးဇော်မင်းက (၂၂)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများနှင့် ဌာနများ၏လမ်းညွှန်ချက်များကို တင်ပြပြီး မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက (၂၂)ကြိမ်မြောက် အစည်းအဝေး အကောင်အထည်ဖော်မှုမှ သိမ်းဆည်ထားသောစားသုံးရန်မသင့်သည့် အစားအစာများကို မီးရှို့ဖျက်ဆီးရန်နှင့် ကျောင်းမုန့်ဈေးတန်းများ၊ စာသင်ကျောင်းများနှင့် ပြည်သူလူထုအတွင်း အသိပညာပေး ဆောင်ရွက်မှုမှ အောင်မြင်မှုရရှိသည့် အခြေအနေများကိုအသေးစိတ်တင်ပြခဲ့ပါသည်

မအူပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့(၂၂)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ မအူပင်ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ရှောင်တခင် စစ်ဆေးမှုမှ သိမ်းဆည်းထားသော ဘေးဥပဒ်အန္တရာယ်ရှိအစားအစာများကိုမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

**CONSUMER –MT**

## ငပုတောမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ FDA နှင့် ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း ဈေးကွက်နမူနာများ ကောက်ယူရန်ကွင်းဆင်း

ငပုတောမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပါဝင်လျက် အောက်တိုဘာ ၂၁ ရက်က ငပုတောမြို့၊ မြို့မဈေးကြီးအတွင်း ဈေးကွက်နမူနာများ ကောက်ယူခဲ့ပါသည်။

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ရောင်းချသူများမှလည်း စားသုံးရန်မသင့်သော စားသောက်ကုန်များ ရောင်းချခြင်း မရှိစေရန် မြို့မဈေးကြီးအတွင်းရှိ ကုန်မျိုးစုံရောင်းချနေသော ဆိုင်များ၊ မုန့်မျိုးစုံရောင်းချနေသော ဆိုင်များ၊ ငါးပိ၊ လက်ဖက်၊ ငါးချဉ်၊ မှျစ်၊ မုန့်ဖတ်များ ရောင်းချနေသော ဆိုင်များသို့ သွားရောက်၍ ဈေးကွက်နမူနာများ ကောက်ယူခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**
**မြင့်မြင့်စန်း(ပုသိမ်)**

## မုံရွာမြို့ စားသုံးသူရေးရာဦးစီးဌာနမှ မြသလ္လာဈေးသို့ ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်အတွင်း အောက်တိုဘာလတွင် ဈေးများသို့ကွင်းဆင်းစစ်ဆေးရန် လျာထားချက်(၄)ကြိမ် သတ်မှတ်ထားရာ မုံရွာခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် တိုင်းဒေသကြီး FDA၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့်အတူ မုံရွာမြို့၊ မြသလ္လာဈေးသို့ အောက်တိုဘာ ၁၈ ရက်က ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရပါတယ်။

ထုတ်ကုန်များလုံခြုံစိတ်ချရမှု ရှိစေရန်နှင့် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ မြသလ္လာဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင်၊ မုန့်မျိုးစုံဆိုင်၊ ငရုတ်သီးခြောက်/ အနှုမှုန့်/ အကြွမ်းမှုန့် ဆိုင်များ၊ နနွင်းမှုန့်ဆိုင်များ စသည့်ဖြင့် ဈေးဆိုင်(၁၃)ဆိုင်ကို ရွေးချယ်စစ်ဆေးခဲ့ရာ၊ တိုင်းဒေသကြီး FDA က ခွင့်မပြုဆိုးဆေးများ သုံးစွဲထားခြင်းရှိ/မရှိ ဓာတ်ခွဲစမ်းသပ်ရန် ငရုတ်သီး အနှုမှုန့်/ အကြွမ်းမှုန့်နှင့် နနွင်းမှုန့်များကို နမူနာဝယ်ယူခဲ့ပြီး၊ စားသောက်ရန်မသင့်သည့် ဝေဖာချောင်း၊ လျှာနီ/အာနီမုန့်၊ တုတ်ထိုးချိုချဉ် များ တန်ဖိုးအားဖြင့် ကျပ် ၃၆၀၀ ခန့်ကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင် (မုံရွာ)**

## ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်စားသုံးသူရေးရာရုံး၊ အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁၂ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်မှာစကားပြောကြားပြီး အတွင်းရေးမှူးဦးမြင့်အောင်က ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၃၂)ကြိမ်မြောက် လမ်းညွှန်ချက်များ၊ စက်တင်ဘာလအတွင်း ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ကွင်းဆင်း ဆောင်ရွက်မှုနှင့် အောက်တိုဘာလအတွင်း ကွင်းဆင်းဆောင်ရွက်မည့်အခြေအနေများ၊ မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်မှုနှင့် ဆောင်ရွက်မည့်အခြေအနေများ၊ မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်မှုနှင့် အောက်တိုဘာလအတွင်း ကွင်းဆင်း ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြို့တွင်း လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များအား ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန်



တစ်လနှစ်ကြိမ် ဆိုင်(၁၀)ဆိုင်အား လစဉ် စစ်ဆေးမှုတွင် တိုးတက်မှုရှိကြောင်း၊ မုန့်မျိုးစုံဆိုင်၊ ကုန်ခြောက်ဆိုင်၊ စတိုးဆိုင်၊ စက်သုံးဆီပန့် ဆိုင်များအား မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးသွားရန် အစီအစဉ်ရှိကြောင်း တင်ပြဆွေးနွေးပါသည်။

ထို့နောက် တက်ရောက်လာကြသော အဖွဲ့ဝင်များက ရှေ့လုပ်ငန်းစဉ်များအပေါ် တင်ပြဆွေးနွေးကြပါသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ စားသုံးသူရေးရာ ကိုယ်စားလှယ်များ၊ မိတ်ဖက်ဌာနများ စုစုပေါင်း ၂၇ ဦး တက်ရောက်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

**စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာငွေ . . . . မှအဆက်**


မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည် -

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂၁.၉.၂၀၁၈ | ၁၀၃၇၀၀၀ | ၁၂၀၉ |
| ၂ | ၂၂.၉.၂၀၁၈ | ၁၀၂၇၀၀၀ | ၁၁၉၉ |
| ၃ | ၂၄.၉.၂၀၁၈ | ၁၀၀၄၅၀၀ | ၁၁၉၇ |
| ၄ | ၂၅.၉.၂၀၁၈ | ၁၀၀၉၀၀၀ | ၁၁၉၉ |
| ၅ | ၂၆.၉.၂၀၁၈ | ၉၉၃၀၀၀ | ၁၂၀၀ |
| ၆ | ၂၇.၉.၂၀၁၈ | ၉၈၆၀၀၀ | ၁၁၉၇ |
| ၇ | ၂၈.၉.၂၀၁၈ | ၉၇၅၀၀၀ | ၁၁၈၅ |
| ၈ | ၂၉.၉.၂၀၁၈ | ၉၇၇၀၀၀ | ၁၁၉၃ |
| ၉ | ၁.၁၀.၂၀၁၈ | ၉၇၀၀၀၀ | ၁၁၈၇ |
| ၁၀ | ၂.၁၀.၂၀၁၈ | ၉၇၃၀၀၀ | ၁၁၈၈ |
| ၁၁ | ၃.၁၀.၂၀၁၈ | ၉၇၅၀၀၀ | ၁၂၀၃ |
| ၁၂ | ၄.၁၀.၂၀၁၈ | ၉၇၇၀၀၀ | ၁၂၀၀ |
| ၁၃ | ၅.၁၀.၂၀၁၈ | ၉၈၅၀၀၀ | ၁၂၀၀ |
| ၁၄ | ၆.၁၀.၂၀၁၈ | ၉၉၁၀၀၀ | ၁၂၀၃ |
| ၁၅ | ၇.၁၀.၂၀၁၈ | ၉၉၀၀၀၀ | ၁၂၀၃ |
| ၁၆ | ၈.၁၀.၂၀၁၈ | ၉၉၆၀၀၀ | ၁၁၉၄ |
| ၁၇ | ၉.၁၀.၂၀၁၈ | ၁၀၀၀၀၀၀ | ၁၁၉၀ |
| ၁၈ | ၁၀.၁၀.၂၀၁၈ | ၁၀၁၁၀၀၀ | ၁၁၈၇ |
| ၁၉ | ၁၁.၁၀.၂၀၁၈ | ၁၀၁၅၀၀၀ | ၁၁၉၇ |
| ၂၀ | ၁၂.၁၀.၂၀၁၈ | ၁၀၁၇၀၀၀ | ၁၂၂၁ |
| ၂၁ | ၁၃.၁၀.၂၀၁၈ | ၁၀၁၂၅၀၀ | ၁၂၁၈ |
| ၂၂ | ၁၅.၁၀.၂၀၁၈ | ၁၀၂၀၀၀၀ | ၁၂၃၁ |
| ၂၃ | ၁၆.၁၀.၂၀၁၈ | ၁၀၂၂၅၀၀ | ၁၂၂၉ |
| ၂၄ | ၁၈.၁၀.၂၀၁၈ | ၁၀၂၀၀၀၀ | ၁၂၂၃ |
| ၂၅ | ၁၉.၁၀.၂၀၁၈ | ၁၀၂၂၀၀၀ | ၁၂၂၉ |
| ၂၆ | ၂၀.၁၀.၂၀၁၈ | ၁၀၂၃၀၀၀ | ၁၂၂၇ |
| ၂၇ | ၂၂.၁၀.၂၀၁၈ | ၁၀၂၂၀၀၀ | ၁၂၂၃ |
| ၂၈ | ၂၃.၁၀.၂၀၁၈ | ၁၀၂၁၅၀၀ | ၁၂၂၄ |
| ၂၉ | ၂၆.၁၀.၂၀၁၈ | ၁၀၂၄၀၀၀ | ၁၂၃၃ |

Source: estimate of world's exchange rate and gold price page

ဒေါ်လာဈေးနှုန်းမှာလည်း ရွှေဈေးကဲ့သို့ပင် အလားတူပင် ဈေးနှုန်းတည်ငြိမ်မှုမရှိသေးဘဲ နေ့စဉ်အတက်အကျများရှိနေပြီး အောက်တိုဘာ ၁၉ ရက်နေ့တွင် ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းနည်းတူ ပြင်ပဒေါ်လာဈေးနှုန်းမှာလည်း အနည်းငယ်လိုက်ပါမြင့်တက်ခဲ့ သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ် ပြန်ချက်အရ အောက်တိုဘာလ ၈ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၀၀ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သော်လည်း အောက်တို ဘာလ ၉ ရက်နေ့မှစ၍ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့ရာ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ၁၅၄၃ကျပ်အထိ ဆက်လက် မြင့်တက်လာခဲ့ပါသည်။ ပြည်တွင်း(ပြင်ပငွေလဲလှယ်နှုန်း)အနေဖြင့် အောက်တိုဘာ ၂၃ ရက်နေ့တွင် ၁၅၈၀ ကျပ် ထိရှိခဲ့ပြီး အောက်တိုဘာ ၂၆ ရက်တွင် ၁၅၇၅ ကျပ် ခန့်အနည်းငယ် ပြန်လည်ကျဆင်းလာကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.8 %၊ Annual Rate of Inflation 5.5 %၊ Year on Year Inflation က 8.18 % ရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှ အောက်တိုဘာလ ၂၆ ရက်နေ့အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ အောက်တို ဘာလ ၂၆ ရက်နေ့အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၇-၁၀-၁၈ | ၁၈-၁၀-၁၈ | ၁၉-၁၀-၁၈ | ၂၂-၁၀-၁၈ | ၂၆-၁၀-၁၈ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၃၇ | ၁၅၃၉ | ၁၅၄၁ | ၁၅၄၃ | ၁၅၄၃ | ၀.၃၉၀ | ⬆ |
| ၂ | Thai Baht | THB | ၃၂.၅၂ | ၃၂.၆၁၀ | ၃၂.၆၃၅ | ၃၂.၆၁၀ | ၃၂.၉၄၀ | ၁.၂၉၁ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၇၄ | ၁.၃၇၈ | ၁.၃၈၀ | ၁.၃၇၈ | ၁.၃၈၂ | ၀.၅၆၄ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၅၁ | ၄.၁၅၇ | ၄.၁၅၉ | ၄.၁၆ | ၄.၁၇၃ | ၀.၅၁၉ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၅၁၉၉.၇၆ | ၁၅၁၈၅.၀၀၂ | ၁၅၁၉၂.၇၄၀ | ၁၅၁၈၇.၀၀၈ | ၁၅၁၉၇.၄၇၉ | -၀.၀၁၅ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၉၁၂ | ၆.၉၂၇ | ၆.၉၃၈ | ၆.၉၃၀ | ၆.၉၃၅ | ၀.၃၃၀ | ⬆ |
| ၇ | Indian Rupee | INR | ၇၃.၄၆၃ | ၇၃.၆၀၁ | ၇၃.၅၃၁ | ၇၃.၃၇၅ | ၇၃.၂၂၉ | -၀.၃၁၉ | ⬇ |
| ၈ | Japanese Yen | JPY | ၁၁၂.၃၅၄ | ၁၁၂.၆၃၂ | ၁၁၂.၃၁၈ | ၁၁၂.၄၄၇ | ၁၁၂.၃၅၇ | ၀.၀၀၃ | ⬆ |
| ၉ | Austrialia Dollar | AUD | ၁.၄ | ၁.၄၀၄ | ၁.၄၀၈ | ၁.၄၀၉ | ၁.၄၁၅ | ၁.၀၄၀ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၆၄ | ၀.၈၆၉ | ၀.၈၇၄ | ၀.၈၆၉ | ၀.၈၈၀ | ၁.၈၃၅ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၅၈ | ၀.၇၆၄ | ၀.၇၆၈ | ၀.၇၆၆ | ၀.၇၈၀ | ၂.၉၀၃ | ⬆ |

သို့ဖြစ်၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ အောက်တိုဘာလ ၂၆ ရက်နေ့အထိတွင် ကမ္ဘာ့နိုင်ငံများ၏ အမေရိကန်တစ်ဒေါ်လာလျှင် ငွေလဲလှယ်နှုန်းများမှာလည်း ဆက်လက်မြင့်တက် လျက်ရှိပြီး မြန်မာနိုင်ငံတွင် တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုညဒသမ ၃၉၀ ရာခိုင်နှုန်း ပြန်လည်မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း ငွေလဲလှယ်နှုန်း တည်ငြိမ်နိုင်ရေးအတွက် ဆောင်ရွက်ချက်များကို တိုးမြှင့်လုပ်ကိုင်နေလျက်ရှိပြီး နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရရှိသူများနှင့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးစနစ်တည်ငြိမ်မှုကို ထိခိုက်စေသော သို့မဟုတ် နိုင်ငံတော်၏ ငွေကြေးစနစ်အပေါ် ပြည်သူတို့၏ အယုံအကြည်ပျက်ပြားစေသော သို့မဟုတ် နိုင်ငံခြားငွေလဲလှယ်နှုန်း အား မတည်မငြိမ်ဖြစ်စေသော ဈေးကစားခြင်း သို့မဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုတစ်ခုခုကို မည်သည့်နည်းနှင့်မျှ ဆောင်ရွက်ခြင်းမပြုရန်နှင့် ယင်းသို့ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူ အပြစ်ပေးမည်ဖြစ်ကြောင်း ညွှန်ကြားချက်ကို အောက်တိုဘာလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ဘဏ်များနှင့် ငွေလဲကောင်တာများ ဒေါ်လာဈေး ကစားခြင်းမပြုရန် ဗဟိုဘဏ်က ညွှန်ကြားချက်ထုတ်ပြန်ပြီး သုံးရက်မြောက်တွင် ပြည်တွင်းငွေကြေးဈေးကွက်၌ တစ်ဒေါ်လာ ၁၅၈၀ ကျပ်ခန့်ဖြင့် တည်ငြိမ်လာသည်။ အမေရိကန်ဒေါ်လာတန်ဖိုးသည် အောက်တိုဘာလလယ်ကစတင်ပြီး တစ်ဒေါ်လာလျှင် ကျပ် ၁၆၀၀ အောက်သို့ ပြန်လည်ကျဆင်းကာ ကျပ် ၁၅၈၀ မှ ၁၅၅၀ အတွင်း ဆက်လက်ရှိနိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ခန့်မှန်းကြောင်းနှင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရန် အစိုးရက တရားမဝင် ငွေလဲလုပ်ကိုင်သူများကို ဖမ်းဆီးအရေးယူ ချိန်တွင် ဗဟိုဘဏ်က နိုင်ငံခြားငွေလုပ်ငန်းဆိုင်ရာလိုင်စင်ထုတ်ပေးထားသော အဖွဲ့အစည်းများကို ဒေါ်လာဈေးမကစားရန် ပွင့်လင်းမြင်သာစွာ အသိပေးထားကြောင်း စီးပွားရေးလုပ်ငန်းရှင်များမှ ပြောဆိုကြပါသည်။

ဗဟိုဘဏ်အနေဖြင့် ဘဏ်နှင့် ငွေလဲကောင်တာများ ဈေးမကစားရန် စာထုတ်ခြင်းနှင့်ပတ်သက်၍ ဒေါ်လာရောင်းဝယ်မှုကို အကျိုးသက်ရောက်ခြင်းများရှိနိုင်ကြောင်း၊ လက်ရှိ ဒေါ်လာဈေးကွက် အခြေအနေသည် တစ်ရက်အတွင်းရောင်းလိုအားနှင့် ဝယ်လိုအားပေါ်မူတည်ပြီး အပြောင်းအလဲပြု လုပ်ခြင်းဖြစ်ကြောင်း၊ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုထားခြင်းကြောင့် ဝယ်လိုအားများချိန်တွင် ဈေးမြင့်တက်နိုင်ပြီး ဝယ်လိုအားနည်းချိန်တွင် ဈေးကျဆင်းတတ်သည်ဟု ဘဏ်လုပ်ငန်း ကျွမ်းကျင်သူအချို့က ပြောကြားပါသည်။

ငွေလဲလှယ်နှုန်းနှင့် စက်သုံးဆီဈေးနှုန်း မြင့်တက်လာခြင်း အကျိုးဆက်သည် ကမ္ဘာနှင့်အဝှမ်းတွင် ဖြစ်ပေါ်နေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေတိုတွင်ဖြေရှင်းနိုင်မည့် နည်းလမ်း မဟုတ်ကြောင်း၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ ဒေါ်လာငွေကြေး ခိုင်မာမှု၊ ရေနံဈေးနှုန်း မြင့်တက်လာမှုများ ဆက်လက်ဖြစ်ပေါ်လာရန် အလားအလာရှိနေသေးရာ သွင်းကုန်ကို အဓိကအားထားနေရသော မြန်မာနိုင်ငံသည် ထိုအကျိုးဆက်၏ ရိုက်ခတ်မှုများကို ခံရနိုင်ဖွယ်ရှိနေသေးကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။






## မန်ယူအသင်းမှ ဂိုးသမား ဒီဂီယာ ထွက်ခွာသွားမည်ကို မော်ရင်ဟို စိုးရိမ်နေ

မန်ယူအသင်းမှ ဂိုးသမား ဒီဂီယာ ထွက်ခွာသွားမည်ကို နည်းပြ မော်ရင်ဟိုအနေဖြင့် အထူးပင် စိုးရိမ်မကင်းဖြစ်နေကြောင်း အင်္ဂလန်မီဒီယာများက ရေးသားဖော်ပြနေကြသည်။ ဒီဂီယာသည် အသင်းနှင့် စာချုပ်သက်တမ်း တိုးမြှင့်ထားခြင်းမရှိသောကြောင့် ယခုနှစ်ရာသီကုန်တွင် မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ရရှိမည်ဖြစ်သည်။

မန်ယူအသင်းသည် အသင်းရှိကစားသမားအချို့ကို စာချုပ်သက်တမ်းတိုးမြှင့် သွားရန်ကြိုးပမ်းနေသော်လည်း အဆိုပါကစားသမားများမှာ နည်းပြ မော်ရင်ဟိုနှင့် အဆင်မပြေမှုများ ရှိနေခြင်းကြောင့် စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုကို လက်မခံဘဲ အသင်းပြောင်းရွှေ့ရန် ပြင်ဆင်နေကြခြင်း ဖြစ်သည်။

ဒီဂီယာက ‘ ကျွန်တော် မန်ယူအသင်းမှာ ကစားရတာ ဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ဟာ ဘဝမှာ တစ်သမတ်တည်း ရှိနေတာမကောင်းဘူးလို့ ကျွန်တော်ထင်ပါတယ်။ ပြောင်းလဲမှုတွေရှိရမယ်။ အတွေ့အကြုံသစ်တွေ ရှာရမယ်။ စိန်ခေါ်မှုအသစ်တွေကို ကျွန်တော်ကြိုက်တယ်။ နယ်မြေသစ်မှာ အောင်မြင်မှုအသစ်တွေ ရယူချင်တယ်။ ဒါကြောင့် လက်ရှိအချိန်မှာ ကျွန်တော် အသင်းပြောင်းဖို့ စဉ်းစားလာတာပဲဖြစ်ပါတယ်’ ဟု ပြောကြားခဲ့သည်။

ဂိုးသမား ဒီဂီယာသည် ယခုမှသာ အသင်းပြောင်းရန် ပြင်ဆင်လာခဲ့ခြင်းမဟုတ်ဘဲ ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလကပင် မန်ယူအသင်းမှထွက်ခွာရန် ကြိုးပမ်းခဲ့ဖူးသည်။

ဒီဂီယာသည် မန်ယူအသင်းမှ ထွက်ခွာမည်ဆိုပါက အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ရောက်ရှိရန် နီးစပ်နေသည်။ ထို့ပြင် ဂျူဗင်တပ်အသင်းဘက်ကလည်း ဒီဂီယာကို ခေါ်ယူရန် ၎င်းကစားသမားနှင့် နှစ်ဦးနှစ်ဖက် အလွတ်သဘောတူညီမှုများပင် ရရှိထားပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားကြသည်။

ဟန်နေသစ် စုစည်းသည်

## ၁၁ ပွဲဆက်တိုက် နိုင်ပွဲရရှိခြင်းနှင့်အတူ အာဆင်နယ်အသင်း အကောင်းဆုံးပုံစံ ရရှိနေပြီဟုဆို

အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် သောကြာနေ့နံနက်ပိုင်းက ယူရိုပါလိဂ်ပွဲစဉ်အဖြစ် စပို့တင်းအသင်းနှင့် ကစားခဲ့ရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းကြောင့် ၁၁ ပွဲဆက်တိုက် အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။

နည်းပြ အာစင်ဝင်းဂါး ထွက်ခွာသွားပြီးနောက် နည်းပြသစ်အဖြစ် အူနိုင်အမ်မရီက ကိုင်တွယ်ခဲ့ရာတွင် အာဆင်နယ်အသင်းအနေဖြင့် ရာသီအစတွင် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကို နှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံခဲ့ခြင်းကြောင့် နည်းပြ အူနိုင်းအမ်မရီအနေဖြင့် ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရသေးသည်။

သို့သော် အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၃)မှစ၍ နိုင်ပွဲရရှိလာခဲ့ရာ လက်ရှိအချိန်တွင် ပြိုင်ပွဲအရပ်ရပ် ၁၁ပွဲဆက်တိုက် နိုင်ပွဲ ရရှိလာခဲ့ခြင်းကြောင့် နည်းပြ အူနိုင်းအမ်မရီက မိမိတို့အသင်းမှာ အကောင်းဆုံးပုံစံကို ပြန်လည်ရရှိလာပြီ ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုလာခဲ့ခြင်း ဖြစ်သည်။




အာဆင်နယ် အသင်းသည် ပရီးမီးယားလိဂ် နောက်ဆုံးကစားခဲ့သောသုံးပွဲဖြစ်သည့် ဝက်ဖို့ဒ်၊ ဖူလ်ဟမ်၊ လက်စတာအသင်းတို့နှင့် ပွဲစဉ်များတွင် ယခင်က အာဆင်နယ်အသင်း ၁၉၈၈-၈၉ နှင့် ၁၉၉၀-၉၁ဘောလုံးရာသီများက ပရိသတ်စွဲမက်ဖွယ်ရာ ခြေစွမ်းမျိုးကို ပြန်လည်ရရှိလာခဲ့ပြီဖြစ်ကြောင်း ပရိသတ်များကလည်း လက်ခံလာကြသည်။

လက်ရှိ ပရီးမီးယားလိဂ် ပွဲစဉ်(၉) အပြီးတွင် အာဆင်နယ်အသင်းသည် အဆင့်(၄)နေရာတွင် ရပ်တည်နေသော်လည်း ပရီးမီးယားလိဂ် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန်မှာ ခက်ခဲ နေဦးမည် ဖြစ်ကြောင်း ဘောလုံးကျွမ်းကျင်သူများ က သုံးသပ်မှုများ ရှိနေသည်။

## ဇန်နဝါရီ အပြောင်းအရွှေ့တွင် ကစားသမားသစ်များ ဝယ်ယူရန် ချယ်လ်ဆီး ပြင်ဆင်




အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် လက်ရှိပရီးမီးယားလိဂ်ပွဲစဉ်(၉)အပြီးတွင် အမှတ်ပေးဇယား တတိယနေရာတွင် ရပ်တည်နေသော်လည်း တိုက်စစ်ပိုင်းမှာ အားနည်းမှုများရှိနေသည်။ ထို့ကြောင့် နည်းပြဆာရီအနေဖြင့် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် ကစားသမားသစ်များ ခေါ်ယူသွားရန် ပြင်ဆင်နေသည်။ ချယ်လ်ဆီးအသင်းနည်းပြ ဆာရီ ခေါ်ယူရန် အဓိကပစ်မှတ်ထားနေသည့် ကစားသမားများမှာ အီတလီစီးရီးအေကလပ် ဂျီနိုအာအသင်းတွင် ခြေစွမ်းပြနေသည့် တိုက်စစ်မှူး ပီယာတက်နှင့် ဘရစ်စီရာအသင်းမှ အီတလီလူငယ်ကစားသမား ဆန်ဒရိုတိုနာလီတို့ပင်ဖြစ်ကြောင်း သိရသည်။ ချယ်လ်ဆီး အသင်းသည် ပီယာတက်ကို ဝယ်ယူမည်ဆိုပါက ပေါင် ၃၅သန်း ပေးရမည်ဖြစ်ပြီး ၎င်းကစားသမားကို အီတလီစီးရီးအေ ထိပ်တန်းကလပ်များဖြစ်သည့် ရိုးမား၊ အင်တာမီလန်၊ နာပိုလီတို့က ခေါ်ယူရန် စိတ်ဝင်စားနေသလို တိုရီနိုအသင်းကလည်း ခေါ်ယူရန်ပြင်ဆင်နေသည်။

ထို့ပြင် ချယ်လ်ဆီးအသင်းသည် ဘရစ်စီရာအသင်းမှ အသက် (၁၈)နှစ်သာရှိသေးသည့် ကွင်းလယ်ကစားသမား ဆန်ဒရိုတိုနာလီကို ပေါင်သန်း ၂၀ပေး၍ ခေါ်ယူရန်စီစဉ်နေကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။ ချယ်လ်ဆီးအသင်းသည် ဆန်ဒရိုတိုနာလီကို ခေါ်ယူမည်ဆိုပါက ဂျူဗင်တပ်အသင်းနှင့် ပြိုင်ဆိုင်ရမည်ဖြစ်သည်။ ဆန်ဒရိုတိုနာလီသည် လက်ရှိအချိန်တွင် ပီယာလိုကဲ့သို့ ကစားသမားဟု နာမည်ကြီးနေသည့် ကွင်းလယ်ဖန်တီးရှင် တစ်ဦးလည်းဖြစ်သည်။

## စပါးအသင်း ရောင်းချမည့် ကစားသမားများထဲတွင် ဒမ်ဘီလီ ထိပ်ဆုံးမှပါဝင်နေ

စပါးအသင်းသည်ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက ကစားသမားသစ်များ ခေါ်ယူထားခြင်းမရှိဘဲ လူဟောင်းကစားသမားများဖြင့်သာ ရာသီသစ်ကို ရင်ဆိုင်လာခဲ့သည်။ သို့သော် နည်းပြ ပိုချက်တီနိုအနေဖြင့် အသင်းတွင်အရန်ကစားသမား နည်းပါးမှုများကို လက်တွေ့ရင်ဆိုင်ခံစားလာရပြီဖြစ်ခြင်းကြောင့် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းရှိကစားသမားတချို့ကို ရောင်းထုတ်ပြီး ထိပ်တန်းကစားသမားနှစ်ဦးခန့်အထိ ပြန်လည်ခေါ်ယူရန် ပြင်ဆင်နေသည်။





စပါးအသင်းက ရောင်းချရန် ပြင်ဆင်နေသည့် ကစားသမားများထဲတွင် အသက်(၃၁)နှစ်ရှိပြီဖြစ်သည့် ကွင်းလယ်ကစားသမား ဒမ်ဘီလီမှာ ထိပ်ဆုံးမှ ပါဝင်နေကြောင်း သိရသည်။

ဒမ်ဘီလီသည် ယခုနှစ်ရာသီတွင် ဒဏ်ရာပြဿနာများ မကြာခဏ ရင်ဆိုင်နေရသလို အသင်းတွင်လည်း အရန်ကစားသမား အဖြစ်ဖြင့်သာ ပါဝင်ခွင့်ရနေသည်။ ထို့ကြောင့် ၎င်းကစားသမားကိုယ်တိုင်က အသင်းပြောင်းရန် ပြင်ဆင်နေသလို နည်းပြ ပိုချက်တီနိုကလည်း ရောင်းထုတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ထို့ပြင် စပါးအသင်းသည် ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဒမ်ဘီလီအပြင် တခြားသက်ကြီးကစားသမားအချို့ကိုလည်း ရောင်းထုတ်သွားမည်ဖြစ်ကြောင်းနှင့် ယင်းကစားသမားများကိုမူ ထုတ်ဖော်ပြောဆိုထားခြင်း မရှိသေးပေ။

စီးပွားရေးအောင်မြင် ... ခြခံ

# t o'f aw Gu;ae&w,f



နိုင်ဦး(DOCA)

(ယခင်တစ်ပတ်မှအဆက်)

ထို့အပြင်MLM ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသောကုန်ပစ္စည်းများကို ရောင်းချပေးသူ မန်ဘာအဖွဲ့ဝင်များနှင့် ရင်းနှီး၍ အားနာ၍ ဝယ်ယူခဲ့သည်များလည်းရှိပါကြောင်း၊ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ပါကလည်း မိတ်ပျက်မည်စိုး၍ ပြောဆို တိုင်တန်းမှု မပြုလုပ်ကြပါကြောင်း၊ ပစ္စည်းပေးပို့ရမည့်ရက်ချိန်းမမှန်ကန်ခြင်း၊ ကုန်ပစ္စည်းသတင်း အချက်အလက်များနှင့် ပတ်သက်၍ မှန်ကန် တိကျစွာနားလည်အောင်မရှင်းပြတတ်၍ အခက်အခဲ ကြုံတွေ့ရပါကြောင်း၊ ဆပ်ပြာမွှေးနှင့် ခေါင်းလျှော်ရည်မှားယွင်းသုံးစွဲမိခြင်းမျိုး၊ သွေးအမျိုးအစားအလိုက်လိမ်းခြယ်ရမည့် အလှကုန်ပစ္စည်းများကို သွေးအမျိုးအစားမတူသူက လိမ်းခြယ်မိ၍ အလှပျက်ခြင်းမျိုးများ ကြုံတွေ့ရလေ့ရှိပါကြောင်း၊ သုံးစွဲပုံအညွှန်းများကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ တွဲ၍ဖော်ပြထားမှုမရှိ၍ လွဲမှားသုံးစွဲမှုများ ဖြစ်ရပါကြောင်း၊ မှာယူသောပစ္စည်းနှင့် လာပို့သောပစ္စည်းများမတူညီမှုများလည်း ကြုံတွေ့ရပါကြောင်း၊ အမှန်ကုန်ကျစရိတ်ထက် ထပ်ဆောင်း၍လည်း ခရီးစရိတ်၊ သယ်ပို့ခ စသည်ဖြင့် အပိုဆောင်း ပေးရသည်များလည်းရှိပါကြောင်း စသည့် အသံများကိုလည်း ကြားနေရပါသည်။

## MLM လုပ်ငန်းရှင်များ၏အသံများ

မြန်မာနိုင်ငံတွင် MLM လုပ်ငန်းလုပ်ကိုင်သော လုပ်ငန်း ၄၀ ခန့်ရှိပြီး လူသိများသည့် လုပ်ငန်း ၂၀ ခန့်ရှိပါကြောင်း၊ ယင်းကုမ္ပဏီအများစုသည် ကုမ္ပဏီမှတ်ပုံတင်ပြုလုပ်ခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်များတရားဝင်ပြုလုပ်၍ လုပ်ကိုင်နေကြသော ကုမ္ပဏီများဖြစ်ပါကြောင်း၊ ယခုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ MLM လုပ်ငန်းများအား တားမြစ်မိန့် မထုတ်ပြန်ခင် စီးပွားရေးကျင့်ဝတ်နှင့်အညီ၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သောလုပ်ငန်းများ၊ ပစ္စည်းအစစ်အမှန်များကိုသာ ထိုက်သင့်သော အကျိုးအမြတ်ရယူ၍ ခိုင်ခိုင်မာမာရပ်တည်၍ အမည်ဂုဏ်သတင်း ကောင်းရနေသော လုပ်ငန်းများရှိသကဲ့သို့ ပစ္စည်းများ မထုတ်လုပ်ဘဲ နီးရာဆိုင်မှဝယ်ယူကာ မန်ဘာအဖွဲ့ဝင်များ၏အားဖြင့် အမြတ်တင်ဖြန့်ချိရောင်းချသည့် MLM လုပ်ငန်းများလည်းရှိခဲ့ပါကြောင်း၊ တားမြစ်မိန့်ထုတ်ပြန်ပြီးနောက်တွင် ကောင်းသော ကုမ္ပဏီများ၊ မသမာမှုပြုသော ကုမ္ပဏီများပါ ပိတ်ပင်ခဲ့၍ မှန်မှန်ကန်ကန် ရောင်းချသောကုမ္ပဏီများ လွန်စွာနစ်နာရပါကြောင်း၊ တချို့လည်း ပိတ်ပစ်ပြီဟု တရားဝင်ကြော်ငြာထားသော်လည်း ဝန်ထမ်းများ အလုပ်အကိုင်ရရှိရေး၊ အကျိုးအမြတ်များ ဆက်လက်ရရှိရေးအတွက် ဆက်လက်လုပ်ကိုင်နေမှုများလည်း ရှိနေပါကြောင်း၊ တချို့သော ကုမ္ပဏီများကလည်း စီးပွားရေးကျင့်ဝတ်နှင့်အညီ လုပ်ငန်းများပြောင်းလဲလုပ်ကိုင်ရန် ပြင်ဆင်နေကြပြီဖြစ်ပါကြောင်း၊ အမြင်တူမှု၊ အမြင်မတူမှုများ ရှိနေသော်လည်း ထုတ်ပြန်ထားသော တားမြစ်မိန့်ကို လေးစားလိုက်နာပြီး ဥပဒေဘောင်အတွင်းမှ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း၊ ဆက်လက်လုပ်ကိုင်နေသော MLM လုပ်ငန်းများ၏ ကောင်းသတင်းများကို ဖျက်ဆီးနေသော လူတစ်စုအား ထုတ်ပြန်ခဲ့သော တားမြစ်မိန့်ပါအတိုင်း အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဌာနနှင့်ပူးပေါင်း၍ MLM လုပ်ငန်းများ မြန်မာ့ဈေးကွက်မှ ကွယ်ပျောက်သွားရန် လက်တွဲ၍ ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသံများကို ကြားနေရပါသည်။

မည်သို့ပင်ဖြစ်စေ လုပ်ငန်းရှင်များကလည်း အကျိုးအမြတ်ကြီးမားစွာရရှိ၍ လွယ်လွယ်နှင့် စွန့်ပစ်ချင်မည်မဟုတ်ပေ။ စားရမှာလည်း 'သဲ'တရှပ်ရှပ်၊ ပစ်ရမှာလည်း 'ဆီ' တဝင်းဝင်းဖြစ်နေ၍ နည်းလမ်းရှာဖွေကာ ဆောင်ရွက်နေပေမည်။ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသော မန်ဘာအဖွဲ့ဝင်များက ခံစားခဲ့ရ၍ ရပ်နား၊ ရပ်ဆိုင်းသွားမည်ဖြစ်သော်လည်း 'ပိုးဖလံမျိုး၊ မီးကိုတိုး' ဆိုသည့်အတိုင်း လောဘ၊ အတ္တရှေ့တန်းတင်၍ ဆောင်ရွက်မည့် မသိနားမလည်သော မန်ဘာအဖွဲ့ဝင်သစ်များဖြစ်သည့် ပိုးဖလံများကလည်းMLM မီးကိုတိုးရန်အသင့်ရှိကြပေမည်။ မီဒီယာနည်းလမ်းပေါင်းစုံမှလည်း မိမိတို့၏ ရှုထောင့်အသီးသီးမှ ဖော်ပြကြဦးမည်၊ ရေးသားကြဦးမည်ဖြစ်သည်။ မဆုံးသော သံသရာတွင် တစ်ပတ်လည်နေကြမည်ကို မြင်ယောင်မိသည်။

MLM လုပ်ငန်းရှင်များသည် စီးပွားရေးကျင့်ဝတ်နှင့်အညီ အခြားလုပ်ငန်းများနှင့် ယှဉ်ပြိုင်၍မျှတသောဈေးကွက်အတွင်း ဝင်ရောက် လုပ်ကိုင်စေချင်ပါသည်။ ထုတ်ပြန်ထားသော ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်ပါဆောင်ရွက်ခြင်းဖြင့် ကူညီပေးစေချင်ပါသည်။ သောက်လေသောက်လေငတ်မပြေသည့် ဆားငန်ရေသောက်နေမည့်အစား၊ အချိန်တိုအတွင်း အကျိုးအမြတ်ကြီးမားစွာရရှိနေသည့်MLM ဆားငန်ရေသောက်နေမည့်အစား ညီညွတ်မျှတမှုရှိပြီး ရေရှည်အကျိုးအမြတ်ရရှိမည့် လုပ်ငန်း၊ ရေရှည်တည်တံ့နိုင်မည့်သမာသမတ်ကျသည့် လုပ်ငန်းဖြစ်သည့် အများသောက်သုံးနေသည့် ရေချိုရေသန့်ကို ပြောင်းလဲသောက်သုံးရန်အချိန်တန်ပါပြီ။ ထိုမှသာ ကျန်းမာရေး နှင့်ညီညွတ်မည်။ ရောဂါဘယကင်းရှင်းမည်။ အသက်ရှည်မည်။ စိတ်သောကများကင်းရှင်းမည်ဖြစ်သည်။

(၂၁)ရာစု လူသားများဖြစ်သည့် မန်ဘာအဖွဲ့ဝင်များကလည်း ကိုယ်ကျိုး၊ အတ္တ၊ လောဘအမှောင်လမ်းမှ စားသုံးသူပြည်သူများ၏ နစ်နာဆုံးရှုံးမှုများ၊ မိမိကိုယ်တိုင် ထိခိုက်နစ်နာမှုများကိုမြင်အောင်ကြည့်ပါ။ ကုမ္ပဏီတစ်ခု၊ လူတစ်စု ကောင်းစားရေးအတွက် အနစ်နာ ခံပေးဆပ်သူများ မဖြစ်ပါစေနှင့်။ အလင်းလမ်းသို့အချိန်မီ ထွက်လာကြရန်လိုပါသည်။ မျိုးဆက်သစ်MLM အဖွဲ့ဝင်လောင်းလျာများကိုလည်း အမှန်ပြောကြပါ။ လူတစ်စု၏ မျက်နှာကိုမကြည့်ဘဲ ၅၁ သန်း ကျော်သော စားသုံးသူပြည်သူများ၏ ထိခိုက်နစ်နာဆုံးရှုံးမှုများကိုသာ ထောက်ထားရန် လိုပါသည်။

စားသုံးသူပြည်သူများကလည်း MLM လုပ်ငန်းများ၊ MLM လုပ်ငန်းသဘောဆန်ဆန် ကုမ္ပဏီများမှ ရောင်းချသော ပစ္စည်းများကိုဝယ်ယူ၊ အသုံးပြုခြင်းမှ ရှောင်ရှားသင့်ပါသည်။ တရားဝင် ဖွင့်လှစ်ရောင်းချသော ဈေးကွက်အတွင်းမှ ပစ္စည်းများကိုသာ တန်ရာတန်ကြေးအပြည့်အဝပေး၍ ဝယ်ယူအသုံးပြုကြစေချင်ပါသည်။ MLM ကုမ္ပဏီများမှ ရောင်းချမည့် အရည်အသွေး မပြည့်စုံသော၊ နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ညီညွတ်မှုမရှိသော၊ ဘေးထွက်ဆိုးကျိုးနှင့်အပြစ်များကို မသိရှိသော ကုန်စည်များကို သုံးလပေး၊ လေးလပေး စသည်ဖြင့် အမြတ်တင် ရောင်းချခြင်းကိုမက်၍ အလွယ်တကူဝယ်ယူ သုံးစွဲကြခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ မိမိကိုယ်တိုင်လည်း MLM ကုမ္ပဏီ၏ သားကောင်မန်ဘာ အဖွဲ့ဝင်များမဖြစ်စေရေး အသိတရားလက်ကိုင်ထားကာ သတိထား ဆင်ခြင်သင့်ပါသည်။

နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာနည်းလမ်းပေါင်းစုံမှလည်း ၅၁ သန်း ကျော်သော ပြည်သူများ အကျိုးကိုရှေးရှု၍ MLM လုပ်ငန်းများနှင့်ပတ်သက်သည့် ပညာပေးမှုများကို စေတနာထားရေးသားဖော်ပြစေချင်ပါသည်။ အမြစ်တွယ်စပြုနေသောလုပ်ငန်းတစ်ခုကို တားမြစ်ရာတွင် သက်ဆိုင်ရာ ဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ပါက အချိန်များစွာယူရပေမည်။ 'လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်'ဆိုသကဲ့သို့ အခက်အခဲများစွာ ကြုံတွေ့ရနိုင်ပေသည်။ သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ စားသုံးသူများ၊ မီဒီယာများအားလုံးမှ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာလျှင် အချိန်တိုအတွင်း အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍လူ့ဘဝ၏သက်တမ်းတိုတိုလေးအတွင်း လူအချင်းချင်းပြောဆိုဆက်ဆံကြရာတွင်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်း ကုန်သွယ်ကူးသန်းရောင်းဝယ်ရာတွင်လည်းကောင်း မတော်လောဘများ ကင်းအောင်ထား၍ စာနာစိတ်၊ သနားညှာတာစိတ်၊ သည်းခံခွင့်လွှတ်စိတ်အပြည့်ဖြင့် မျှတစွာ ရောင်းဝယ်အသက်မွေးကြရန် လိုပါသည်။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းဝေးကြစေရန် မျှော်လင့်မိပါသည်။ လူအချင်းချင်း ရက်စက်ခြင်းကင်းဝေးကြစေရန်နှင့် အေးချမ်း သာယာသော အသံများကိုသာ နေ့စဉ်ကြားချင်နေမိပါတော့ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**စာရေးသူ၏အာဘော်သာဖြစ်ပါသည်။**

# လာမည့်မတ်လကုန်ကာလထိအတွင်း သတ္တုလုပ်ကွက်ပေါင်း (၁၀၀) ကျော်ခန့်ကို အိန္ဒိယအစိုးရ လေလံတင်ရန်စီစဉ်



အိန္ဒိယအစိုးရသည် ၂၀၁၅ ခုနှစ်မှ လက်ရှိကာလအထိ သတ္တုလုပ်ကွက်ပေါင်း ၅၀ ကျော်ကို လေလံတင်ငှားရမ်းထားရာမှ ရူပီးကုဋေ ၁ ဒသမ ၈၁ သိန်းကျော် ဝင်ငွေရရှိထားပြီးဖြစ်ရာ လာမည့် (၆) လအတွင်း နောက်ထပ် သတ္တုလုပ်ကွက်ပေါင်း (၁၀၀) ကျော်အား လေလံတင်နိုင်ရေး အစိုးရအနေဖြင့် ဆောင်ရွက်နေသည်ဟု သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရှိရပါသည်။


လက်ရှိအချိန်ထိ အစိုးရက လေလံခေါ်ယူထားသည့် သတ္တုတွင်း ၅၀ တွင် ထုံးကျောက်လုပ်ကွက် ၂၃ ခု၊ သံရိုင်းလုပ်ကွက် ၁၇ ခု၊ ရွှေလုပ်ကွက် ၄ ခု၊ မန်ဂနိနှင့် ဂရိတ်ဖိုက်လုပ်ကွက် ၂ ခုစီနှင့် ဘောဆိုဒ်သတ္တုနှင့် စိန် လုပ်ကွက် ၁ ခုစီတို့ဖြစ်ကြောင်း သိရှိရပါသည်။

သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အချက်အလက်များအရ လာမည့် ၂၀၁၉ ခုနှစ်၊ မတ်လနောက်ဆုံးထား၍ အိန္ဒိယအစိုးရက ထပ်မံလေလံတင်မည့် လုပ်ကွက်ပေါင်း (၁၀၂) ခုရှိပြီး ယင်းတို့အနက် ထုံးကျောက်လုပ်ကွက် ၄၂ ခု၊ ဘောက်ဆိုဒ်သတ္တုတွင်း ၁၉ ခု၊ မန်ဂနိရိုင်းလုပ်ကွက် ၁၁ ခု၊ ကြေးနီလုပ်ကွက် (၈) ခု၊ သံရိုင်းလုပ်ကွက် ၆ ခု၊ ဂရမ်ဖိုက်သတ္တု တွင်း ၆ ခု၊ ဇင့်လုပ်ကွက် ၃ ခု၊ မြလုပ်ကွက် ၂ ခု၊ ရွှေလုပ်ကွက် ၂ ခု၊ သံရိုင်းနှင့် မန်ဂနိလုပ်ကွက် ၁ ခုစီတို့နှင့် ကြေးနီနှင့် ထုံးကျောက်သတ္တုရိုင်းလုပ်ကွက် ၁ ခုစီတို့ပါဝင်ကြောင်း၊ ယင်းတို့အနက် ထုံးကျောက်လုပ်ကွက် ၂ ခုကို အောက်တိုဘာလအတွင်း လေလံတင်ရန် အစိုးရက စီစဉ်နေကြောင်း သိရှိရပါသည်။

ယခုလေလံတင်မည့် လုပ်ကွက်များမှာ Andhra Pradesh၊ Chhattisgarh၊ Gujarat ၊ Jharkhand၊ Karnataka၊ Madhya Pradesh၊ Maharashtra၊ Odisha၊ Rajasthan ၊ Telangana နှင့် Assam ပြည်နယ်တွင်ရှိပြီး၊ Jharkhand ပြည်နယ်မှ လုပ်ကွက်ပေါင်း ၂၀ ခန့်၊ Rajasthan ပြည်နယ်မှ လုပ်ကွက်ပေါင်း ၁၆ ခုနှင့် Madhya Pradesh နှင့် Maharashtra ပြည်နယ်တို့မှ လုပ်ကွက် ၁၃ ခုစီတို့ အသီးသီးပါဝင်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . . မှအဆက်




Source: www.isosugar.org

၂၀၁၈ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၃ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၇၉၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၆-၃၈၆၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၃၂-၆၀၀ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက အမေရိကန်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ သကြားဈေး မြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင်ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆၄၉ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၆၇ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၃ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၂၆ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၆ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၆ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာ သိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကိုအောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် သုည ဒသမ

| စဉ် | မြို့အမည် | သကြား (ကျပ်/ပိဿာ) | |
|---|---|---|---|
| | | အောက်တိုဘာ ၁၉ | အောက်တိုဘာ ၂၂ |
| ၁ | ၂ | ၃ | ၄ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၆၀၀ | ၁၆၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၅၀၀ | ၁၅၀၀ |
| ၂၁ | နေပြည်တော် | ၁၆၀၀ | ၁၆၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာ ကျပ် ၁၈၀၀ အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြား ၇၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရှိရ ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ■

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) . . . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံး ဆီဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | |
|---|---|---|---|---|---|
| | | ဓါတ်ဆီ | | ဒီဇယ်ဆီ | |
| | | အောက်တိုဘာ ၁၉ | အောက်တိုဘာ ၂၂ | အောက်တိုဘာ ၁၉ | အောက်တိုဘာ ၂၂ |
| ၁ | မြစ်ကြီးနား | ၅၂၃၀ | ၅၂၃၀ | ၅၂၅၀ | ၅၂၅၀ |
| ၂ | လားရှိုး | ၅၁၀၀ | ၅၁၀၀ | ၅၂၀၀ | ၅၂၀၀ |
| ၃ | ကျိုင်းတုံ | ၆၀၃၀ | ၆၀၃၀ | ၆၁၆၅ | ၆၁၆၅ |
| ၄ | တောင်ကြီး | ၅၁၅၀ | ၅၁၀၀ | ၅၂၀၀ | ၅၂၀၀ |
| ၅ | လွိုင်ကော် | ၄၆၀၀ | ၄၆၀၀ | ၅၂၀၀ | ၅၂၀၀ |
| ၆ | ဘားအံ | ၄၈၃၇ | ၄၈၃၇ | ၄၉၉၅ | ၄၉၉၅ |
| ၇ | မော်လမြိုင် | ၅၁၇၅ | ၅၁၇၅ | ၅၁၃၀ | ၅၁၃၀ |
| ၈ | ထားဝယ် | ၅၀၄၀ | ၅၀၈၅ | ၅၁၇၅ | ၅၁၇၅ |
| ၉ | မြိတ် | ၄၇၉၃ | ၄၇၉၃ | ၄၉၅၀ | ၄၉၅၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၉၇၈ | ၄၉၇၈ |
| ၁၁ | ပုသိမ် | ၄၇၅၀ | ၄၅၀၀ | ၄၉၀၀ | ၄၉၅၀ |
| ၁၂ | စစ်တွေ | ၄၄၈၀ | ၄၄၈၀ | ၄၈၀၀ | ၄၈၀၀ |
| ၁၃ | ဟားခါး | ၅၄၈၀ | ၅၄၈၀ | ၅၂၈၂ | ၅၂၈၂ |
| ၁၄ | မုံရွာ | ၅၁၀၀ | ၅၁၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၁၅ | မန္တလေး | ၄၆၀၀ | ၄၆၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၁၆ | ပခုက္ကူ | ၄၈၀၀ | ၄၈၀၀ | ၄၈၅၀ | ၄၈၅၀ |
| ၁၇ | မကွေး | ၅၀၀၀ | ၄၉၅၀ | ၅၁၃၇ | ၅၁၃၇ |
| ၁၈ | ပြည် | ၄၉၅၀ | ၄၉၅၀ | ၅၁၅၀ | ၅၁၅၀ |
| ၁၉ | ပဲခူး | ၄၇၆၅ | ၄၇၆၅ | ၄၈၃၅ | ၄၈၃၅ |
| ၂၀ | ပျဉ်းမနား | ၄၉၂၈ | ၄၉၂၈ | ၅၀၁၈ | ၅၀၁၈ |
| ၂၁ | နေပြည်တော် | ၄၉၂၈ | ၄၉၂၈ | ၅၀၁၈ | ၅၀၁၈ |
| ၂၂ | ကလေး | ၅၄၀၀ | ၅၄၀၀ | ၅၃၀၀ | ၅၃၀၀ |

Source : DOCA-Domestic

ရေနံစက်သုံးဆီအနေဖြင့် အီရန်နိုင်ငံအပေါ် ငွေကြေးဆိုင်ရာဖိအားပေးမှုနှင့် ရေနံစိမ်းရောင်းချမှုမှတစ်ဆင့် ဝင်ငွေလုံးဝမရှိစေရန် နိုဝင်ဘာလ ၄ ရက်မှစတင်၍ မြန်မာလုပ်ငန်းရှင်များကို အီရန်နိုင်ငံ ထံမှ ရေနံဝယ်ယူခြင်းမပြုလုပ်ရန် အသိပေးစာထုတ်ပြန်ထားကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ တာဝန်ရှိသူတစ်ဦးသည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံစဉ် ရေနံဝယ်ယူခြင်းမပြုရန် မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ပြီး ယခုအသိပေး ချက်ကို ကုန်သည်စက်မှုအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ အသင်းများထံ ပြန်လည်ဖြန့်ဖြူးပေးရန် ယင်းအသင်းချုပ်ထံ လိပ်မူပေးပို့ခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိကုမ္ပဏီများကို အီရန်နိုင်ငံမှ ရေနံစိမ်းများ ဆက်လက်တင်သွင်းခြင်းမပြုရန် အမေရိကန်ပြည်ထောင်စုကတောင်းဆိုထားပြီး အီရန်နိုင်ငံနှင့် ပြုလုပ်ထားသည့် သဘောတူညီချက်များရှိပါက အဆုံးသတ်နိုင်ရေးအတွက် အသိပေးထားခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာလ ၅ ရက်တွင် ကန့်သတ်ပိတ်ဆို့မှု စတင်အသက်ဝင်မည်ဖြစ်ပြီး ကန့်သတ်ပိတ်ဆို့မှုကြောင့် ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍မကောင်းသည့် နောက်ဆက်တွဲများပေါ် ပေါက်လာနိုင်ကြောင်း ယင်းအသိပေးချက်တွင်ပါရှိပါသည်။ မြန်မာနိုင်ငံအနေနှင့် ရေနံစိမ်း၊ စက်သုံးဆီများကို စင်ကာပူနိုင်ငံမှတစ်ဆင့် အများဆုံးတင်သွင်းရောင်းချနေခြင်းဖြစ်ပြီး အီရန်နိုင်ငံထံမှ ရေနံဝယ်ယူခြင်းမရှိသောကြောင့် မြန်မာနိုင်ငံအတွက် ထိခိုက်နိုင်ခြင်းမရှိကြောင်း စက်သုံးဆီ လုပ်ငန်းရှင်များက ပြောဆိုထားသည်ကိုလည်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) ဈေးနှုန်းများသည် ယခုအောက်တိုဘာလ စတုတ္ထပတ်အတွင်း ကမ္ဘာ့ဈေးနှုန်းများမှာအကျဘက်သို့ဦးတည်လျက်ရှိကြောင်း သိရှိရပါသည်။ Global Petrol Price Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်အတွင်း ကမ္ဘာ့ နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် နိုင်ငံပေါင်း ၁၇ နိုင်ငံတွင်သာ ဈေးနှုန်းမြင့်တက်ခဲ့ပြီး နိုင်ငံပေါင်း ၃၃ နိုင်ငံတွင် ဈေးနှုန်းကျဆင်းခဲ့ကြောင်းနှင့် ကျန် ၆၁ နိုင်ငံတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ကြောင်း ဖော်ပြပါရှိခဲ့ပါသည်။ ဂျော်ဂျီယာ၊ အင်ဒိုနီးရှား၊ ဘူဂေးရီးယား၊ စလိုဗက်ကီးရားနှင့် ဩစတြေးလျနိုင်ငံတို့တွင် စက်သုံးဆီဈေးနှုန်း တစ်ရာခိုင်နှုန်းအထက် မြင့်တက်ခဲ့ပြီး ဟန်ဂေရီ၊ လူဇင်ဘက်၊ ထိုင်း၊ Slovenia၊ ကနေဒါနှင့် ခရိုအေးရှားနိုင်ငံတို့တွင် စက်သုံးဆီဈေးနှုန်း နှစ်ရာခိုင်နှုန်း အထက်ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# အဲကွန်း၊ ရေခဲသေတ္တာနှင့် ဂျက်လေယာဉ်ဆီများအပါအဝင် ကုန်စည်(၁၉) မျိုးအပေါ် အိန္ဒိယအစိုးရ သွင်းကုန်ခွန်တိုးမြှင့်



နိုင်ငံ၏ စာရင်းရှင်အပ်ငွေလိုငွေ (Current Account Deficit-CAD) ပမာဏနည်းပါးစေရန်အတွက် အိန္ဒိယအစိုးရသည် အရေးကြီးကုန်စည် မဟုတ်သည့် ကုန်စည်အမည် (၁၉) မျိုးအပေါ် သွင်းကုန်ခွန်များကို စက်တင်ဘာလ ၂၆ ရက်တွင် တိုးမြှင့်လိုက်ကြောင်း သိရသည်။ ယင်းအမယ်များတွင် အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် လေယာဉ်ဆီတို့လည်း ပါဝင်ပါသည်။

အဆိုပါ ကုန်စည်များ အိန္ဒိယနိုင်ငံအတွင်းသို့ တင်သွင်းခဲ့သည့် ပမာဏမှာ ပြီးခဲ့သည့်နှစ်တွင် ရူပီးကုဋေ ၈၆၀၀၀ ရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ယခု အပြောင်းအလဲသည် နိုင်ငံတော်၏ CAD လျော့နည်းစေရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး၊ CAD ပမာဏအပေါ် ကုန်သွယ်မှု လိုငွေများနေခြင်းနှင့် ရူပီး ငွေတန်ဖိုးကျဆင်းခြင်း၏ ဖိအားသက်ရောက်မှုတို့ကို လျှော့ချရန်အတွက် ဖြစ်သည်။

အစိုးရ၏ ယခုအကြိမ် အခွန်တိုးမြှင့်မှုတွင် (၁၀) ကီလိုအောက် အဲကွန်း၊ ရေခဲသေတ္တာနှင့်အဝတ်လျှော်စက်များအတွက် သွင်းကုန်ခွန်ကို ယခင် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့(၂) ဆခန့် တိုးမြှင့်ခဲ့ပြီး လက်ဝတ်ရတနာ၊ ရွှေပြားနှင့် ငွေထည်ပစ္စည်းများအပေါ် ယခင်က ၁၅ ရာခိုင်နှုန်းသာကောက်ခံရာမှ ယခုအခါ ၂၀ ရာခိုင်နှုန်းသို့တိုးမြှင့်ခြင်းတို့ပါဝင်ခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**

## တရုတ်နိုင်ငံသည် ပစ္စည်းအမျိုးအစားပေါင်း ၁၅၈၅ မျိုးအပေါ်တွင် အခွန်လျှော့ချမည်

၂၀၁၈ခုနှစ်၊ နိုဝင်ဘာ၁ ရက်မှစတင်ပြီး တရုတ်နိုင်ငံသည် ၎င်းတို့ နိုင်ငံ၏ ဈေးကွက် ပိုမိုပွင့်လင်းလာစေရန်အတွက် ပစ္စည်းအမျိုးအစားပေါင်း ၁၅၈၅ မျိုးကို MFN အခွန်နှုန်းထားများ လျှော့ချမည်ဖြစ်ကြောင်း စက်တင်ဘာလ ၃၀ ရက်တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပျမ်းမျှအခွန်နှုန်းထားများကို ၎င်းပစ္စည်း အမျိုးအစားများအတွက် ၁၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၇ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့ချလိမ့်မည်ဟု ပြည်နယ် ကောင်စီ အကောက်ခွန်ကော်မရှင်မှ ပြောကြားခဲ့ပါသည်။ ညှိနှိုင်းမှုများအပြီးတွင် တရုတ်နိုင်ငံ၏ အခွန်နှုန်းထားအားလုံးသည် ယခင်နှစ် ၉ ဒသမ ၈ ရာခိုင်နှုန်းမှ ကျဆင်းခဲ့ပြီး ၇ ဒသမ ၅ ရာခိုင်နှုန်းတွင်ရှိနေပါသည်။

၎င်းနှုန်းထားများသည် ဥရောပသမဂ္ဂထက် အနည်းငယ်မြင့်မားနေသော်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံအများစုထက် လျော့နည်းနေကြောင်း ကော်မရှင်မှ ပြောကြားခဲ့ပါသည်။ အခွန်နှုန်းထားများသည် ချည်မျှင်နှင့်အထည်၊ ကြွေထည်၊ စတီး၊ စက်ပစ္စည်း များနှင့် အရင်းအမြစ်အခြေခံသော ထုတ်ကုန်အချို့နှင့် အဓိကအားဖြင့် သဘာဝ ကုန်ပစ္စည်း များပါဝင်သည့် ကဏ္ဍများ၌ လျော့ကျခဲ့ပါသည်။ သင့်လျော်သောအဆင့်အထိ အခွန်နှုန်းထားများ လျှော့ချခြင်းသည် ညီမျှသောနိုင်ငံခြား ကုန်သွယ်ရေးနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်နိုင်ကြောင်း ကော်မရှင်မှ ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံသည် မေလ ၁ ရက်မှစတင်ပြီးတင်သွင်းသော ဆေးဝါး အများစုနှင့် ဇူလိုင်လ ၁ ရက်မှစတင်ပြီး မော်တော်ယာဉ်နှင့် မော်တော်ယာဉ် အစိတ်အပိုင်း များ၏ အခွန်နှုန်းထားများကို သုညအထိ လျှော့ချခဲ့ပါကြောင်း ရှင်းဟွာသတင်း ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားပါသည်။

**ချြူးသီရိလွင်**

## အိန္ဒိယ၌ မုတ်သုံမိုး ပုံမမှန်သည့်အတွက် Kharif သီးနှံထုတ်လုပ်မှု လျော့နည်းကျဆင်းနိုင်

National Bulk Handling Corporation (NBHC) ၏ ၂၀၁၈-၁၉ Kharif သီးနှံထုတ်လုပ်မှုပထမအကြိမ်ခန့်မှန်းချက်တွင် နိုင်ငံအတွင်း မုတ်သုံမိုးရွာသွန်းမှုမှာ ပုံမှန်မဟုတ်ဘဲ နေရာကွက်၍ ရွာသွန်းခဲ့သောကြောင့် ခရိုင် ၂၅၄ ခုတို့တွင် မိုးခေါင်ခြင်းကဲ့သို့သော အခြေအနေများနှင့် ရင်ဆိုင်နေရသည့်အတွက် ယခုနှစ် Kharif သီးနှံထုတ်လုပ်မှုပမာဏမှာ ယခင်နှစ်အောက် ၁ ဒသမ ၇၁ ရာခိုင်နှုန်း သို့ အနည်းငယ်ကျဆင်းနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ယခုနှစ် အိန္ဒိယ၏ မုတ်သုံမိုးမှာ အစောပိုင်းခန့်မှန်းချက်အောက် လျော့နည်း နေရာယခင်နှစ် မုတ်သုံမိုး ကောင်းမွန်စဉ်က ထွက်ရှိခဲ့သည့် သီးနှံ တန်ချိန် ပမာဏ ၂၈၄ ဒသမ ၈၃ အောက် လျော့နည်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ဩဂုတ်လ ဒုတိယလဝက်နှင့် စက်တင်ဘာလ ပထမပတ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သော်ငြားလည်း နေရာကွက်၍ မိုးကြီးခဲ့သည့်အတွက် Bihari Keralai Assam Gujarath Himachal Pradesh ပြည်နယ်တစ်ဝန်းတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး၊ ခရိုင် ၂၅၄ ခုတွင်မူ မိုးခေါင်သကဲ့သို့ အခြေအနေဖြစ်နေကြောင်း၊ သို့ဖြစ်၍ ဆန်အနေဖြင့် စိုက်ဧက ၄ ဒသမ ၆၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ ထုတ်လုပ်မှုပမာဏ ၁ဒသမ ၂၁ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းကြောင်း၊ ပြောင်းဖူးအနေဖြင့် စိုက်ဧက ၁ ဒသမ ၆၆ ရာခိုင်နှုန်း လျော့ကျခဲ့ပြီး၊ ထုတ်လုပ်မှု ၉ ဒသမ ၆၄ ရာခိုင်နှုန်း လျော့ကျမည်ဟု ခန့်မှန်းထားကြောင်း၊ ပဲသီးနှံအနေဖြင့် ပဲတီစိမ်းစိုက်ဧကမှာ ၇ ဒသမ ၉၅ ရာခိုင်နှုန်းတိုးပြီး ထုတ်လုပ်မှုမှာ ၂၆ ဒသမ ၀၇ ရာခိုင်နှုန်း ထိ သိသိသာသာ တိုးမည်ဟု ခန့်မှန်းကြောင်း၊ ပဲစင်းငုံအနေဖြင့် စိုက်ဧက ၅ ဒသမ ၁၀ ရာခိုင်နှုန်းတိုးပြီး၊ ထုတ်လုပ်မှု ၃ ဒသမ ၀၆ ရာခိုင်နှုန်း တိုးနိုင်ကြောင်း၊ မတ်ပဲ စိုက်ဧကမှာမူ ယခင်နှစ်အောက် ၉ ဒသမ ၅၂ ရာခိုင်နှုန်းလျော့နည်းပြီး၊ ထုတ်လုပ်မှု ပမာဏ ၁ ဒသမ ၈၉ ရာခိုင်နှုန်းခန့် ကျဆင်းမည်ဟု အသီးသီးခန့်မှန်းထားကြောင်း၊ စုစုပေါင်း Kharif ရာသီပဲသီးနှံစိုက်ဧကနှင့် ထုတ်လုပ်မှုပမာဏအနေဖြင့်မူ ပြီးခဲ့သည့်နှစ်အောက် ၃ ဒသမ ၇၅ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၈ ရာခိုင်နှုန်းတို့ အသီးသီး ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားပါသည်။

ဆီထွက်သီးနှံအနေဖြင့်လည်း ထုတ်လုပ်မှုပမာဏ ၃ ဒသမ ၉၂ ရာခိုင်နှုန်း ကျဆင်းနိုင်ဖွယ်ရှိကြောင်း၊ သီးနှံအမယ်အားဖြင့် ပန်းနှမ်း၊ ကြက်ဆူ၊ မြေပဲ၊ နေကြာတို့မှာ ၅၀ ဒသမ ၆၇၊ ၂၈ ဒသမ ၄၉၊ ၂၁ဒသမ ၈၄ ရာခိုင်နှုန်းနှင့် ၁၇ ဒသမ ၃၆ ရာခိုင်နှုန်း အသီးသီးကျဆင်းမည်ဟု ခန့်မှန်းထားပြီး ၊ ဆီထွက်သီးနှံများအနက် ပဲပုပ်သီးနှံတစ်ခုတည်းသာ ထုတ်လုပ်မှုပမာဏ ၁၂ ဒသမ ၂၀ ရာခိုင်နှုန်းခန့် တိုးမြင့်ဖွယ်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ငွေဖြစ်လွယ်သော သီးနှံများဖြစ်သည့် ကြံထုတ်လုပ်မှုမှာမူ ယခင်နှစ်ထက် ၁၀ ဒသမ ၁၁ ရာခိုင်နှုန်းခန့် တိုးလာနိုင်ပြီး ဂုန်လျှော်နှင့် ဝါဂွမ်းတို့မှာ သုညဒသမ ၁၅ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၈၄ ရာခိုင်နှုန်းခန့်ကို အသီးသီးလျော့နည်းကျဆင်းနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**

## အမေရိကန်ပြည်ထောင်စု၏ အီရန်အပေါ် စီးပွားရေးဆိုင်ရာပိတ်ဆို့မှုများ ပြန်လည်စတင်လိုက်ခြင်းကြောင့် တောင်ကိုရီးယား-အီရန် ကုန်သွယ်ရေး ထိခိုက်မှုရှိနေ

အရှေ့အလယ်ပိုင်းနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ အရေးယူပိတ်ဆို့မှုများ ပြန်လည် စတင်လိုက်ခြင်းကြောင့် ၂၀၁၈ ခုနှစ်တွင် အီရန်နှင့် တောင်ကိုရီးယား၏ ကုန်သွယ်ရေးသည် ကျဆင်းလျက်ရှိကြောင်း၊ လာမည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် အဆိုပါ အရေးယူပိတ်ဆို့မှုများသည် ပိုမို အားကောင်းလာမည်ဖြစ်သည့်အတွက် ကုန်သွယ်မှု ပိုမိုကျဆင်းနိုင်ဖွယ်ရှိကြောင်း သိရှိရပါသည်။

ကိုရီးယား နိုင်ငံတကာကုန်သွယ်ရေးအဖွဲ့အစည်း (KITA) မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ တောင်ကိုရီးယားမှ အီရန်သို့ ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂ဒသမ ၀၈ ဘီလီယံရှိပြီး၊ ယခင်နှစ်ကာလတူထက် ၂၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၅ ဘီလီယံရှိပြီး၊ ယခင်နှစ်ကာလ တူထက် ၂၃ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းကြောင်းနှင့် ကုန်သွယ်ရေးလိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈ ဘီလီယံ ပေါ်ပေါက်ခဲ့ကြောင်း သိရှိရပါသည်။

အီရန် အပေါ် အမေရိကန် ၏ အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ခဲ့သည့်အတွက် ဩဂုတ်လတွင် တောင်ကိုရီးယားမှ အီရန်သို့ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာသန်း ၁၄၀ ၊ ၄၁ ဒသမ ၆ ရာခိုင်နှုန်းထိ ရုတ်တရက် ကျဆင်းခဲ့ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုမှာ စိုးရိမ်ဖွယ် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

အီရန်သို့ ဘွိုင်လာစက်ပစ္စည်းများတင်ပို့မှု ၁၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းနည်းတူ မော်တော်ကားတင်ပို့မှုသည်လည်း ၂၉ ဒသမ ၄ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း၊ ထို့ပြင် ပလတ်စတစ်ပစ္စည်းနှင့် သံမဏိတင်ပို့မှုများသည် ၃၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၉၃ ဒသမ ၆ ရာခိုင်နှုန်းထိ အသီးသီး လျော့ကျခဲ့ကြောင်း ဖော်ပြထားပါသည်။

ဩဂုတ်လတွင် သွင်းကုန်တင်သွင်းမှုသည် အမေရိကန်ဒေါ်လာသန်း ၁၄၀၊ ၆၇ ဒသမ ၈ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ တောင်ကိုရီးယားက အီရန်မှ တင်သွင်းခဲ့သည့် သွင်းကုန်စုစုပေါင်းတန်ဖိုး၏ ၉၆ ဒသမ ၄ ရာခိုင်နှုန်းသည် ရေနံဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁ ဘီလီယံထိ ရှိကြောင်း၊ ရေနံတင်သွင်းမှုမှာ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာသန်း ၄၇၀ ရှိခဲ့ရာမှဩဂုတ်လတွင်အမေရိကန်ဒေါ်လာသန်း ၁၅၀ ထိ တင်သွင်းမှု ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

ရေနံဆီ၊ သင်္ဘောတည်ဆောက်ရေး၊ သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍများအပေါ် သက်ရောက်မည့် အမေရိကန်ပြည်ထောင်စု၏ အရေးယူပိတ်ဆို့မှုများသည် နိုဝင်ဘာလ ၅ ရက်မှစ၍ ပိုမို အားကောင်း၍ အသက်ဝင်လာပါက နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကိုပိုမိုထိခိုက်မှုရှိမည်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်း စာရင်းအရ အီရန်နှင့် ကုန်သွယ်မှုဆောင်ရွက်နေသည့် တောင်ကိုရီးယားကုမ္ပဏီ စုစုပေါင်း ၂၆၇၁ ခု ရှိကြောင်း KITAက ထုတ်ပြန်ထားပါသည်။

**မြတ်သန္တာနွယ်**

## တရုတ်နိုင်ငံ၏ Anti-dumping Duty ကောက်ခံမှုနှင့်ပတ်သက်၍ အငြင်းပွားမှု ဖြေရှင်းပေးရန် ကနေဒါနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြ

တရုတ်နိုင်ငံအနေဖြင့် ကနေဒါနိုင်ငံမှတင်သွင်းသည့် Cellulose Pulp သွင်းကုန်များအပေါ် Anti-dumping Duty ကောက်ခံမှုမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Anti-dumping Agreement နှင့် General Agreement on Tariffs and Trade (GATT) 1994 တို့နှင့် ကိုက်ညီမှုမရှိသဖြင့် အငြင်းပွားမှုဖြေရှင်းပေးရန် ကနေဒါနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် တင်ပြထားပြီဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကနေဒါနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Dispute Settlement Body ဥက္ကဋ္ဌထံသို့ ကုန်သွယ်မှုအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ သဘောတူညီချက်၏ Article (4.4) အရ ပထမအဆင့်အနေဖြင့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု (Consultation) ပြုလုပ်ပေးနိုင်ရေး တရားဝင်အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း သိရှိရပါသည်။

**ညီညီအောင် (WTO သံမှူး)**

## ဘီလပ်မြေတင်သွင်းမှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံမှ Safeguard Investigation လုပ်ငန်းစဉ် စတင် ပြုလုပ်နေမှုအား အကြောင်းကြား

ဖိလစ်ပိုင်နိုင်ငံသည် ဘီလပ်မြေ တင်သွင်းမှုများနှင့် ပတ်သက်၍ Safeguard Measures ကျင့်သုံးသွားနိုင်ရန် ရည်ရွယ်လျက် ၎င်းသွင်းကုန်နှင့် ပတ်သက်သော Safeguard Investigation ပြုလုပ်သည့် လုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်တွင် စတင်ခဲ့မှုအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ Committee on Safeguard ၏ ဥက္ကဋ္ဌထံသို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်၌ Notification ပြုလုပ်ခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Safeguard Agreement အောက်ရှိ Article 12.1(A) အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တင်သွင်းလာသောသွင်းကုန်ပစ္စည်းကြောင့် မိမိတို့၏ ပြည်တွင်းလုပ်ငန်းများအပေါ် ဆိုးရွားစွာ ထိခိုက်နစ်နာမှုများရှိကြောင်း ကနဦးအနေဖြင့် သုံးသပ်တွေ့ရှိရပါက မည်သည့် အတိုင်းအတာအထိ ထိခိုက်နစ်နာမှုများရှိကြောင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြနိုင်ရေးအတွက် ဦးစွာ Safeguard Investigation ပြုလုပ်ခွင့်ရှိပါသည်။ အဆိုပါ Safeguard Investigation တွင် တွေ့ရှိ ဖော်ထုတ်ချက်များအရ ပြည်တွင်းလုပ်ငန်းများအပေါ် ဆိုးရွားစွာ ထိခိုက်နစ်နာမှုများရှိကြောင်း အခိုင်အမာတင်ပြနိုင်ပါက ယင်းသွင်းကုန်ပစ္စည်းအား အလွယ်တကူတင်သွင်းခွင့်မရှိအောင် Safeguard Measures ကို ယာယီချမှတ်ကျင့်သုံးခွင့်ရှိပါသည်။

ကုန်သွယ်မှု အားကောင်းသော ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ၎င်းတို့မှ တင်သွင်းလျက်ရှိသော အရေးကြီး ကုန်စည်တစ်ခုချင်းအလိုက် ပြည်တွင်းထုတ်လုပ်မှုအပေါ် မည်သည့် အတိုင်းအတာအထိ သက်ရောက်မှုရှိကြောင်းကို အမြဲစောင့်ကြည့်လေ့လာသုံးသပ်လျက်ရှိပြီး ၎င်းတို့၏ အကျိုးစီးပွားထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Safeguard Agreement အရ ခွင့်ပြုထားသော Safeguard Measures ကို ထိထိရောက်ရောက် အသုံးပြုကာ ၎င်းတို့၏အကျိုးစီးပွားကို ကာကွယ်ရန် ကြိုးစားကြကြောင်း တွေ့ရှိရပါသည်။

**ညီညီအောင် ( WTO သံမှူး)**

# WHITE UNICORN Trading.,Ltd.

## White Unicorn Services



လူကြီးမင်းတို့၏ သွင်းကုန်နှင့်ထုတ်ကုန် ပစ္စည်းများကို
ရိုးရှင်း လျင်မြန်စွာဖြင့် အကောက်ခွန်အပိုင်း၊ ဆိပ်ကမ်းအပိုင်း
ထုတ်ယူဆောင်ရွက်ပေးပြီး လူကြီးမင်းတို့၏ စိတ်တိုင်းကျ
ဝန်ဆောင်မှု ပေးနေပါသည်။
လက်ရှိလုပ်ကိုင်နေသော လူကြီးမင်း၏ သွင်းကုန်၊ ထုတ်ကုန်
လုပ်ငန်းစဉ်များတွင် စိတ်တိုင်းကျမှု မရှိခဲ့ပါလျှင်
ကျွန်တော်တို့ White Unicorn Service
လုပ်ငန်းမှ လျင်မြန်သွက်လက်ပြီး အတွေ့အကြုံရှိသော
ဝန်ထမ်းများဖြင့် ကူညီဖြေရှင်းပေးပါရစေ။

No.106, 2nd floor, 39th Street, Lower Block, Kyauktada Township, Yangon, Myanmar
Hp : 09 49592083, 0973206575, 01370936, Email : wucorn.agent@gmail.com

ဗုဒ္ဓ ဓမ္မ သံဃ

# ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်


## BHOME YAUNG CHI TRADING CO.,LTD





ကြေးမုံစိမ်းတိုက်တန်း၊ အခန်း(၅)(ရုံးခွဲ)၊ (၁၀၅)မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

Ph: 09-5232379, 09-73222618, 09-403709680, 092028135, 15388824935


PYEI PHYO AUNG CO., LTD.
Office : No.74, Wadan St, Lanmadaw Township, Yangon, Myanmar.
Phone No. : +95 1 228584, 211124, 223097, 2316119, 2316260
Fax No. : +95 1 211821
E-mail : ppaoffice@gmail.com
Website : www.ppagroups.com


car
WUN YAN KHA
SERVICES COMPANY LIMEITED
SALE CENTER
မှန်ကန်သောစေတနာ
ပြည့်ဝသောအရည်အသွေး
ထိုက်တန်သောဈေးနှုန်း
ကောင်းမွန်သောဝန်ဆောင်မှု
ဝန်းရံခ ကားအရောင်းစင်တာမှ
ဝယ်ယူသူမိတ်ဟောင်းမိတ်သစ်များအား
အထူးကျေးဇူးတင်ရှိပါသည်
Facebook page : ဝန်းရံခ
website :www.wunyankhamoters.com
အမှတ် (၁) ဗဟိုလမ်းမကြီး လှိုင်ရတနာပရိယတ္တိစာသင်တိုက်ဘေး ဘုတာရုံလမ်းနှင့်ပါရမီလမ်းကြား သံလမ်းမှတ်တိုင်အနီး (၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့
Ph: 09-5022577,09-5031480, 09-977109893, 09-455022577
website :www.wunyankhamoters.com

# COMMERCE INTERNATIONAL

# ၂၀၃၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ အလုပ်သမား ခြောက်သန်းကျော် လိုအပ်မည်



၂၀၃၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ အလုပ်သမား ၆ ဒသမ၄၄ သန်း လိုအပ်နိုင်ကြောင်းနှင့် ထိုပြဿနာကြောင့် လုပ်ခတိုးမြင့်ခြင်း၊ ကလေးသူငယ် စောင့်ရှောက်ရေးနှင့် အလုပ်သမား တည်ငြိမ်ရေးအတွက် အခြားအရေးပါသော အလုပ်သမားဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်း စသည့် အစီအစဉ်များကို ဆောင်ရွက်ပေးရတော့မည် ဖြစ်ကြောင်း ပါဆောသုတေသနနှင့်အတိုင်ပင်ခံအဖွဲ့နှင့် ချူအိုတက္ကသိုလ်တို့က အောက်တိုဘာ ၂၅ ရက်တွင်ပူးတွဲထုတ်ပြန်သည့် စစ်တမ်းအစီရင်ခံစာကို ကိုးကား၍ နီကေးသတင်းတွင် ဖော်ပြသည်။

အဆိုပါ အလုပ်သမားလိုအပ်ချက်သည် ၂၀၁၇ ခုနှစ်က ရှိခဲ့သော ဂျပန်နိုင်ငံ လူဦးရေ၏ ၅ ရာခိုင်နှုန်းရှိပြီး ထိုနှစ်ကရှိခဲ့သော အလုပ်သမား လိုအပ်ချက်ဖြစ်သည့် ၁ ဒသမ ၂၁ သန်းနှင့်နှိုင်းယှဉ်ပါက ငါးဆနီးပါးရှိကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြောသည်။

၂၀၃၀ ပြည့်နှစ်တွင် ခန့်ထားရန် လိုအပ်သည့် အလုပ်သမားအရေအတွက်မှာ ၇၀ ဒသမ ၇၃ သန်းရှိပြီး အလုပ်သမား ရနိုင်မည့်အရေအတွက်မှာ ၆၄ ဒသမ ၂၉ သန်းသာရှိနိုင်မည်ဖြစ်ကြောင်း စစ်တမ်းအစီရင်ခံစာတွင် ခန့်မှန်းသည်။ အလုပ်သမားလုပ်ခမှာ ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၃၀ ပြည့်နှစ်တွင် ၁၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာနိုင်သည်။ အကယ်၍ လုပ်ခကို တိုးမြှင့်မပေးပါက အလုပ်သမားလိုအပ်ချက်သည် ၁၀ သန်းအထိရောက်ရှိလာနိုင်ကြောင်း ချူအိုတက္ကသိုလ်မှ ဘောဂဗေဒပါမောက္ခ မာဆာဟီရိုအာဘေးက ပြောသည်။

ဂျပန်နိုင်ငံ၏ အလုပ်သမားရှားပါးမှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် အမျိုးသမီးများ၊ အသက်အရွယ်ကြီးသူများနှင့် နိုင်ငံခြားသားများကို အလုပ်လုပ်စေရန် အားပေးသင့်ကြောင်း ပါဆောနှင့် ချူအိုတို့က ပြောသည်။ ကလေးမွေးဖွားမှုကြောင့် အလုပ်အကိုင် ခန့်ထားမှု အတက်အကျဖြစ်သည့် အခြေအနေကို အဆုံးသတ်ရမည်ဖြစ်ကြောင်း ပါဆောသုတေသနဌာန အကြီးအကဲ ချီယာကီတာအိက ပြောသည်။ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ပါက အလုပ်သမားဦးရေ တစ်သန်းကို ထပ်မံဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ကလေးငယ် ၁ ဒသမ ၁၆ သန်းကိုကလေးထိန်းစင်တာများတွင်စောင့်ရှောက်ထားနိုင်မည်ဆိုပါက အလုပ်သမားဦးရေ ၁ ဒသမ ၀၂ သန်းပိုမိုလာနိုင်ကြောင်း ၎င်းကပြောသည်။

အငြိမ်းစားယူသော အသက်အရွယ်ကိုတိုးမြှင့်ပေးခြင်းနှင့် အသက်အရွယ်ကြီးသူများ အလုပ်လုပ်ကိုင်နိုင်မည့် အခြားအစီအစဉ်များကို ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်သမား ၁ ဒသမ ၆၃ သန်း ထပ်မံတိုးမြှင့်ပေးနိုင်ကြောင်း စစ်တမ်းတွင်ဖော်ပြ သည်။ ထို့ပြင် နိုင်ခြားသားများကိုတိုးမြှင့်ခေါ်ယူမည့်အစိုးရ၏ အစီအစဉ်ကို အရှိန်မြှင့် ဆောင်ရွက်မည်ဆိုပါက နောက်ထပ် နိုင်ငံခြားသား အလုပ်သမား ၈၁၀၀၀၀ ထပ်မံ တိုးတက်လာနိုင်ကြောင်းအစီရင်ခံစာတွင်ဖော်ပြသည်။

## အိုင်စီတီစက်မှု လုပ်ငန်းဌာန တည်ထောင်ရန် ဗီယက်နမ် ကြိုးပမ်း

ဗီယက်နမ်နိုင်ငံထုတ် တာမင်နယ်ကိရိယာများကို တိုးမြှင့် ထုတ်လုပ်ရန်နှင့် အီလက်ထရွန်းနစ်လုပ်ငန်းကို တိုးမြှင့်ရန်အတွက် အိုင်စီတီစက်မှုလုပ်ငန်းဌာနကို ထူထောင်ရန် ဝန်ကြီးချုပ်က ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို မူအားဖြင့် ခွင့်ပြုချက်ထုတ်ပေးထားပြီးဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံ စသည့် အိုင်စီတီဖွံ့ဖြိုးပြီးဖြစ်သည့် နိုင်ငံများတွင် အိုင်စီတီကိုမြှင့်တင်ပေးသည့်ဌာနများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဝန်ကြီးချုပ် ငုယင်ဇွမ်ဖတ်တက်ရောက်သော မကြာမီကကျင်းပခဲ့သည့်အစည်းအဝေးတွင် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဤဌာနများ၏ လုပ်ငန်းတာဝန်များမှာ မူဝါဒများကိုချမှတ်ပြီး စီမံခန့်ခွဲမှုလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရုံသာမက အိုင်တီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိုင်တီထုတ်ကုန်များ ဈေးကွက်ချဲ့ထွင်ရေးကို အထောက်အကူပြုရန်နှင့် အဆိုပါကဏ္ဍများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းများအား အထောက်အကူပေးရန်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

ဤဌာနများသည် နိုင်ငံခြားတိုင်းပြည်များတွင် အိုင်တီစီးပွားရေးလုပ်ငန်းများ ထူထောင်ရာတွင် တိုးတက်ကောင်းမွန်အောင်ကူညီပေးခြင်း၊ နည်းပညာများအတွက် စစ်တမ်းကောက်ယူခြင်း၊ သုတေသနပြုခြင်းနှင့် လေ့လာဆန်းစစ်ခြင်းများကိုပြုလုပ်ပေးခြင်း၊ လူသားအရင်းအမြစ် အရည်အသွေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းနှင့် ကုန်သွယ်တိုးတက်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် အထူးထုတ်လုပ်မှုနယ်ပယ်များကို သတ်မှတ်ပေးရန်တာဝန်ရှိသည်။

သို့သော်လည်း ဌာနတည်ထောင်ရန်လိုအပ်သော စံနှုန်းသတ်မှတ်ချက်များကို ရေးဆွဲရန် ဝန်ကြီးဌာနအားဝန်ကြီးချုပ်ကတာဝန်ပေးအပ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် အချောသတ်ထုတ်လုပ်သော ကိရိယာများကိုတိုးမြှင့်ထုတ်လုပ်ရန်နှင့် အမျိုးသားကာကွယ်ရေး၊ Internet of Things နှင့်စတုတ္ထစက်မှုတော်လှန်ရေးစသည်တို့ အပါအဝင် အီလက်ထရွန်းနစ် စက်မှုလုပ်ငန်းကိုမြှင့်တင်နိုင်ရေးတို့အတွက်အိုင်စီတီစက်မှုလုပ်ငန်းဌာနတည်ထောင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းဝန်ကြီးဌာနက ဩဂုတ်လစောစောပိုင်းတွင် ပြောကြားခဲ့သည်။

## ကုန်သွယ်ရေးစစ်ပွဲကြောင့် စင်ကာပူစီးပွားရေး ကျဆင်းနိုင်ကြောင်း ဗဟိုဘဏ် သတိပေး

အမေရိကန် ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ ဖြစ်ပွားနေသော ကုန်သွယ်ရေးအငြင်းပွားမှု ပြင်းထန်လာသည့်အတွက် လောလောဆယ်တွင် စင်ကာပူပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးမှုကို အနည်းငယ်သာ ထိခိုက်သော်လည်း လာမည့်လများတွင် ပိုမိုဂယက်ရိုက်ခတ်လာနိုင်သည်ဟု စင်ကာပူဗဟိုဘဏ်က အောက်တိုဘာ ၂၆ ရက်က သတိပေးလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့ကုန်သွယ်မှု အချက်အချာနှင့် ငွေကြေးဗဟိုဌာနဖြစ်သော စင်ကာပူနိုင်ငံ၏ ပို့ကုန်သည် ထုတ်လုပ်မှု၏ ၂၀၀ ရာခိုင်နှုန်း ဝန်းကျင်ရှိသဖြင့် ကမ္ဘာ့စီးပွားရေး၏ ရှေ့ဆောင်သဖွယ်ဖြစ်နေသည်။

စင်ကာပူနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံနှစ်ခု အခွန်အကောက်ဆိုင်ရာ အငြင်းပွားမှုကြောင့် တုံ့ပြန်မှုများရှိလာမည်ကို ယခုနှစ် နှစ်စကတည်းက စင်ကာပူ နိုင်ငံရေးသမားများနှင့် မူဝါဒရေးဆွဲသူတို့က သတိပေးခဲ့ကြသည်။ အမေရိကန်အစိုးရသည် လွန်ခဲ့သည့်လက တရုတ်ကုန်ပစ္စည်း တန်ဖိုးအမေရိကန်ဒေါ်လာ သန်း ၂၅၀ အပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံရန် ပြဋ္ဌာန်းခဲ့သဖြင့် တရုတ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ လွန်ခဲ့သော ၁၀ နှစ်နီးပါးကာလအတွင်း အနှေးကွေးဆုံးဖြစ်ခဲ့သည်။

“ဒီကနေ့အထိတော့ ကုန်သွယ်ရေး အငြင်းပွားမှုက စင်ကာပူနိုင်ငံ စီးပွားရေးအပေါ် ဂယက်ရိုက်ခတ်မှုက နည်းနည်းပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ဖိတ်လျှံအကျိုးသက်ရောက်မှုက ယခုနှစ်ကုန်လောက်ကစပြီး နောက်ပိုင်းမှာ ပိုမိုဆိုးရွားလာနိုင်ပါတယ်” ဟု စင်ကာပူနိုင်ငံ၏ ဗဟိုဘဏ်တာဝန်ကို ထမ်းဆောင်နေရတဲ့ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့၏ စီးပွားရေးသုံးသပ်ချက်တွင် ဖော်ပြထားသည်။ ဤအခြေအနေများကြောင့် လာမည့်သုံးလပတ်များတွင်လည်း စီးပွားရေးတိုးတက်နှုန်းကျဆင်းမည့် အန္တရာယ်များရှိကြောင်းလည်း သုံးသပ်ထားသည်။



စင်ကာပူ တိုးတက်မှုနှုန်းသည် ၂၀၁၈ ခုနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းအတွင်း ရှိနိုင်ပြီး ၂၀၁၉ ခုနှစ်တွင် အနည်းငယ်ကျဆင်းနိုင်သည်။

ကမ္ဘာ့ကုန်ထုတ်လုပ်မှု ကွင်းဆက်တွင် တရုတ်နိုင်ငံနှင့် ချိတ်ဆက်ထားသည့်အတွက် စင်ကာပူကုန်ထုတ်လုပ်မှုကဏ္ဍ၏ ကျောရိုးသဖွယ်ဖြစ်သော အီလက်ထရွန်းနစ် ထုတ်လုပ်မှုသည် စိုးရိမ်ရသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း ဗဟိုဘဏ်က ပြောသည်။

စံမီအောင် စုစည်းသည်

**Don't use plastic and Be fantastic**
**ပတ်ဝန်းကျင် သာယာလှပစေရေး**
**ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။**